သင့်လှ
တေးဆိုငှက်ဒဏ္ဍာရီ

မြန်မာပြန်သည်



HARUKI MURAKAMI

The Wind-Up Bird Chronicle

(၁)
အင်္ဂါနေ့လည် တေးဆိုင့်ကင်ယ်
လက်ချောင်းခြောက်ချောင်းနှင့် သားမြတ်လေးလုံး

တယ်လီဖုန်းသံမြည်လာတဲ့ အချိန် ကျွန်တော်က မီးဖိုခန်းထဲမှာ လေ။ စပါဂတ်တီ ခေါက်ဆွဲကို ပြုတ်ရင်း ရေဒီယိုကလာနေတဲ့ ရော့စ်စနီရဲ့ ခိုးခံလိုက်ရတဲ့ မက်ပိုင်းမုန့်များ တေးသွားကို လေချွန်လို့ ပေါ့။ အီတလီစာ ပက်စတာကို ချက်ပြုတ်ပြင်ဆင်ဖို့ အတွက် အကောင်းဆုံးဂီတပေါ့။ ခုတော့ လွယ်လွယ်ကူကူ စပါဂတ်တီပဲ တော်ပါပြီ။ စပါဂတ်တီက နူးခါနီး၊ ဂီတသံကလည်း အထွတ်အထိပ်ကို ရောက်နေတုန်းအချိန်မို့ ပထမတော့ ဖုန်းမကိုင်တော့ဘူးလို့ ဘဲ။ နောက်ကျတော့လည်း တစ်ယောက်ယောက်က အလုပ်ကိစ္စ ဆက်နေရင် ဘယ်လိုလုပ်မလဲလို့ အတွေးပေါက် လာပြီး ကမန်းကတန်း ပြေးကိုင်လိုက်မိတယ်။

"ဆယ်မိနစ်လောက်ပါပဲနော်၊ ကျေးဇူးပြုပြီး ဆယ်မိနစ်ကလေးထဲပါရှင် တစ်ဖက်က ပြောလိုက်တဲ့ မိန်းမသံကို ကြည်ကြည်လင်လင်ပဲ ကြားလိုက်ရတယ်။ ကျွန်တော်က လူတွေရဲ့ အသံကို အတော်မှတ်မိတဲ့ ကောင်။ ဒီမိန်းမအသံကို တစ်ခါမှ မကြားဖူးတာသေချာတယ်။"

"ခဏလေးပါ၊ ခင်ဗျား ဘယ်သူ့ကို ဖုန်းခေါ်တာလဲဗျာ၊ ဘယ်သူနဲ့ ပြောချင်လို့ လဲ"

"ရှင်နဲ့ ပေါ့ ရှင်ရယ်။ ရှင့်ဆီကို ခေါ်တာပေါ့၊ ဆယ်မိနစ်လောက်ပဲ

နားထောင်ပေးပါ။"

"ကျွန်မတို့ တစ်ယောက်အပေါ်တစ်ယောက် နားလည်နိုင်ဖို့ ဆယ်မိနစ်ဆိုရပါပြီ"

သူ့အသံက တိုးတိုး ချိုချိုလေး၊ ဒါပေမယ့် အသိရခက်တဲ့ အသံမျိုးပဲ။

"တစ်ယောက်ကိုတစ်ယောက် နားလည်နိုင်ဖို့ ၊ ဟုတ်လားဗျာ"

"အင်းလေ ... ခံစားချက်တွေ ဖလှယ်ဖို့ ပေါ့"

မီးဖိုထဲ ချောင်းကြည့်လိုက်တယ်။ စပါဂတ်တီအိုးဟာ အငွေ့တထောင်းထောင်း၊ ခိုးခံလိုက်ရတဲ့ မုန့်များ တေးသွားကလည်း လေထဲမှာ ငြိမ့်ငြိမ့်ညောင်းညောင်း။

"ဆောရီးဗျာ၊ ကျွန်တော်ခု စပါဂတ်တီချက်နေလို့ ပါ။ ဘာပဲဖြစ်ဖြစ် နောက်မှ ပြန်ဆက်ပါလား"

"အို ... မနက် ဆယ်နာရီခွဲကို စပါဂတ်တီချက်နေတယ်၊ ဟုတ်လား၊ ယောကျ်ားကြီး တစ်ယောက်ကလေ"

"ဒါ ခင်ဗျားအလုပ်မဟုတ်ပါဘူး၊ ကျွန်တော် စားချင်တာ ကျွန်တော်ချက်မှာ ပေါ့"

"အင်း ... ဟုတ်တာပေါ့။ ဒါဆို နောက်မှ ပြန်ခေါ်မယ်နော်"

သူ့အသံက ခုနကလို မချိုတော့ဘူး။ နည်းနည်း ခပ်တည်တည်ဖြစ်သွားသလိုပဲ။ ဒီလိုပါပဲ။ မုဒ်ပြောင်းသွားရင် လူတွေမှာ သံနေသံထားပြောင်းသွားတတ်တယ်လေ။ သူဖုန်းမချခင် ကျွန်တော် ကမန်းကတန်းပြောလိုက်တယ်။

"ခဏလေး၊ ခင်ဗျား ကျွန်တော့်ကို ပစ္စည်းတစ်ခုခုရောင်းဖို့ ဆိုရင်

တော့ ပြန်မဆက်နဲ့ တော့။ ကျွန်တော်က အလုပ်လက်မဲ့ဗျ၊ ဘာပစ္စည်းမှ မဝယ်နိုင်ဘူး"

"မပူပါနဲ့ ရှင်ရယ်။ ကျွန်မ သိပါတယ်"

"သိတယ်။ ခင်ဗျားက ဘာကိုသိတာလဲ"

"ရှင်အလုပ်လက်မဲ့ဖြစ်နေတယ်ဆိုတာကိုပေါ့။ ကဲပါ ... သွား၊ သွား၊ ရှင့်ရဲ့ အဖိုးတန် စပါဂတ်တီကို သွားချက်ချေလေ"

"နေပါဦး ... ခင် ... ခင်ဗျား ..."

ဖုန်းချသွားပြီ။ လက်ထဲက ဖုန်းကို ငေးနေရင်း စပါဂတ်တီကို သတိရလာတယ်။ မီးဖိုခန်းထဲ ပြန်ဝင်တယ်။ ဂတ်စ်မီးဖိုကို ပိတ်တယ်။ သောက်ဖုန်းလာတာနဲ့ နည်းနည်းတောင် ပျော့သွားပြီ။

ကျွန်တော် စားရင်းနဲ့ စဉ်းစားနေမိတယ်။ တစ်ယောက်နဲ့ တစ်ယောက် နားလည်ဖို့ ၊ ခံစားချက်တွေဖလှယ်ဖို့ အချိန်ဆယ်မိနစ်တဲ့ ။ သူ ဘာတွေပြောသွားတာလဲ။ ဖုန်း သရဲမလား။ အရောင်းစာရေးမလား။ အို ... ထားလိုက်ပါတော့။

နေ့လည်စာစားပြီးတော့ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ စာအုပ်တစ်အုပ်ကိုင်ပြီး ထိုင်ရင်း ဟိုငေးဒီငေးနဲ့ တစ်ချက် တစ်ချက် ဖုန်းကိုလည်း ကြည့်နေမိတယ်။ ဆယ်မိနစ်နဲ့ တစ်ယောက်နဲ့ တစ်ယောက် ခံစားချက်တွေဖလှယ်ပြီး အပြန်အလှန် နားလည်ဖို့ ဆိုပဲ။ ဆယ်မိနစ်ဆိုတဲ့ အချိန်ကလေးနဲ့ ဘယ်နယ့်လုပ် အပြန်အလှန်နားလည်နိုင်ပါ့မလဲ။ ဘာဖြစ်လို့ သူ့ပါးစပ်က ပထမဆုံးထွက်လာတဲ့ စကားဟာ အဲဒီစကားဖြစ်နေရတာလဲ။ တစ်ယောက်ကို တစ်ယောက် နားလည်ဖို့ ကိုးမိနစ်ဆိုရင် တိုလွန်းပြီး ဆယ့်တစ်မိနစ်ဆိုရင် ရှည်လွန်းနေသလား။ ကိုယ်လိုချင်တဲ့ အခြေအနေရ

အောင် စပါဂတ်တီကို ချိန်ဆချက် ရသလို နေမှာ ပေါ့လေ။

ဒါနဲ့ ပဲ စာဆက်မဖတ်နိုင်တော့ဘူး။ ရုပ်အင်္ကျီတွေ မီးပူထိုးမယ်ကွာ။ ဒီလိုပဲ စိတ်ထဲမယ် ခိုးလိုးခုလုဖြစ်တိုင်း လုပ်လေ့ရှိတဲ့ ကျွန်တော့်ရဲ့ အကျင့်တစ်ခုပေါ့။ အမြဲတမ်း အင်္ကျီမီးပူတိုက်တိုင်း အဆင့်ဆယ့်နှစ်ဆင့်တိုက်လေ့ရှိတယ်။ ကော်လံဖျားကနေ ဘယ်ဖက်လက်ဖျားထိပေါ့။ ဘယ်တော့မှ မပြောင်းလဲဘူး။ အမြဲတမ်း ဒီအတိုင်းပဲ ကျွန်တော်လုပ်လေ့ရှိတယ်။ အင်္ကျီသုံးထည် မီးပူတိုက်လိုက်တယ်။ တွန့်တဲ့ ကြေတဲ့ နေရာတွေ ရှိသေးလား ဖင်ပြန်ခေါင်းပြန်ကြည့်ပြီး မီးပူတိုက်ပြီးသား အင်္ကျီတွေကို ချိတ်နဲ့ ချိတ်လိုက်တယ်။ မီးပူတိုက်ပြီးတော့ စိတ်ထဲမှာ သရိုးသရီဖြစ်နေတာတွေ ရှင်းသွားတယ်။ ကျန်းမာပကတိ၊ ချမ်းသာအတိုပြန်ဖြစ်လာတယ်လေ။

ရေအေးအေးတစ်ခွက်သောက်ဖို့ မီးဖိုခန်းထဲအသွားမှာ ဖုန်းက ထမြည်လာပြန်တယ်။ တစ်စက္ကန့်လောက်ပဲ စိတ်ထဲမှာ တွေဝေသလိုဖြစ်သွားပေမယ့် ချက်ချင်း ကောက်ကိုင်လိုက်မိတယ်။ ခုနက မမ ဆယ်မိနစ်ပဲ ဆိုရင်တော့ ကျုပ်မီးပူတိုက်နေတယ်လို့ ပြောပြီး ဖုန်းချပစ်လိုက်မယ်လို့ ကြံထားတာ မဟုတ်ဘူး ဗျား။ ကူမီကို ဆက်တာဖြစ်နေတယ်။ နာရီလှမ်းကြည့်တော့ မနက် ဆယ့်တစ်နာရီခွဲ။

"ဘယ့်နယ့်တုန်း ကိုယ်တော်ချော၊ အဆင်ပြေရဲ့ လား" တဲ့ ။ မိန်းမအသံကို ကြားလိုက်ရတော့ စိတ်သက်သာသွားသလိုပဲ။

"ပြေပါ့ဗျား"

"ခု ဘာလုပ်နေလဲ"

"ခုပဲ မီးပူတိုက်ပြီးတာ"

"ဟယ် ... ဘာဖြစ်လို့ လဲဟင်"

ကူမီကို့အသံဟာ သိသိသာသာကို ပြောင်းသွားတယ်။ တစ်ခုခုဖြစ်မှ စိုးရိမ်တဲ့ အသံမျိုး။ ကျွန်တော်အတွက် မီးပူတိုက်တယ်ဆိုတာ အဆင်မပြေတာတစ်ခုခုရှိလို့ ဆိုတာ သူကောင်းကောင်း သိတယ်လေ။

"ဘာမှ မဖြစ်ပါဘူး။ ရုပ်အင်္ကျီတွေ မီးပူမတိုက်ရသေးလို့ လေ"

ဆိုဖာပေါ်ထိုင်ချလိုက်တယ်။ ဖုန်းကို ဘယ်လက်ကနေ ညာလက်ပြောင်းကိုင်လိုက် တယ်။

"ဘာတုန်းပြော"

"ဩော်... ကို ကဗျာများ ရေးနိုင်မလားလို့ "

ကဗျာ ! ကဗျာ၊ ကဗျာဆိုပဲ၊ ဘာတွေလာပြောနေပါလိမ့်။

"ဒီလိုလေ၊ မ က အမျိုးသမီး မဂ္ဂဇင်း ထုတ်ဝေသူတစ်ယောက်နဲ့ သိတယ်။ သူတို့ က စာဖတ် သူကဗျာလေးတွေကို စီစစ်ရွေးချယ်ပေးမယ့် ကဗျာ အယ်ဒီတာဆိုပါတော့၊ အဲဒါ လိုချင်တယ်တဲ့ ။ ကဗျာလည်း ရေးနိုင်ရမယ်၊ အချိန်ပိုင်းအလုပ်ပဲ၊ လစာလည်း မဆိုးဘူး၊ လွယ်လွယ်လေးပဲ။ ဒီတော့ ... "

"လွယ်လွယ်လေး ဟုတ်လား မိန်းမ၊ ကိုယ်က ဥပဒေနဲ့ အမှုအခင်းနဲ့ ပတ်သက်တဲ့ အလုပ်မျိုး ရှာနေတာလေကွာ၊ ဘယ့်နယ့် ကဗျာတဲ့ တုန်း"

" မဟုတ်ဘူး လေ၊ အထက်တန်းကျောင်းတုန်းက ကို ကဗျာတွေရေးသလားလို့ "

"ဟုတ်တယ်လေ၊ ကျောင်းနံရံကပ်စာစောင်တို့ ၊ ကျောင်းမဂ္ဂဇင်းတို့ မှာ လျှောက်ရေးတာပေါ့၊ ဘောလုံးပွဲနိုင် ဂုဏ်ပြုကဗျာတို့ ၊ လှေကားပေါ်

က ပြုတ်ကျလို့ ဆေးရုံ ရောက်သွားရှာတဲ့ ရူပဗေဒ ဆရာကြီးအကြောင်းတို့ ၊ ဒါတွေက ကဗျာစစ်စစ်မှ မဟုတ်ဘဲ မ ရယ်"

"အင်းလေ ...ခုမဂ္ဂဇင်းကလည်း အထက်တန်းကျောင်းသူတွေလောက် ဖတ်တဲ့ ဟာမျိုးပဲ ဥစ္စာ၊ စာပေတန်းဝင်တဲ့ မဟာကဗျာကြီးတွေ ရေးရတာမှ မဟုတ်ဘဲ ကိုရယ်။ လွယ်လွယ်လေးကို မျက်စိမှိတ်ပြီး တွေ့ရာကောက်ရေးလိုက်ရင်တောင် ရပါတယ်"

"ခက်ပါလား မ ရယ်။ ခု အရွယ်မှာ မျက်စိပိတ်ရေးရေး၊ ဖွင့်ရေးရေးရေးလို့ ကို မရတာဟေ့ ... ရှင်းပြီလား"

"ရှင်းပါပြီတဲ့ တော်၊ နောက်မပြောတော့ပါဘူး၊ ရှင်လိုချင်တဲ့ အလုပ်က ရှာရခက်တယ် မဟုတ်လား"

"အေးလေ ... ဒါပေမယ့် ဒီအပတ်ထဲတော့ တစ်ခုခု ထူးလိမ့်မယ်ထင်တာပဲကွာ၊ မဟုတ်ရင်တော့ တစ်ခြားတစ်ခုခု စဉ်းစားဦးမယ်"

"ပြီးရောလေ၊ နေဦး၊ ဒီနေ့ ဘာနေ့လဲ"

သူပြောမှ ပဲ တော်တော် စဉ်းစားလိုက်ရတယ်။

"အင်္ဂါလေ၊ ဘာဖြစ်လို့ လဲ"

"ဒါဆို ကို ဘဏ်သွားပြီး တယ်လီဖုန်းခွန်တို့ ၊ မီးခွန်တို့ သွားဆောင်မှာ မဟုတ်လား"

"အင်း ... ညစာအတွက်လည်း တစ်ခုခု ဝယ်ရဦးမယ်"

"ည ဘာချက်မှာ တုန်း ကို"

"မသိသေးဘူး၊ ဈေးဝယ်မှ ပဲ ကြည့်ဝယ်လိုက်တော့မယ်"

ကူမီကို အသံ ခဏတိတ်သွားတယ်။ ပြီးတော့ သူဆက်ပြောတယ်။

"ဒီမှာ ... အလောတကြီးတော့ မရရအောင် အလုပ်ရှာမနေနဲ့ နော်ကို"

ကျွန်တော် တော်တော်လေး အံ့သြသွားတယ်။ ဒီနေ့အဖို့ တော့ ကမ္ဘာပေါ်က ရှိသမျှမိန်းမတွေ ကျွန်တော့်ကို ဖုန်းထဲကနေ အံ့အားသင့်အောင် လုပ်နေကြသလား မသိ။

"ဘာဖြစ်လို့ လဲ မ၊ ကို အလုပ်မရှိဘဲ အကြာကြီးနေလို့ မဖြစ်ဘူးလေ"

"ဟုတ်ပါတယ်။ သိပ်မလောနဲ့ လို့ မက ပြောတာပါ။ စုထားဆောင်းထားတာလေးတွေ ရှိပါသေးတယ် ကိုရယ်၊ အလောတကြီး ဖုတ်ပူမီးတိုက်ဖြစ်မနေပါနဲ့ ၊ ဘာလဲ အိမ်အလုပ်လုပ်ရတာ ငြီးငွေ့နေပြီလား"

"သိပါဘူးကွာ"

စိတ်ထဲရှိသလို ရိုးရိုးသားသား ဖြေပစ်လိုက်တယ်။ တကယ်လည်း ငြီးငွေ့လား၊ မငြီးငွေ့လားတောင် မသိတော့ပါဘူး။

"ကို စဉ်းစားဦးပေါ့၊ ဒါနဲ့ ကလေး ပြန်ရောက်လာလား"

ကလေးဆိုတာ အိမ်ကကြောင်ကို သူပြောနေတာ။ ဒီတစ်မနက်လုံးကြောင်အကြောင်း မစဉ်းစားမိဘူး။

"ဟင့်အင်း ... ပြန်မလာသေးဘူး"

"ဟဲ့ ... ဒါဆို လိုက်ရှာကြည့်ဦးလေ ကို၊ ခုဆို ပျောက်နေတာ တစ်ပတ်လောက်တောင် ရှိနေပြီ"

ဖုန်းကို ဘယ်ဘက်လက် ပြောင်းကိုင်လိုက်တယ်။ ကူမီကိုကတော့ ပြောတုန်း။

"ကြည့်ရတာ လမ်းကြားထဲလျှောက်သွားရင်း အိမ်လွတ်ထဲမှာ သေနေရှာပြီထင်ပါရဲ့ "

"ဘယ်လို လမ်းကြားထဲလျှောက်သွားရင်း အိမ်လွတ် ဟုတ်လား"

"အင်း ...ဟိုင့်ကရပ်ကြီးနဲ့ အိမ်လေ"

"မင်းဘာတွေပြောနေတာလဲ"

"အဲ ... အဲ၊ မ လစ်တော့မယ် ကိုရေ၊ အလုပ်တွေ အများကြီးပဲ၊ ကြောင်ကိုလိုက်ရှာနော်"

ကူမီကို ဖုန်းချသွားပြီ။ ဖုန်းကို ငေးကြည့်မိပြန်တယ်။ ခဏနေမှ ဖုန်းခွက်ပေါ်ပြန်တင်လိုက်တယ်။ လမ်းကြားထဲမှာ တဲ့ ။ငှက်ရုပ်ကြီးနဲ့ အိမ်တဲ့ ။ အဲဒီသွားဖို့ က လွယ်တာ မဟုတ်ဘူး ၊ အုတ်တံတိုင်းအမြင့်ကြီးကို ကျားကုတ်ကျားခဲ ကျော်တက်ရမှာ ၊ ကူမီကို ဘာအတွေးတွေ ပေါက်နေပါလိမ့်။

ရေတစ်ခွက် ထပ်သောက်လိုက်တယ်။ ဝရံတာမှာ ချထားတဲ့ ကြောင်စာခွက်ကို ကြည့်တယ်။ မနေ့ညကထည့်ထားတဲ့ ဆာဒင်းငါးတွေ ဒီအတိုင်းပဲ၊ အရာမယွင်းဘူး။ ဆိုတော့ ဒီကြောင် ပြန်မလာဘူးပေါ့။ မနက်ခင်းနေ့နေ ရေ ာင် အေ ာက် မှ ာ ကျွန်တော်တို့ ဥယျာဉ်ကလေးကို ရပ်ကြည့်နေမိပြန်တယ်။ ခင်ဗျားတို့ စိတ်နှလုံးကို သိမ်းကြုံးဆွဲငင်နိုင်လောက်အောင် ရင်သပ် ရှုမောရလောက်တဲ့ ဥယျာဉ်မျိုးတော့ မဟုတ်ဘူး ပေါ့ဗျာ။ အပင်လေးတွေ ဟိုနားတစ်စု၊ ဒီနားတစ်စုလောက်ပါ။ ဒါပေမယ့် သစ်ပင်ပေါ်ကငှက်ကလေးတစ်ကောင်ရဲ့ အသံသာသာလေးကိုတော့ အမြဲတမ်းကြားရသဗျ။ ဒီငှက်ကလေးကို တေးဆိုငှက်လို့ ကျွန်တော်တို့ နာမည်ပေးထားကြတယ်။ ကူမီကိုပေးတာပါ။ သူ့ပုံစံဟာ ဘယ်လိုလဲ။ သူ့ တကယ့် နာမည်ကရော ဘာလဲ။ ကျွန်တော်တို့ မသိပါဘူး။

နေ့တိုင်းနေ့တိုင်း သူ့အသံသာသာလေး ကြားနေရတာနဲ့ ပဲ ကျေနပ်မိပါ တယ်။ တကယ်တော့လည်း ကိုယ့်နားထဲမှာ သာသာယာတယ်ထင်နေ တာပါ။ သူ့အသံအမှန်က တဂီးဂီးနဲ့ အော်နေတာဗျ။

ကဲ ...ကျွန်တော် ခု ကြောင်ရှာပုံတော် ဖွင့်တော့မယ်။ ကျွန်တော်က ကြောင်ချစ်တယ်လေ။ အိမ်က ကလေးလို့ ခေါ်တဲ့ ကြောင်ကိုအတော်ချစ် တယ်။ ဒါပေမယ့် ကြောင်ဆိုတာက သူ့ ဉာဉ်နဲ့ သူဗျ။ ခင်ဗျားနား အမြဲ တမ်းနေလိမ့်မယ်လို့ မထင်လေနဲ့ ။ သွားချင်ရာ လျှောက်သွားမှာ ၊ အချိ နဲ်တန်လို့ ဗိုက်ဆာရင်တော့ အိမ်ပြန်လာရော။ ဒါပေမယ့် ခု ကလေးက ပြန်မလာဘူးလေ။ ဆိုတော့ ကျွန်တော် ပျော်ဖို့ ၊ ကူမီကို ပျော်ဖို့ ၊ က လေးကို လိုက်ရှာရတော့မယ်။ ဒီထက် ကောင်းတာကလဲ ကျွန်တော့်မှာ လုပ်စရာမရှိဘဲကိုး။

* * *

ဧပြီလဆန်းမှာ တစ်သက်လုံးလုပ်လာတဲ့ ဥပဒေရေးရာ အကျိုးတော် ဆေ ၁၄ အလုပ်ကနေ ကျွန်တော်ထွက်လိုက်တယ်။ ဘာကြောင့် ညာကြောင့် ရယ်လို့ တော့ မဟုတ်ဘူး ၊ ဒီအတိုင်း မလုပ်ချင်တော့တာနဲ့ ထွက်ပစ်လိုက်တာ။ တကယ်က လစာလည်းကောင်း၊ ရုံးကအပေါင်းအ သင်းတွေကလည်း အတော်ပေါင်းလို့ သင်းလို့ ကောင်းတာ။ ကျွန်တော် အားကိုးရမှန်းသိတဲ့ အထက်လူကြီးကတော့ မထွက်စေချင်ဘူးလေ၊ လ စာတိုးပေးပါမယ်လို့ တောင် သူပြောခဲ့သေးတာ။ ဒါပေမယ့် ဘာဖြစ်လို့ မှန်းမသိဘူး၊ အလုပ်ထွက်ချင်လိုက်တာမှ အဲဒီတုန်းက တစ်ပိုင်းကိုသေ လို့ ၊ အလုပ်ထွက်ပြီး တစ်ခြားတစ်ခုခု လက်ရှိအလုပ်ထက် မြင့်မြင့်မား မားနေရာမျိုး၊ ဥပမာ ရှေ့နေစာမေးပွဲဝင်ဖြေတာမျိုး လုပ်ချင်လို့ လားဆို

တော့လည်း မဟုတ်ပြန်ဘူး။ ဒါဖြင့် ဘာလို့ ထွက်ချင်တာလဲဆိုတော့ မ လုပ်ချင်လို့ ပေါ့။ ဒါပဲ။ ဒီလိုနဲ့ ပဲ အလုပ်ထွက်လိုက်မိတယ်။ ကျွန်တော် သိတယ်။ မထွက်ရင် တစ်သက်လုံး အဲဒီမှာ ပဲ လုပ်ဖြစ်နေတော့မှာ ၊ အ သက်ကလည်း သုံးဆယ်ရှိပြီလေ။

မထွက်ခင် အလုပ်ထွက်ချင်တဲ့ အကြောင်း ကူမီကို ကို ညစာစားရင်း ပြောခဲ့မိတယ်။ အင်းလေတဲ့ ။ သူ ဒါပဲ ပြန်ပြောတယ်။ ဘာကို အင်းလေ တာမှန်းတော့ မသိဘူး။ သူက လည်း ဘာမှ ထပ်မပြောဘူးလေ။ ဒါနဲ့ ပဲ သူထပ်ပြောတဲ့ အချိန်ထိ ငြိမ်ပြီး စောင့်နေလိုက် တယ်။

"ကို ထွက်ချင်ထွက်ပေါ့၊ ဒါ ကို့ ဘဝ၊ ကို့ အလုပ်၊ ကို့ ဆုံးဖြတ်ချက်ပဲ၊ ကို နေချင်သလို နေပါ၊ ကို့သဘောပဲ" တဲ့ ။ ကူမီကိုဟာ အဲသလို ပြောပြီး တော့ သွားကြားထိုးနေတယ်။ သူက ကျန်းမာရေးဆိုင်ရာ မဂ္ဂဇင်းတစ် စောင်ရဲ့ လစာကောင်းတဲ့ အယ်ဒီတာလေ။

တစ်ခြားဘေးပေါက်ရမယ့် မဂ္ဂဇင်းအလုပ်ကလေးတွေလဲ လုပ်တယ် ။ ကောလိပ်မှာ တုန်းကတော့ ဒီဇိုင်းပညာကို သူ သင်ခဲ့တာ။ ကျွန်တော် အလုပ်ထွက်လိုက်ရင် အလုပ်လက်မဲ့ အာမခံကနေ ငွေတော့ ရနေဦးမှာ ပဲ။ ကူမီကို အ လုပ်သွားရင် ကျွန်တော်က အိမ်မှာ နေပြီး အိမ်မှုကိစ္စလုပ် ပေါ့။ ဒီလိုနဲ့ အလုပ်ထွက်ဖြစ်သွားတယ်။

* * *

ဖုန်းနောက်တစ်ကြိမ် မြည်လာတော့ ရေခဲသေတ္တာထဲကို ဟင်းချက်စ ရာတွေ ထည့်နေတုန်းတန်းလန်း။ ဒီတစ်ခါ ဖုန်းမြည်သံက စိတ်မရှည် တဲ့ အသံမျိုးပေါက်နေတယ်။ တို့ ဟူးအိတ်ကို ရေခဲသေတ္တာထဲ သေချာ ထည့်လိုက်ပြီး ဖုန်းပြေးကိုင်လိုက်တယ်။

"ဘယ်လိုလဲ ... စပါဂတ်တီ ကိစ္စ ပြီးသွားပြီလား"

လာပြန်ပြီ။ မနက်က မမ ဆယ်မိနစ်။

"ပြီးပြီ၊ ဒါပေမယ့် ကြောင်ပျောက်နေလို့ ခုလိုက်ရှာရဦးမယ်"

"ခဏလေး၊ ဆယ်မိနစ်လောက် နေလိုက်ပါဦး ရှင်ရယ်။ စပါဂတ်တီ ချက်တာနဲ့ မတူစေရဘူး၊ ကျွန်မ ကတိပေးတယ်"

တကယ်ဆို ဖုန်းချပစ်လိုက်ရမှာ ။ ဘာဖြစ်လို့ မှန်းမသိ၊ ကျွန်တော် ဖုန်းမချဖြစ်ဘူး။ သူ့အသံမှာ ညှို့ဓာတ်တစ်မျိုးမျိုး ပါနေသလိုပဲလေ။

"ဟုတ်ပြီလေ၊ ဆယ်မိနစ်ပဲနော်"

"ဒါဆို ခုချိန်ကစပြီး ရှင်နဲ့ ကျွန်မ အပြန်အလှန် နားလည်မှုရတော့မှာ ပေါ့နော်"

သူကြည့်ရတာ သူကိုယ်သူ သိပ်သေချာနေပုံပါပဲ။ ကုလားထိုင်တစ်လုံးပေါ်မှာ သက်တောင့်သက်သာ ဇိမ်ကျကျလေးထိုင်၊ ခြေထောက်တွေ ချိတ်ပြီးများ ကျွန်တော့်ကိုဖုန်းဆက်နေရော့သလား။

"နေပါဦး၊ ခင်ဗျားဘာလို့ ဆယ်မိနစ်၊ ဆယ်မိနစ်နဲ့ ခဏ ခဏ ပြောနေတာလဲ၊ ဆယ်မိနစ်နဲ့ ဘာအကြောင်းထူးမယ်လို့ ခင်ဗျား ထင်နေလို့လဲ"

"ဆယ်မိနစ်ဆိုတဲ့ အချိန်ဟာ တကယ်တော့ ရှင်ထင်တာထက် ပိုကြာတယ် ရှင်ရဲ့ ၊ သိရဲ့ လား"

"နေဦးဗျ၊ ခင်ဗျား ကျွန်တော့်ကို သိတာ သေချာတယ်နော်"

"သိပ်သိတာပေါ့၊ ကျွန်မတို့ တွေ့ဖူးကြတာ အကြိမ်ပေါင်းမနည်းဘူး"

"ဘယ်တုန်းကလဲ၊ ဘယ်နားမှာ လဲ"

"တစ်နေရာရာမှာ ၊ တစ်ချိန်ချိန်တုန်းကပေါ့၊ အဲဒီအကြောင်းတွေ ပြန်ပြောနေရင် ဆယ်မိနစ်နဲ့ ရမှာ မဟုတ်ဘူး နော်၊ ခု လတ်တလော ရှင်နဲ့ ကျွန်မ စကားပြောနေရတဲ့ အချိန်ထက် အဲဒါတွေက ပိုအရေးကြီးလို့လား ရှင်ရယ်"

"ထားပါတော့လေ၊ ဒါပေမယ့် ကျွန်တော့်ကို ခင်ဗျားသိတယ်ဆိုတာ သေချာအောင် သက်သေပြနိုင်တာ တစ်ခုခုလိုချင်တယ်"

"ဟင့် ...ဘယ်လို သက်သေမျိုးလဲ ဟင်"

"ဥပမာ ... ကျွန်တော့်အသက် ဘယ်လောက်ရှိပြီ ဆိုတာမျိုးပေါ့"

သူက ချက်ချင်း ပြန်ဖြေတယ်ဗျ။

"ရှင့်အသက်က သုံးဆယ်လေ၊ သုံးဆယ်နဲ့ နှစ်လပေါ့၊ ဒီလောက်ဆို ရပြီလား၊ တော်ပြီလား" တဲ့ ။

ကျွန်တော် ဘာမှ မပြောနိုင်တော့ဘူး။ သူကျွန်တော့်ကိုသိတာ သေချာတာပေါ့။ ဒါပေမယ့် သူ့အသံကို ဘယ်လိုမှ စဉ်းစားလို့ ကို မရဘူး ။

"ခု ရှင့်အလှည့်၊ ပြောနော်"

အင်း ...သူ့အသံဟာ သိသိသာသာကို ခွဲနဲ့လာတယ်။ တိုးတိုးလေး၊ ချိုမြမြလေး။

"ကျွန်မ အသံကနေတစ်ဆင့် ကျွန်မ ပုံစံကို ရှင်မှန်းကြည့်လေ၊ အသက်၊ ဘော်ဒီ၊ ဘာဝတ်ထားတယ်၊ ဘယ်မှာ နေတယ်ပေါ့၊ ပြောကြည့်လေ "

"မမှန်းတတ်ဘူးဗျာ"

"ကြည့် ...ဘာမှ တောင် မပြောရသေးဘူး ဘယ်နယ့် မမှန်းတတ်ဘူးလဲ၊ ကြိုးစား ကြည့်ပါလို့ ဆို"

နာရီကြည့်လိုက်တယ်။ ဖုန်းပြောနေတာခုမှ တစ်မိနစ်နဲ့ ငါးစက္ကန့်ပဲ ရှိသေးတယ်။ စိတ်အိုက်လာတယ်။

"မသိပါဘူးဗျာ"

"ဟိ ...ဒါဆို နည်းနည်းကူပေးမယ်လေ၊ ခု အိပ်ယာထဲမှာ ၊ ခုနကမှ ရေချိုးထားတာ၊ ပြီးတော့ ဘာမှ လည်း မဝတ်ထားဘူးလေ"

အလိုလေးလေး။ တယ်လီဖုန်း သရဲမ မဟုတ်ဘူး ဗျ၊ တယ်လီဖုန်းဘီလူးမကိုး။ ဖုန်းနဲ့ နှိုးဆွတဲ့ ကိစ္စကိုး။

"ကြိုက်ဘူးလားဟင် ... ကျွန်မကို တစ်ခုခုဝတ်ထားစေချင်လား၊ ဟင်၊ ဟင် လို့ ၊ ဘီကီနီလေးလား၊ ခြေအိတ်လေးလား၊ ရှင် ဘယ်ဟာကို ပိုကြိုက်လဲပြော"

"ခင်ဗျားဟာ ခင်ဗျား ကြိုက်တာကိုဝတ်၊ မဝတ်ချင်ဘဲ ကိုယ်တုံးလုံးနေချင်သပ ဆိုလည်း နေ၊ ဆောရီးပဲဗျာ၊ ကျုပ် ဒါမျိုးတွေ ဝါသနာ မပါဘူး၊ လုပ်စရာတွေ ... ..."

"ဆယ်မိနစ်၊ ခုနက ရှင် ကျွန်မနဲ့ ဆယ်မိနစ် စကားပြောမယ်လို့ ကတိပေးထားတယ်လေ၊ ဆယ်မိနစ်နဲ့ ဘာဖြစ်သွားမှာ မို့လိုလဲ ရှင်ရယ်၊ ကျွန်မမေးတာကိုသာ ဖြေစမ်းပါ။ ဒီအတိုင်းနေစေချင်လား၊ တစ်ခုခုဝတ်စေချင်လား၊ ဇာနားကွပ် အတွင်းခံ အနက်ကလေး ဆိုရင်ရော"

"မဝတ်နဲ့ ဗျာ၊ ဘာမှ မဝတ်နဲ့ "

"အို-အို၊ သူက ဒီအတိုင်း ကြိုက်တာလား။ ဘာမှ မဝတ်စေချင်ဘူးလား"

"ဟုတ်တယ်၊ မဝတ်နဲ့ ၊ ဒီတိုင်းကောင်းတယ်"

လေးမိနစ်ရှိသွားပြီ။

"ဟိုလေ။ ကျွန်မ ရေချိုးပြီးကာစဆိုတော့ စိုနေတုန်းပဲ ရှင်ရယ်။ ဟင်း ...အင်း၊ ခြောက်အောင် လုပ်တတ်တော့ဘူး၊ ကျွန်မကို ကိုင်မကြည့်ချင်ဘူးလားဟင်"

"ဒီ-ဒီမှာ ခင် ... ခင်ဗျား ... ..."

"အင်း ... အောက်ကို ဆက်ဆင်းကြစို့နော်၊ အိုး ... နွေးလိုက်တာ၊ ကျွန်မခြေ ထောက်တွေ တဖြည်းဖြည်းကား လာပြီ၊ ဆယ်နာရီ ငါးမိနစ်ပုံစံမျိုးလေ၊ သိတယ်မဟုတ် လား"

အသံကြားရတာတော့ တကယ့်ကို စိတ်ပါလက်ပါ ပုံမျိုးပဲဗျ။ သူခြေထောက်တွေ ကားထွက်လာပုံကိုတောင် မျက်စိထဲ မြင်လာမိတယ်။

"ဟင်း ... အင်း၊ ကျွန်မကို ထိကြည့်ပါလားရှင်ရယ်။ ဖြေးဖြေးလေး၊ အသာလေး၊ ရွရွလေး၊ ညင်ညင်သာသာလေးပေါ့၊ ဟင့် ...ဖြည်းဖြည်းနော် ... ..."

ကျွန်တော် ဖုန်းချလိုက်တယ်။ နာရီကြည့်လိုက်တယ်။ သူနဲ့ ခြောက်မိနစ်နီးပါး စကားပြောလိုက်တယ်။ သူပြောတဲ့ ဆယ်မိနစ်တော့ မပြည့်သေးဘူး။ စိတ်ထဲ တစ်မျိုးကြီးပဲ။ သက်ပြင်းချလိုက်မိတယ်။

နောက်ဆယ်မိနစ်လောက်နေတော့ ဖုန်းထပ်လာတယ်။ မကိုင်ဘဲ ဒီအတိုင်းထား လိုက်တယ်။ ဆယ့်ငါးခါလောက် မြည်ပြီးတော့ရပ်သွားတယ်။ ဖုန်းသံရပ်သွားတော့ တစ်ခန်းလုံး အေးစက်တိတ်ဆိတ်သွားသလိုပဲ
။

နေ့လည် နှစ်နာရီလောက်မှာ ကျွန်တော် အုတ်တံတိုင်းကျော်ပြီး ဟို

လမ်းကြားဆိုတာထဲ ဆင်းသွားမိတယ်။ တကယ်တော့လည်း လမ်းကြား တော့ မဟုတ်ဘူး ဗျ၊ လမ်းလည်း မဟုတ်ပြန်ဘူး၊ လမ်းဆိုရင် ဝင်ပေါက် နဲ့ ထွက်ပေါက်၊ အလာလမ်းနဲ့ အပြန်လမ်းရှိရမှာ ပေါ့။ ဒီလမ်းကြားက ဝ င်ပေါက်မရှိသလို ထွက်ပေါက်လည်း မရှိဘူး။ တစ်ဖက်ပွင့်လမ်းတောင် မဟုတ်ဘူး ၊ နှစ်ဖက်ပိတ်လမ်းဆိုရမလားပဲ။ ဒါကြောင့် လည်း လမ်းကြားလို့ လွယ်လွယ် ခေါ်လိုက်ကြသလား မသိပါဘူး။ အရှည်ကိုက် နှစ်ရာလောက်၊ အကျယ် သုံးပေလောက်၊ အိမ်နောက်ဖေးခြံစည်းရိုးတွေကြားက လမ်းကလေးကို လမ်းကြားမခေါ် လို့ ဘာခေါ်ရမတုန်း။

အင်း ... လမ်းကြားဆိုလို့ ဒီလမ်းကြားအကြောင်း ဦးလေးပြောဖူး တာသတိရတယ်။ အရင်တုန်းက အဲဒီလမ်းကြားဟာ လမ်းနှစ်လမ်းကြားက ဖြတ်လမ်းအဖြစ် သုံးခဲ့ကြတာတဲ့ ။ ၁၉၅၀ ကျော် တော့ စီးပွားရေး တစ်ဟုန်ထိုး ကောင်း လာပြီး အိမ်တွေလိုမ့်ဆောက် လိုက်ကြတာနဲ့ ခုလို ကျဉ်းကျဉ်းလေးဖြစ်သွားတာတဲ့ ။ ပြီးတော့ သူတို့ အိမ်နောက်ဖေးကနေ လူစိမ်းတွေဖြတ်သွားမှာ မကြိုက်တဲ့ အိမ်ရှင်တွေ ဟာ ခြံစည်းရိုးတွေ ကာရုံနဲ့ အားမရတော့ပဲ လမ်းကြားကို ဒီဘက်ထိပ် က အုတ်တံတိုင်းနဲ့ အသေပိတ်၊ ဟိုဖက်ထိပ်က သံဆူးကြိုး အထပ်ထပ်နဲ့ ပိတ်ပစ်လိုက်ကြတာ ခွေးတောင်ဝင်လို့ မရတော့တဲ့ အထိပါပဲ။ ဘယ်သူ မှ လည်း မကန့်ကွက်ကြဘူးတဲ့ ။ လုံလုံခြုံခြုံရှိသွားလို့ ပျော်တောင်ပျော် နေကြတယ် ထင်ပါရဲ့ ။ဒီလိုနဲ့ လမ်းကြားဟာ စွန့်ပစ်ခံတူးမြောင်းတစ်ခု လို၊ အမှေခံ ဒေသတစ်ခုလို ဖြစ်လာပါတော့တယ်။ ပင့်ကူအိမ်အထပ်ထ ပ်နဲ့ ရုပ်ပျက်ဆင်းပျက် ညစ်ညစ်ပတ်ပတ်ပေါ့။ ကူမီကိုက ဘာဖြစ်လို့ များ ဒီလမ်းကြားအကြောင်းပြောပါလိမ့်။ ကျွန်တော်ဆို တစ်သက်နဲ့ တ စ်ကိုယ် ဒီလမ်းကြားထဲ နှစ်ခါထက်ပိုမရောက်ဖူးဘူး။ သူလဲ ရောက်ဖူးမ

ယ့်ပုံတော့ မပေါ်ပါဘူး။ ဒီလောက် ပင့်ကူကြောက်တာကို။ ခုတော့ ပြောတဲ့ လူကလည်း ပြော၊ရှာတဲ့ လူကလည်း ရှာလို့ လမ်းကြားထဲရောက်နေရပြီ။ အို ...ဘာပဲဖြစ်ဖြစ် အိမ်မှာ ထိုင်ပြီးဟို မိန်းမ ဖုန်းထဲကပြောနေတဲ့ မဟုတ်ကဟုတ်က စကားသံတွေကို နားထောင်နေရတာထက် စာရင်တော့ လမ်းကြားထဲ ရောက်နေရတာ ကောင်းတာပေါ့။

နွေဦးရဲ့ နေခြည်ဝင်းဝင်းက သစ်ပင်တွေပေါ်ကျပြီး လမ်းကြားထဲမှာ အရိပ်မည်းကြီးတွေ ပေါ်နေခဲ့တယ်။ လေမတိုက်တော့ လမ်းကြားတစ်ခုလုံး အမည်းရောင်ခြယ်ထားသလိုပါပဲ။ တိတ်ဆိတ်လွန်းအားကြီးလို့ မြက်ပင်လေးတွေရဲ့ အသက်ရှူသံကိုတောင် ကြားရမတတ်ပါပဲ။ ကောင်းကင်ကြီးကလည်း ပြာလွင်လို့ ၊ တိမ်မျှင်လေး နည်းနည်းပဲရှိတယ်။ ကျွန်တော့်တစ်ကိုယ်လုံးလည်း ပူလို့ အိုက်လို့ ပေါ့။

ကျွန်တော်ဝတ်ထားတာက တီရှပ်ရယ်၊ ဘောင်းဘီပါးပါးရယ်၊ တင်းနစ်ရှူးတွေရယ်။ ဒါတောင် နွေနေအောက်မှာ လမ်းလျှောက်လိုက်တော့ ချိုင်းကြားနဲ့ ရင်ဘတ်မှာ ချွေးသီးတွေ စို့တက်လာတယ်။ ခုမှ သေတ္တာထဲက ထုတ်ဝတ်လာတဲ့ တီရှပ်နဲ့ ဘောင်းဘီက ပရုပ်လုံးနဲ့တွေ လှိုင်လို့ ။

လမ်းကြားကနေကြည့်ရင် အိမ်တွေကို အိမ်ဟောင်းအုပ်စုနဲ့ အိမ်သစ်အုပ်စုဆိုပြီး အမျိုးအစား နှစ်မျိုးခွဲနိုင်သဗျ။ အိမ်သစ်တွေက ခြံဝင်းသေးသေး၊ အိမ်သေးသေး၊ ခြံနောက်ဖေးတွေက လမ်းကြားထဲကို ကျူးကျော်ထားသေး။ တစ်ချို့အိမ်တွေကလဲ အုတ်တံတိုင်းတွေကာလို့ ၊ တစ်ချို့အိမ်တွေက ချက်နေတဲ့ ဟင်းနံ့တွေကလည်း တထောင်းထောင်း။ အိမ်ဟောင်းတွေကတော့ ခြံကျယ်၊ ဝင်းကျယ်ကြီးတွေ၊ တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်ငြိမ်သက်သက်ပဲ။ ဥယျာဉ်တွေကလည်း စနစ်တကျ ပျိုးထားမှန်းသိသာလွန်းလှတယ်။

ကူမီကိုပြောတဲ့ အိမ်လွတ်နားကို ရောက် လာပြီ။ တစ်ချက်ကြည့်လိုက်တာနဲ့ လူမနေမှန်း သိသာလွန်းတယ်။ တစ်အိမ်လုံး ပြတင်းပေါက်တွေမှာ ဖုန်နိုင်းချင်း၊ သံချေးတွေ အလိပ်လိပ်နဲ့ တံခါးတွေ အကုန်ပိတ်ထားတဲ့ နှစ်ထပ်အိမ်ကြီး၊ ခြံဝင်းထဲမှာ တော့ ကူမီကို ပြောတဲ့ အတိုင်း ကျောက်နဲ့ လုပ်ထားတဲ့ ငှက်ရုပ်ထုကြီးရှိတယ်။ အကြီးကြီးပဲ။ လူရင်ဘတ်လောက်တောင် ရှိမလားပဲ။ ရေညှိတွေ၊ ခြုံနွယ်ပိတ်ပေါင်းတွေကပ်ပြီး ရုပ်ပျက်ဆင်းပျက်နဲ့ ။ ဘာငှက်မှန်းတော့ မသိပါဘူး။ ဒါပေမယ့် ဒီငှက်ကြီးအသက်ဝင်လာရင် ဒီလို မသတီစရာ ပတ်ဝန်းကျင်ကနေ ချက်ချင်းထပျံ ပြေးသွားမယ်ထင်တယ်။ တစ်ခြံလုံးတောထနေတဲ့ ပတ်ဝန်းကျင်မှာ သူဘယ်နေချင်ပါ့မလဲ။

ရင်စို့လောက်မြင့်တဲ့ ခြံစည်းရိုးနားမှာ ရပ်ရင်း ခြံထဲကို ငေးနေမိတယ်။ ကြောင်တွေ အတွက်တော့ နိဗ္ဗာန်ဘုံလို နေရာမျိုးပဲ။ ဒါပေမယ့် ကြောင်ရှိတဲ့ အရိပ်လက္ခဏာတော့ တစ်စက်မှ မတွေ့ရဘူး။ ခေါင်မိုးပေါ်က တီဗွီအန်တီနာတိုင်ပေါ်မှာ တော့ ခိုတစ်ကောင် နားရင်း အသံဆိုးနဲ့ တဟီးဟီး ငြီးနေတယ်။

အိတ်ထဲက သံပုရာချိုချဉ်တစ်လုံး နှိုက်စားလိုက်တယ်။ အလုပ်ထွက်ပြီးကတည်းက ဆေးလိပ်မသောက်ဖြစ်တော့ဘူး။ အဲဒီအစား သံပုရာ ချိုချဉ်တွေ မြို့မိတယ်။ ကြာတော့ ချိုချဉ် မရှိရင် ကို မနေတတ်သလိုဖြစ်လာတယ်။ ကူမီကိုကတောင် ကျွန်တော့်ကို ချိုချဉ်စွဲနေပြီလို့ စွပ်စွဲသေးတယ်။ ကြာရင် သွားတွေအခေါင်းပေါက်ဖြစ်ကုန်လိမ့်မယ်တဲ့ ။ ဖြစ်ဖြစ်ပေါ့။

ခိုကလည်း ငြီးနေလိုက်တာ မပြီးနိုင်ဘူး။ စာတိုက်ရုံးက စာရေး စာအိတ်တွေပေါ် တုံးထုနေသလား အောက်မေ့ရတယ်။ငှက်ရုပ်ကြီးကို ကြ

ည့်လိုက်၊ ခြံထဲကို ကြည့်လိုက်နဲ့ ပါးစပ်ထဲမှာ အရည်ပျော်စပြုလာတဲ့ သံပုရာချိုချဉ်ကို ထွေးထုတ်လိုက်မိတယ်။ အဲဒီအချိန်မှာ ပဲ ကျွန်တော့် နောက်ကနေခေါ်သံတစ်ခု ကြားလိုက်တယ်။

နောက်လှည့်ကြည့်လိုက်တော့ အိမ်လွတ်နဲ့ ဖင်ချင်းပေါက်ခြံထဲမှာ ကောင်မလေးတစ်ယောက် ရပ်နေတာကို တွေ့လိုက်ရတယ်။ သေးသေးသွယ်သွယ်လေး၊ ဆံပင်ကို မြင်းမြီးလို နောက်မှာ စုချည်ထားတယ်။ နေကာမျက်မှန် အမည်းကြီးနဲ့ ၊ ကော်လာမပါတဲ့ တီရှပ်မိုးပြာ ရောင်နဲ့ ၊ လက်မောင်းတွေကတော့ နေလောင်ထားသလို ခပ်ညိုညိုပဲ။ ဘောင်းဘီတိုလေး ဝတ်ထားပြီး လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲ နှိုက်ထားသေးတယ်။ နောက်လက်တစ်ဖက်ကတော့ ဝါးလုံးတိုင်တစ်တိုင်ကို ထောက်ထားတယ်။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ သုံးပေ ဒါမှ မဟုတ် အလွန်ဆုံး လေးပေလောက်ပဲ ခြားမှာ ပေါ့။

"ပူတယ်နော်" တဲ့ ။

"အင်း ...ဟုတ်တယ်" လို့ ပြန်ပြောလိုက်တယ်။

ကောင်မလေးက ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ဘောင်းဘီအိတ ်ထ ဲက စီးကရက်ဗူးကို ထုတ်တယ်။ တစ်လိပ်ကို နှုတ်ခမ်းနှစ်လွှာကြားမှာ တေ့လိုက်တယ်။ သူ့ပါးစပ်လေးက သေးသေးလေး။ အပေါ်နှုတ်ခမ်းကလည်း မသိမသာလေး လန်နေတယ်။ သူမီးညှိတယ်။ ဆေးလိပ်ဖွာနေတုန်း ခေါင်းကလေးလှုပ်သွားလို့ သူ့နားရွက်ကလေးကို မြင်လိုက်ရတယ်။ စက်ရုံက အသစ်စက်စက် ခုမှ ထုတ်ထားတဲ့ နားရွက်ကလေးအတိုင်းပဲ။ သူ့မျက်လုံးတွေကိုတော့ နေကာမျက်မှန်ကြောင့် မမြင်ရဘူး။

"ရှင်ဒီနားမှာ နေတာလား"

"အင်း ...ဒီနားမှာ "

ကျွန်တော့်အိမ်ရှိတဲ့ နေရာကို လက်ညိုးထိုးပြချင်တာ။ ပြဿနာက အိမ်ဘယ်နားရှိမှန်း မမှန်းတတ်တော့ဘူး။ ဒါနဲ့ ပဲ တွေ့ရာနေရာ လက်ညိုးထိုးပြလိုက်တယ်။

"ကြောင်လိုက်ရှာနေတာလေ။ ပျောက်သွားတာ တစ်ပတ်ရှိပြီ။ မင်းများ တွေ့မိသေးလား"

"ဟုတ်လား၊ ဘယ်လို ကြောင်မျိုးလဲ"

"အညိုရောင်၊ ဝတုတ်ပြကြီး၊ အမြီးက နည်းနည်းကောက်နေတယ်"

"နာမည်ကရော"

"နီဘိုရု၊ နီဘိုရုဝတရာ တဲ့ "

"ဟုတ်ဖူးလေ၊ ရှင့်နာမည် မဟုတ်ဘူး ၊ ကြောင်နာမည်ကို မေးတာ"

"အေးလေ-အဲဒါ ကြောင်နာမည်ပဲ"

"ဩော် ...ကြောင်နာမည်က နီဘိုရုဝတရာ တဲ့ လား"

"အင်း ...တကယ်တော့ အဲဒါ ယောက်ဖ နာမည်။ သူ့ကို နောက်ချင်လို့ ကြောင်ကို ပေးထားကြတာ၊ ကြောင်ကိုခေါ်တိုင်း သူ့ကိုသတိရအောင်လို့ လေ"

"ဟိ ... ဘယ်လိုလုပ် ကြောင်ကိုမြင်ရင် ယောက်ဖကို သတိရမှာ လဲ"

"ဩော် ... သဘောပြောတာပါ။ သူတို့ က လမ်းလျှောက်ပုံချင်းတူကြတယ်လေ"

ကောင်မလေးက ဝါးကနဲ ရယ်ချလိုက်တယ်။ ကလေးလေးအတိုင်းပါပဲ။ အသက် ကလည်း ၁၅၊ ၁၆ လောက်ပဲ ရှိဦးမှာ

ပါ။ ရယ်လိုက်တော့ သူနှုတ်ခမ်းလေးဟာ စုဝိုင်းဝိုင်းလေး။ ကျွန်မကို ထိကြည့်ပါလား ရှင်ရယ်ဆိုတဲ့ မမ ဆယ်မိနစ်ရဲ့ စကားသံကို နားထဲမှာကြားယောင်လာသလိုပဲ။ နဖူးမှာ သီးနေတဲ့ ချွေးတွေကို ကျွန်တော် လက်ခုံနဲ့ သုတ်လိုက်တယ်။

"အမြီးကောက်ကောက် ကြောင်အည်ကြီးနော်၊ လည်ပတ်တွေဘာတွေ ပါသေးလား"

"ပါတယ်။ လည်ပတ်အနက်ပတ်ထားတယ်"

သူ ဆယ်စက္ကန့်လောက်၊ ဆယ့်ငါးစက္ကန့်လောက် ဒီအတိုင်းရပ်နေတယ်။ တစ်ခုခုကို စဉ်းစားနေသလိုပဲ။ စီးကရက်ကို ပစ်ချလိုက်ပြီး ဖိနပ်နဲ့ နင်းခြေလိုက်တယ်။

"ဒီကြောင်ကို ကျွန်မ တွေ့ဖူးသလိုပဲ"

"ဘယ်တုန်းက တွေ့တာလဲ"

"အင်း ... ပြီးခဲ့တဲ့ သုံး-လေးရက်လောက်က၊ ကျွန်မတို့ ခြံစည်းရိုးကကြောင်တွေ ဝင်လို့ ရတယ်လေ၊ ဟိုဖက်အိမ်နဲ့ ဒီဖက် အိမ်ကြောင်တွေ အပြန်အလှန်ကူးနေကြပဲ"

ကောင်မလေးကဌက်ရပ်နဲ့ အိမ်လွတ်ကို လက်ညှိုးထိုးပြလိုက်တယ်။ ပြီးတော့ ...

"နေဦး၊ ခဏလေးစောင့်ဦး၊ ခြံထဲဝင်ခဲ့ပါလား၊ ကျွန်မနဲ့ တူတူလာထိုင်လေ၊ ရှင့်ကြောင် လျှောက်သွားနေတာ တွေ့ချင်တွေ့ရမှာ ၊ လာပါ၊ ကျွန်မတစ်ယောက်တည်း၊ ဘယ်သူမှ မရှိဘူး" တဲ့ ။

နာရီကြည့်လိုက်တယ်။ နှစ်နာရီ နှစ်ဆယ့်ခြောက်မိနစ်။ ဒီနေ့လုပ်စရာဆိုလို့ အဝတ်လျှော်ဖို့ နဲ့ ညစာချက်ဖို့ ပဲရှိတယ်။ ဒါနဲ့ သူခြံထဲဝင်လိုက်

တယ်။ ကောင်မလေးက ကျွန်တော့်နားလျှောက်လာတယ်။ ဩော် ... သူ့ညာခြေထောက်က ဆာတာတာဖြစ်နေရှာသကိုး။ ကောင်မလေးက ကျွန်တော့်အကြည့်ကို သဘောပေါက်ပုံရတယ်။

"ဆိုင်ကယ်ပေါ်က လိမ့်ကျတာလေ"

ဝက်သစ်ချပင်ကြီးအောက်က ထိုင်ခုံလေးတွေမှာ ကျွန်တော်တို့ နှစ်ယောက်ထိုင်လိုက်ကြတယ်။ အနားမှာ တော့ ဆေးလိပ်ဗူးတွေ၊ မီးခြစ်၊ ဆေးလိပ်ခွက်၊ မဂ္ဂဇင်းတစ်အုပ်နဲ့ သီချင်းသံထွက်နေတဲ့ ရေဒီယိုတစ်လုံး။ ကောင်မလေးက သီချင်းကို ပိတ်လိုက်တယ်။ ကျွန်တော်ထိုင်ချလိုက်တယ်။ ကျွန်တော်လုပ်နေသမျှကို ကောင်မလေးက မျက်စိဒေါက်ထောက် လိုက်ကြည့်နေတယ်လို့ ခံစားနေရတယ်။

အိမ်ခြံဝင်းက အကြီးကြီးပဲ။ သစ်ပင်တွေလည်း အများကြီး။ အသေအချာကို သထားတဲ့ ဥယျာဉ်မှန်းသိသာလွန်းလှတယ်။ အိမ်ကတော့ ခပ်သေးသေးပါပဲ။

"ခြံကအတော်ကျယ်တယ်နော်၊ ထိန်းသိမ်းဖို့ အတော်ခက်မှာ ပဲ"

"အင်းပေါ့"

"ငယ်ငယ်တုန်းကတော့ ဥယျာဉ်ခြံမြေ အလှဆင် ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ဖူးသေးတယ်"

"ဩော်"

ဝတ်ကျေတန်းကျေပဲ။ ဥယျာဉ် အလှဆင်တဲ့ ကိစ္စကို သူ စိတ်ဝင်စားပုံ မရဘူး။

"မင်းဒီမှာ တစ်ယောက်တည်းနေတာလား"

"ဟုတ်တယ်။ အိမ်အကူတစ်ယောက်ကတော့ မနက်ပိုင်းနဲ့ ညနေပိုင်းဆိုလာတယ်။ နေ့လည် ဆိုရင်တော့ ကျွန်မ တစ်ယောက်တည်းပေါ့။ တစ်ခုခုသောက်ပါလား။ ဘီယာဖြစ်ဖြစ်ပေါ့"

"တော်ပါပြီ။ ကျေးဇူးပါပဲ"

"တကယ်လား၊ သောက်ပါရှင့်၊ မရှက်ပါနဲ့ "

ခေါင်းခါပြလိုက်တယ်။ ပြီးတော့သူ့ကို ဆက်မေးတယ်။

"မင်း ကျောင်းမနေဖူးလား"

"ရှင်ရော အလုပ်မလုပ်ဘူးလား"

"လုပ်စရာအလုပ်မရှိတာလေ"

"ပြုတ်သွားတာလား"

"အင်း ...ထွက်လိုက်တာ။ လွန်ခဲ့တဲ့ သုံးလေးပါတ်လောက်က"

"ဘာအလုပ်လဲဟင်"

"ဥပဒေ အကျိုးတော်ဆောင် ပြောရမလား။ ရုံးတွေက လိုအပ်တဲ့ စာရွက်စာတမ်းတွေ၊ အမိန့်စာတွေ၊ တရားရုံးရက်ချိန်းတွေကို ရှေ့နေအတွက် စုဆောင်းပေးရတဲ့ အလုပ်လေ"

"ခု ထွက်လိုက်ပြီပေါ့"

"အင်း"

"ရှင့်မိန်းမကတော့ အလုပ်လုပ်တယ်ပေါ့"

"ဟုတ်တယ်"

ဟိုဖက် အိမ်လွတ်ခေါင်မိုးပေါ်က တဟီးဟီး ငြီးနေတဲ့ ခို ထပျံထွက်

သွားတယ်။ ရုတ်တရက် ချက်ချင်း တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်သွားသလိုပဲ။ ကောင်မလေးက ခြံထောင့်တစ်နေရာကို လက်ညှိုးထိုးပြပြီး ...

"ကြောင်တွေ ဝင်ဝင်လာတတ်တာ အဲဒီနေရာပေါ့" လို့ ပြောလိုက်တယ်။ နေကာ မျက်မှန်ကိုချွတ်ပြီး ခေါင်းပေါ်တင်တယ်။ ခြံထောင့်ကို မှေးစင်းပြီးသူကြည့်နေတယ်။ ဆေးလိပ်မီးခိုးတွေ မှုတ်ထုတ်တယ်။ ပြီးတော့ မျက်မှန်ပြန်တပ်လိုက်တယ်။ အဲဒီ တစ်ခဏအချိန်လေးအတွင်းမှာ သူ့မျက်လုံးတွေကို ကျွန်တော်မြင်လိုက်ရတယ်။ ဘယ်ဖက် မျက်လုံးအောက်မှ နှစ်လက်မလောက်ရှိတဲ့ ဒဏ်ရာကြီးတစ်ခုကို တွေ့လိုက်တယ်။ တစ်သက်လုံး သူ့မျက်နှာမှာ သေရာပါအမာရွတ်ကြီးဖြစ်သွားမယ့် ဒဏ်ရာမျိုးပါ။ ဒါကြောင့် လည်း ဒီနေကာမျက်မှန်မည်းကြီးကို မချွတ်တမ်းတပ်ထားတာနေမှာ ပေါ့။ ကောင်မလေးက မလှပါဘူး။ ဒါပေမယ့် သူ့မျက်လုံးလေးတွေရယ်၊ ထော်လန်လန် နှုတ်ခမ်းလေးရယ် ပေါင်းလိုက်တော့ ဆွဲဆောင်မှုတစ်မျိုးရှိနေသလိုပဲ။

"ရှင် မီရာဝါကီတို့ အကြောင်းသိလား"

"ဟင် ...ဘယ် မီရာဝါကီလဲ၊ မသိဘူး"

"ဟို အိမ်လွတ်မှာ နေခဲ့ကြတဲ့ မိသားစုလေ၊ မစ္စတာ မီရာဝါကီတို့ မှ သမီးလေးနှစ်ယောက် ရှိတယ်၊ နှစ်ယောက်လုံး ပုဂ္ဂလိက ကျောင်းမှာ နေတာ။ မစ္စတာ မီရာဝါကီက စားသောက်ဆိုင်တွေ အတော်များများ ပိုင်တယ်"

"ဒါဆို ဘာလို့ ပြောင်းသွားကြတာလဲ"

"အကြွေးတွေပိပြီး ပြောင်းပြေးကြတယ်ထင်တယ်။ ညတွင်းချင်းပဲ။ တစ်နှစ်လောက်ရှိပြီ။ ခုတော့ သူတို့ ခြံက ကြောင်ရိပ်မြုံဖြစ်နေပြီလေ၊

ကျွန်မအမေဆို အဲဒီအကြောင်းအမြဲတမ်း ညည်းတယ်"

"ဒါဆို အဲဒီ အိမ်လွတ်မှာ ကြောင်တွေ အများကြီးပေါ့"

ကောင်မလေးက စီးကရက်ခဲရင်း ကောင်းကင်ကို မော့ကြည့်လိုက်တယ်။

"ဟုတ်ပါ့။ အများကြီးပဲ။ အမွေးကျွတ်နေတဲ့ အကောင်တွေရော၊ မျက်စိ တစ်ဖက်လပ် တွေရော၊ ခြေတစ်ပေါင်ကျိုး တွေရောစုံလို့ "

ကျွန်တော် ခေါင်းညိတ်လိုက်မိတယ်။ ကောင်မလေးက ဆက်ပြောတယ်။

"ကျွန်မမှာ အစ်မ ဝမ်းကွဲတစ်ယောက်ရှိတယ်။ သူ့လက်တွေက ငါးချောင်း မဟုတ်ဘူး ၊ ခြောက် ချောင်းစီပါတယ်။ လူရှေ့ သူရှေ့ဆို အဲဒီလက်ပွားလေးတွေကို သူဖွက်ထားတတ် တယ်။ လှတော့ အတော်လှတယ် သိလား"

ခေါင်းညိတ်ပြလိုက်မိပြန်တယ်။ ဘာတွေ ပြောနေပါလိမ့်။

"အဲဒါမျိုးက မျိုးရိုးလိုက်တတ်သလား ဟင်"

"မသိပါဘူးကွာ"

ကောင်မလေးက ဆက်မပြောတော့ဘူး။ ကျွန်တော်လည်း ချိုချဉ်တစ်လုံး စုပ်ရင်း ကြောင်လာတယ်ဆိုတဲ့ နေရာကို စူးစူးစိုက်စိုက် ကြည့်နေမိတယ်။ ခုထိတော့ ဘာကြောင်မှ မတွေ့သေးဘူး။

"ကျွန်မ ကိုကာကိုလာ သောက်မလို့ ၊ ရှင်ဘာမှ မသောက်တာ သေချာလား"

သေချာပါတယ်။ မသောက်ပါဘူးဆို။

ကောင်မလေးက ထသွားတယ်။ သူ့ ညာခြေထောက်က အတော်ဆာနေတာပဲ။ သူထွက်သွားတော့ မဂ္ဂဇင်းစာအုပ်ကို ကောက်လှန်လိုက်တယ်။ ဟဲ့ ...ပလုပ်တုပ်။ ယောကျ်ားတွေဖတ်တဲ့ မဂ္ဂဇင်းမျိုးဟ။ အတွင်းခံကြည်ကြည်ပါးပါးလေးကိုဝတ်ပြီး သူ့ပစ္စည်းတွေ ဖြဲကားပြထားတဲ့ မိန်းမတစ်ယောက်ပုံကို တန်းတွေ့လိုက်တယ်။ ခြေထောက်တွေက ဆယ်နာရီငါးမိနစ်ပုံစံ ကားထွက်လို့ ။ ဒါနဲ့ ပဲ ပြန်ချထားလိုက်ပြီး ကြောင်လျှာက်လမ်းကို ပြန်ကြည့်နေလိုက်တယ်။

* * *

အတော်လေးကြာမှ ကိုကာကိုလာဗူးကိုင်ပြီး ကောင်မလေးပြန်ရောက်လာတယ်။ နေကလည်း ပူလိုက်တာ။ ခေါင်းတွေ တောင်ကိုက်လာတယ်။ သူက ကျွန်တော့်နားမှာ ထိုင်ချလိုက်ပြီး စကားဆက်ပြောတယ်။

"တကယ်လို့ ပေါ့လေ။ ရှင်သာ လက်ခြောက်ချောင်းစီပါတဲ့ ကောင်မလေးတစ်ယောက်နဲ့ ကြိုက်နေခဲ့ရင် ရှင်ဘာလုပ်မလဲ"

"ဆပ်ကပ်ထဲ ရောင်းစားလိုက်မယ်"

"ဟယ် ... တကယ်လား"

"အလကားပြောတာပါ။ လက်ခြောက်ချောင်းပါတာ ဘာမှ မဖြစ်ပါဘူး"

"ကလေးတွေကို မျိုးရိုးလိုက်ကုန်မှာ မကြောက်ဖူးလား"

သူပြောမှ ပဲ စဉ်းစားမိတော့တယ်။ ပေါက်ပေါက်ရှာရှာ။

"လက်ချောင်းအပိုပါတော့ ဘာဖြစ်လို့ လဲ၊ ဘာမှ မဖြစ်ပါဘူး"

"ဒါဆို နို့ လေးလုံးပါရင်ရော"

"အဲဒါတော့ မပြောတတ်ဘူးကွာ"

သောက်ကျိုးနည်း။ နို့လေးလုံးတဲ့ ။ ပြဿနာပါပဲ။ ဘာတွေ လာမေးနေလဲမသိဘူး။ တစ်ခြားဟာပြောင်းမေးမှ ပဲ။

"မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်၊ ပြည့်ပြီးတာ သိပ်မကြာသေးဘူး၊ အထက်တန်းကျောင်းမှ ပထမနှစ်လေ"

"ကျောင်းနားထားတာလား"

"အင်း ... ခြေထောက်က ကြာကြာလမ်းလျှောက်ရင် နာတယ်။ မျက်လုံးအောက်မှာ လည်း ဒဏ်ရာရသွားတယ်လေ၊ ကျောင်းက သိပ်စည်းကမ်းကြီးတာ၊ ခု ဆေးတစ်နှစ် နားထားတာပေါ့"

"သြော်၊ အဲသလိုလား"

"နေပါဦး၊ ခုနက စကားပြန်ဆက်ရအောင်၊ ရှင်ပြောတယ်၊ ရှင့်ချစ်သူမှာ လက်ခြောက်ချောင်းပါတာ ကိစ္စမရှိဘူး၊ ဒါပေမယ့် နို့လေးလုံးပါရင်တော့ ကိစ္စရှိတယ်ပေါ့"

လုပ်လာပြန်ပါပြီ။ လက်ခြောက်ချောင်းနဲ့ နို့လေးလုံး။ ဒါပဲ အတင်းမေးနေတော့တာ ပဲ။ ဘယ်လို ကောင်မလေးပါလိမ့်။

"ကိစ္စရှိတယ်လို့ မပြောပါဘူး၊ ငါမသိဘူးလို့ ပြောတာပါ"

"ဘာဖြစ်လို့ မသိရတာလဲ"

"မင်းကလဲကွာ၊ ဒါမျိုးဆိုတာဖြစ်တောင့်ဖြစ်ခဲ၊ စဉ်းစားကြည့်ဖို့တောင် အတော်ခက်တာ မဟုတ်လား"

"လက်ခြောက်ချောင်းကိုတော့ စဉ်းစားလို့ ရတယ်ပေါ့"

"အင်း"

"ဒါဆို နို့လေးလုံးလဲ ရရမှာ ပေါ့၊ အပိုပါတာခြင်း တူတူပဲဟာကို"

ကျွန်တော် စဉ်းစားဖို့ ကြိုးစားတယ်။ အဖြေကို ရှာမတွေ့ပါဘူး။

"ကျွန်မက သိပ်စကားများ သလား ဟင်"

"မင်းကို လူတွေက အဲသလိုပဲ ပြောသလား"

"အင်း ... တစ်ချို့ကတော့ အဲလို ပြောတယ်"

ကြောင်လာမယ့်နေရာကို ပြန်ကြည့်မိပြန်တယ်။ ဘုရားရေ ... ငါဒီမှာ ဘာလာလုပ်နေမိပါလိမ့်။ ဘာကြောင်မှ လဲ ခုထိ မတွေ့သေးဘူး ။ လက်ပိုက်ပြီး မျက်လုံးမှိတ်ထားမိတယ်။ စက္ကန့် သုံးဆယ်လောက်ကြာ သွားသလား မသိဘူး။ ချွေးတွေကလည်း တစ်ကိုယ်လုံးစိမ့်ထွက်လို့ ။ နေမင်းက အညှိုးနဲ့ ကျွန်တော့်ကိုပေါ်ကို အပူဓာတ်တွေ လောင်းချနေသလိုပါပဲ။ ကောင်မလေးက ရေခဲတုံးလေးတွေထည့်ထားတဲ့ ကိုကာကိုလာဖန်ခွက်ကို လှုပ်လိုက်တယ်။ ဖန်ခွက်နဲ့ ရေခဲတုံးထိတဲ့ အသံက နွားခေါင်းလောက်လို ဒေါင်ဒေါင်ဒင်ဒင်နဲ့ ။ သူက လေသံကလေးနဲ့ ပြောလိုက်တယ်။

"ရှင်အိပ်ချင်အိပ်လေ၊ ကြောင်လာရင် ကျွန်မ နှိုးမယ်" တဲ့ ။ ကျွန်တော့်မှာ စကားတောင် ပြန်မပြောနိုင်တော့ပါဘူး။ မျက်စိမှိတ်ရက်သားခေါင်းညိတ်ပြလိုက်တယ်။ လေကလည်း ငြိမ်လိုက်တာ။ ဘာသံမှ လည်း မကြားရဘူး။ မနက်က စိတ်ဒုက္ခပေးခဲ့တဲ့ မမ ဆယ်မိနစ်ဆီ စိတ်ကရောက်သွားတယ်။ ကျွန်တော်သူ့ကို သိသလား။ ရင်းနှီးသလား။ သူ့အသံကို ကြားဖူးသလား။ စဉ်းစားလို့ ကို မရဘူး။ သူကတော့ ကျွန်တော့်ကိုသိ

တာ သေချာတယ်။ နားထဲမှာ တယ်လီဖုန်းခေါင်းလောင်းသံတွေ ကြားလာတယ်။

"အိပ်ပြီလား ဟင်"

ကောင်မလေးအသံ။ ကျွန်တော့်နားနားကပ်ပြီး တိုးတိုးလေး ပြောနေတာ။ သူပြောတာကို ကျွန်တော် ကြားမကြားတောင် မသေချာဘူး။

"ဟင့်အင်း၊ မအိပ်သေးပါဘူး"

"ရှင့်အနား နည်းနည်းတိုးဦးမယ်နော်၊ ရှင်မနိုးအောင် တိုးတိုးလေးပြောဖို့ လေ"

"အင်း"

ကျွန်တော် မျက်လုံးတွေ မဖွင့်နိုင်ဘူး။ မျက်ခွံတွေ လေးကျနေတယ်။ ကောင်မလေးက သူ့ထိုင်ခုံကို ကျွန်တော့် ထိုင်ခုံနဲ့ ပူးကပ်နေတဲ့ အထိ တိုးကပ်ပစ်လိုက်တယ်။ သူ့အသံက ခုနကနဲ့ လုံးဝ မတူတော့ဘူး။ မျက်စိပိတ်ထားလို့ များ သူ့လေသံ ပြောင်းသွားတာလား။ မသိပါဘူးလေ။

"ကျွန်မ စကားပြောမယ်နော်၊ တကယ့်ကို တိုးတိုးလေးပြောမှာ သိလား၊ ရှင်ပြန်မဖြေနဲ့ ၊ အိပ်ချင်လည်း အိပ်ပစ်လိုက်၊ ရတယ်"

"အင်း ... အင်း"

"လူတွေသေသွားရင် ဘယ်လိုနေမလဲ မသိဘူးနော်"

သူပါးစပ်ဟာ ကျွန်တော့် နားရွက်နားမှာ ။ သူ့ ဝင်သက်ထွက်သက်တွေတောင် ကျွန်တော့်နားထဲ ဖြတ်စီးသွားခဲ့တယ်။

"ဘာဖြစ်လို့ လဲ"

သူ့လက်ချောင်းလေးတွေဟာ ကျွန်တော့် နှုတ်ခမ်းကို လာထိတယ်။

"မမေးပါနဲ့ ဆို၊ မျက်လုံးလဲ ဖွင့်မကြည့်နဲ့၊ နော်"

ခေါင်းကို မဆိုစလောက်လေး ညိတ်ပြလိုက်မိတယ် ထင်တာပါပဲ။ သူက ကျွန်တော့် နှုတ်ခမ်းပေါ်တင်ထားတဲ့ လက်ချောင်းတွေကို ကျွန်တော့် လက်ကောက် ဝတ်ပေါ်လာတင်တယ်။

"ခွဲစိတ်ဓားတစ်ချောင်းလောက် ရရင်ကောင်းမယ်။ ကျွန်မလေ သိပ် ခွဲကြည့်ချင်တာပဲ၊ အလောင်းကို ပြောတာ မဟုတ်ဘူး နော်၊ သေခြင်းတရားဆိုတာကို ခွဲကြည့်ချင်တာ၊ သေခြင်းတရားဟာ ဘာနဲ့ တူမလဲမသိဘူးနော်၊ ညှစ်လို့ ရတဲ့ ဘောလုံးပျော့လိုမျိုး လုံးလုံး ဝိုင်းဝိုင်းလား၊ အထဲမှာ နာဗ်ကြောတွေနဲ့ မာခဲနေတဲ့ အရာတစ်မျိုးလား၊ လတ်လတ်ဆတ်ဆတ်သေသွားတဲ့ လူတစ်ယောက်ကို ချက်ချင်းခွဲကြည့်ရင် သေခြင်းတရားကို နဖူးတွေ့ဒူးတွေ့ တွေ့နိုင်မယ်ထင်တယ်၊ ဗူးထဲမှာ မာပြီးခဲသွားတဲ့ ရက်လွန်သွားတိုက်ဆေးတွေလို မာခဲခဲတောင့်တောင့်ကြီးများ လား၊ ရှင် ဘယ်လိုထင်လဲဟင်၊ အို ... မေ့လို့၊ မေ့လို့၊ မဖြေနဲ့ နော်၊ သေခြင်းတရားဟာလေ အပေါ်ယံ အပြင်အခွံကတော့ ပျော့ပျော့ပြောင်းပြောင်း၊ အထဲရောက်လေ ကျစ်နေအောင်မာလေဆိုတဲ့ အရာတစ်ခုလို့ ကျွန်မထင်မိတယ်၊ ကျွန်မလေ အရေပြားကို ဓားနဲ့ လှီး၊ သေခြင်းတရား၏ အပေါ်ယံ ပကာသန ပျော့စိစိ အလွှာကိုဖယ်ပြီး အတွင်းကမာကျစ်နေတဲ့ အမြုတေကို ဝင်ကြည့်ချင်လိုက်တာ"

ကောင်မလေးက အဟင်း ...အဟင်းနဲ့ လည်ချောင်းရှင်းနေတယ်။ ပြီးတော့ ဆက်ပြောပြန်တယ်။

"ဒီရက်ပိုင်း ကျွန်မ အဲဒီအကြောင်းတွေပဲ ထိုင်စဉ်းစားမိနေတယ်။ လုပ်စရာကလည်း ဘာမှ မရှိဘဲကိုး။ တစ်ခါတလေ ကျတော့လည်း လူမှာ လုပ်စရာ မရှိရင် အတွေးခုန်စ်စဉ် အမျှင်တန်းတတ်တယ်ဆိုတာ

ဟုတ်မှာ ပဲနော်၊ မီးခိုးမဆုံး မိုးမဆုံး အတွေးမျှင်တန်း နောက်ကို လိုက်လို့ ကိုမနိုင်တော့ဘူးလေ"

ကျွန်တော့် လက်ကောက်ဝတ်ပေါ်တင်ထားတဲ့ သူ့လက်ကလေးတွေကို အသာနှုတ်ယူသွားတယ်။ သူ ကိုကာကိုလာ သောက်နေတယ်။ ကုန်တဲ့ အထိ သောက်ချလိုက်တယ်ဆိုတာ ရေခဲနဲ့ ဖန်ခွက်ထိတဲ့ အသံတွေအရ ကျွန်တော်သိနေခဲ့တယ်။

"ကြောင်အတွက်တော့ စိတ်ပူမနေပါနဲ့ ရှင်၊ ကျွန်မ ကြည့်ထားလိုက်ပါ့မယ်။ နိုဘိုရုဝတရာ ရောက်လာတာနဲ့ ရှင့်ကို အကြောင်းကြားမယ်လေ၊ ခု မျက်စိမှ ိတ်ထားနော်၊ နိုဘိုရုဝတရာဟာ ဒီနားမှာ ပဲ လျှောက်သွားနေမှာ ၊ ကျွန်မသိတယ်၊ ခုတောင် ကျွန်မတို့ နားကို ရောက်လာတော့မယ်။ မြက်ခင်းစိမ်းစိမ်းလေးတွေပေါ်မှာ သူလျှောက် လာပြီ၊ ရှင် အာရုံပြုထားနော်"

ကျွန်တော်လည်း ကြောင်ကို အာရုံယူဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် စိတ်ထဲမှာ ရောင်ပြန်တွေထွက်ပြီး ဘာမှ သဲသဲကွဲကွဲမမြင်ရတဲ့ ဓာတ်ပုံကားချပ်တစ်ခုကိုပဲ သွားမြင်နေတယ်။ နေရောင်ခြည်ဟာ ပိတ်ထားတဲ့ ကျွန်တော့်မျက်ခွံတွေထဲက ဖောက်ဝင်ပြီး ဦးနှောက်ထဲမှာ လာလင်းသလိုဖြစ်နေတော့ ကြောင်ရဲ့ ပုံရိပ်ကို သေချာအာရုံမယူနိုင်ဘူး ဖြစ်နေတယ်။ ကြောင်လိုလို၊ ဘာလိုလို ဝေတေဝါးတား ပုံရိပ်တွေမြင်ပြန်တော့လည်း ခြေထောက်မပါသလိုလို၊ ခေါင်းပဲ ပြတ်နေသလိုလို အင်္ဂါမစုံပြန်ဘူး ။ နိုဘိုရုဝတရာ လမ်းလျှောက် နေတာကို ဘယ်လိုမှ အာရုံယူလို့ မရခဲ့ဘူး။

ကောင်မလေးက သူ့လက်ဖျားလေးနဲ့ ကျွန်တော့် လက်ကောက်ဝတ်ပေါ်မှာ ပုံတစ်ခုခုဆွဲနေတယ်။ ဘာပုံမှန်း မသိလိုက်ခင်မှာ ပဲ ကျွန်တော်

အိပ်မောကျသွားခဲ့တယ်။ဘယ်လိုမှ ကို မခုခံမတွန်းလှန်နိုင်ဘဲ အိပ်စက်ခြင်းကို လက်မြှောက် အရှုံးပေးလိုက်ရသလိုပါပဲ။ ပက်လက်ကုလားထိုင် ကင်းဗတ်စထဲကိုနစ်ပြီး ကျွဲဝင်နေတဲ့ အသေကောင်ကြီးတစ်ကောင် လိုမျိုးကို အိပ်ပျော်သွားခဲ့တာ။

အမှောင်ထဲမှာ နိဘိုရုဝတရာရဲ့ ခြေထောက်လေးချောင်းကို ကျွန်တော်မြင်နေရတယ်။ မြေကြီးကိုကုတ်ခြစ်နေတဲ့ ခပ်ဖောင်းဖောင်းကြောင်ခြေထောက်လေးချောင်းပေါ့။ ဒါပေမယ့် အဲဒါ ဘယ်နေရာလဲ။ ဘယ်နားမှာ လဲ။

"ဆယ်မိနစ်ပါပဲရှင်" တဲ့ ။ ဖုန်းထဲက အမည်မသိ အမျိုးသမီးက ပြောသွားတယ်။ သူပြောတာမှားတယ်။ ဆယ်မိနစ်ဆိုတာ စက်နာရီ ဆယ်မိနစ် အတိအကျလို့ ဘယ်သူပြောသလဲ။ တကယ်က ဆယ်မိနစ်ဆိုတာ ဆွဲဆန့်ရင် အကန့်အသတ်မရှိ ဆန့်နိုင်သလို ခြို့ချင်လည်း ခြို့ပစ်လိုက်လို့ရတာပဲ။ အဲဒါကိုတော့ ကျွန်တော် သေချာသိတယ်။

* * *

ပြန်နိုးလာတော့ ကျွန်တော် တစ်ယောက်တည်းရယ်။ ခုနက ကျွန်တော့် လက်ကောက်ဝတ်ကို တစ်ချိန်လုံးကိုင်ထားတဲ့ ကောင်မလေးမရှိတော့ဘူး။ သူ့ဖန်ခွက်လည်း မတွေ့တော့ဘူး။

နေတောင်အတော်စောင်းသွားပြီ။ နာရီကြည့်လိုက်တယ်။ လေးနာရီဆယ့်ငါး။ ထထိုင်လိုက်တယ်။ ဘေးဘီကို အိပ်မှုံစုံမွှားနဲ့ ကြည့်မိတယ်။ တစ်လောကလုံး တိတ်ဆိတ်လို့ ။ ကြောင်လည်း မရှိ၊ ကောင်မလေးလဲ မရှိ။ ဆယ်မိနစ်လောက် ဆက်ထိုင်နေမိသေးတယ်။ ဘယ်သူမှ မတွေ့ဘူး။ တိတ်ဆိတ်လိုက်တာလည်း အသံမဲ့တဲ့ ကမ္ဘာထဲရောက်နေသလား

အောက်မေ့ရတယ်။ အချိန်အတိုင်းအဆမရှိ၊ နှစ်ပေါင်းများ စွာ အိပ်ပျော်သွားသလား အောက်မေ့ရတယ်။

အိမ်ထဲကို တစ်ချက် လှမ်းကြည့်တယ်။ လူနေတဲ့ အရိပ်လက္ခဏာတောင် မတွေ့ရဘူး။ မတ်တတ်ထရပ်လိုက်တယ်။ ဘာမှ မတတ်နိုင်တော့တဲ့ အဆုံး အုတ်နံရံခွကျော်ပြီး အိမ်ကို ပြန်လာခဲ့တယ်။ အတတ်နိုင်ဆုံးကြိုးစားပါသော်ငြား၊ ကြောင်ကား မတွေ့။

* * *

အိမ်ပြန်ရောက်တော့ အဝတ်လျှော်တယ်။ ညစာအတွက် ခပ်သွက်သွက် ချက်တယ်။ ညနေ ငါးနာရီခွဲမှာ ဖုန်းမြည်တယ်။ ဆယ့်နှစ်ခါလောက်မြည်တယ်။ ကျွန်တော် မကိုင်ဘူး။ ဖုန်းသံရပ်သွားတော့ အခန်းထဲမှာ ပဲ့တင်သံလို လှိုင်ပြီးကျန်ရစ်ခဲ့တယ်။ နာရီသံတစ်ချက်ချက်ပဲ စူးစူးရှရှ ကြားနေရတယ်။

တေးဆိုင့်ကလေးအကြောင်း ကဗျာရေးရင် မရနိုင်ဘူးလားဆိုတဲ့ အတွေး ခေါင်းထဲဝင်လာတယ်။ ဒါပေမယ့် ဘယ်ကစရမှန်းမသိဘူး။ အထက်တန်း ကျောင်းသူလေးတွေဟာ တေးဆိုင့်က် အကြောင်းကဗျာကို ကြိုက်ပါ့မလား။

* * *

ကူမီကို အိမ်ပြန်ရောက်တော့ ည ခုနှစ်နာရီခွဲနေပြီ။ လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက သူ အိမ်ပြန်တာနောက်ကျသထက် ကျလာခဲ့တယ်။ တစ်ခါတလေ ရှစ်နာရီ၊ တစ်ခါတလေ ဆယ်နာရီကျော်မှ ။ ခုတော့

အိမ်မှုကိစ္စတွေ ကျွန်တော်လုပ်နေတဲ့ အတွက် သူ စိတ်ချလက်ချ အလုပ်လုပ်နိုင်တယ် ထင်ပါရဲ့ ။ သူတို့ ရုံးကလည်း နည်းနည်းနဲ့ ကျဲကျဲ ဝိုင်းထားတာကိုး။

"ဆောရီး ကိုရော့၊ ထုံးစံအတိုင်း အလုပ်က လက်စသတ်လို့ ကို မရဘူး၊ အချိန်ပိုင်းငှားထားတဲ့ ကောင်မလေးကလည်း ညဲ့လိုက်တာ၊ သုံးစားလို့ ကို မရဘူး"

ကျွန်တော် မီးဖိုခန်းထဲပြန်ဝင်ပြီး ချက်လက်စတွေကို လက်စသတ်တယ်။ ထောပတ်စိမ်ထားတဲ့ ငါးကင်ရယ်၊ အသီး အရွက်သုပ်ရယ်၊ မီဆိုဟင်းချိုရယ်။ ကူမီကိုက ထမင်းစား စားပွဲမှာ ဝင်ထိုင်တယ်။

"ငါးနာရီခွဲတုန်းက ဖုန်းဆက်တာ ဘာလို့ မကိုင်တာလဲ"

"ထောပတ်ကုန်နေလို့ ထွက်ဝယ်တာ" ကျွန်တော် ညာလိုက်တယ်။

"ဘဏ်ရော သွားပြီးပြီလား"

"အင်း"

"ကလေးရော"

"ရှာမတွေ့ခဲ့ဘူး၊ မင်းပြောတဲ့ အိမ်လွတ်ကို သွားကြည့်သေးတယ်၊ မတွေ့ဘူး၊ ကြည့်ရတာ အတော်ဝေးဝေး လျှောက်သွားနေတယ် ထင်တယ်"

ကူမီကို ဘာမှ မပြောဘူး။

ညစာစားပြီးတော့ ကျွန်တော် ရေချိုးတယ်။ ရေချိုးခန်းကထွက်လာတော့ ကူမီကိုဟာ ဧည့်ခန်းထဲမှာ ထိုင်နေတယ်။ မီးတွေမဖွင့်ဘဲ ဒီအတိုင်း မှောင်ကြီးထဲမှာ ထိုင်နေတာ။ ခပ်မဲ့မဲ့ ရုပ်အင်္ကျီနဲ့ အမှောင်ထဲထိုင်နေ

တဲ့ ကူမီကို ကိုမြင်ရတာ နေရာမှားပြီးရောက်လာတဲ့ ခရီးဆောင်အိတ်ကြီးကျနေတာပဲ။

ရေစိုနေတဲ့ ဆံပင်တွေကို တဘက်နဲ့ သုတ်ရင်း ကျွန်တော် သူ့ရှေ့က ဆိုဖာပေါ်ထိုင် ချလိုက်တယ်။ ကူမီကိုက လေသံလေးနဲ့ ...

"ကလေးတော့ သေပြီထင်ပါတယ်၊ သူ သေပြီဆိုတာ မ သိနေတယ်ကို" တဲ့ ။

"ဟာ ... မရှူးစမ်းပါနဲ့ မရယ်။ အချိန်တန်လို့ ဗိုက်ဆာတော့ ဒီကောင်ပြန်လာမှာ ပေါ့။ အရင်လည်း ဒီအတိုင်းပဲ မဟုတ်လား၊ တို့ ကို ဝင်ဂျိမှာ နေတုန်းကလေ"

"မတူဘူး ကို ရဲ့ ၊ မ သိနေတယ်၊ ကလေး သေပြီ၊ မြက်ရိုင်းပင်တွေကြားမှာ ခွေခွေလေး သေနေရှာမှာ ၊ အိမ်လွတ် ခြံဝန်းထဲမှာ ကို သေချာမရှာခဲ့ဘူး မဟုတ်လား"

"သူများ အိမ်ထဲတော့ ဘယ်ဝင်လို့ ဖြစ်မလဲ၊ လူမနေဘူးဆိုပေမယ့် ပိုင်ရှင်ရှိတယ်လေ"

"ကို ပြောတော့ သွားရှာတယ်ဆို၊ ဒါဆို ဘယ်လို သွားရှာတာလဲ၊ ကို မရှာခဲ့ဘူး မဟုတ်လား၊ မရှာလို့ မတွေ့တာပေါ့"

ဒုက္ခပါပဲ၊ စိတ်ညစ်ပါတယ်။ ဘာပြန်ပြောရမှန်းမသိတာနဲ့ ဆံပင်ကို တဘက်နဲ့ ဖိပွတ်နေလိုက်တယ်။ ကူမီကိုကတော့ တသိမ့်သိမ့်တုန်ပြီး ငိုနေပြီ။ အေးလေ ...

ဒီကြောင်ကို သူသိပ်ချစ်တာကိုး။ ကျွန်တော်တို့ မင်္ဂလာဆောင်ပြီးက တည်းက မွေးထားတာဆိုတော့ သူချစ်မှာ ပေါ့။ ကျွန်တော်လည်း ချစ်တာပါပဲ။ တဘက်ကို တန်းပေါ်လွှားလိုက်ပြီး မီးဖိုခန်းထဲ ဝင်လာလိုက်

တယ်။ ဘီယာအေးအေးတစ်ဗူးတော့ သောက်ဦးမှ ။ ဒီနေ့ဘာတွေ ဖြစ်နေမှန်းကို မသိပါဘူး။ တကယ့်ကို သောက်ရူးနေ့တစ်နေ့ပဲ။ သောက်ရူးနှစ်၊ သောက်ရူးလရဲ့ သောက်ရူး နေ့တစ်နေ့ပေါ့။

နိုဘိုရုဝတရာ၊ မင်းဘယ်ရောက်နေတာ၊ တေးဆိုင့်ကင်ယ် လှပဂေး၊ တောင်ပံဖြန့်ဖို့ မေ့နေသေး။

စိတ်ထဲက စာကြောင်းတွေ အလိုလို အန်ကျလာတယ်။ ဟုတ်ပ ... ဒါကဗျာ တစ်ပုဒ်ပေါ့။

နိုဘိုရုဝတရာ

မင်းဘယ်ရောက်နေတာ

တေးဆိုင့်ကင်ယ် လှပဂေး

တောင်ပံဖြန့်ဖို့ မေ့နေသေး

ဘီယာဗူးတစ်ဝက်ကျိုးတော့ ဖုန်းမြည်လာပြန်တယ်။ မှောင်မိုက်မှာ ငိုနေတဲ့ ကူမီကို ကို ကျွန်တော် လှမ်းပြောလိုက်တယ်။

"ဖုန်းမြည်နေတယ်၊ ကိုင် လိုက်လေ"

"မကိုင်ဘူး၊ ရှင့်ဟာရှင်ကိုင်"

"မကိုင်ချင်နေပေါ့၊ ငါလည်း မကိုင်ဘူး"

ဖုန်းက ဆက်မြည်နေတယ်။ ဖုန်းမြည်သံဟာ အမှောင်ထုထဲကို နစ်ဝင်သွားတယ်။ ကျွန်တော်ရော ကူမီကိုပါ ဘာတစ်လုံးမှ မပြောမိကြဘူး၊ ကျွန်တော်က ဘီယာဆက်သောက်၊ ကူမီကိုက ဆက်ငိုပေါ့လေ။ အကြိမ်နှစ်ဆယ်လောက်ထိတော့ ဖုန်းမြည်နေတာကို ကျွန်တော်စိတ်ထဲက လိုက်ရေကြည့်နေသေးတယ်။ နောက်တော့လည်း မရေတော့ပါဘူး။တစ်

သက်လုံး ရေတွက်နိုင်စရာ အကြောင်းမရှိဘူးလေ။

* * *

(၂)
လပြည့်ညနှင့် နေကြတ်ချိန်
ဧောင်းထဲမှ သေလုဆဲဆဲ မြင်းများ

နောက်ဆုံးမှာ လူတစ်ယောက်က အခြားတစ်ယောက်ကို အပြည့်အဝ နားလည်မှုရှိသွားတယ်ဆိုတာဖြစ်နိုင်သလားဗျာ။ ကျွန်တော်တို့ ဟာ အချိန်တွေ၊ အင်အားတွေ အကုန်ခံပြီး လူတစ်ယောက်ယောက်ရဲ့ အကြောင်းကို နားလည်ဖို့ ကြိုးစားနိုင်တယ်၊ ဒါပေမယ့် သူ့အကြောင်း အမှန်ချေးခါးမကျန် သိဖို့ ဆိုတာကတော့ အတော့်ကို ခက်လိမ့်မယ် ထင်တယ်။ တစ်ယောက်ယောက်နဲ့ တစ်သက်လုံး သိကျွမ်းခင်မင်ရင်းနှီးလာတယ် ဆိုတာနဲ့ ပဲ သူ့အကြောင်းအကုန်သိတယ်လို့ ဘယ်သူပြောနိုင်သလဲ။

အလုပ်ထွက်ပြီး တစ်ပတ်လောက်အထိ ကျွန်တော် အဲဒီကိစ္စကို အကြီးအကျယ် တွေးနေမိတယ်။ အရင်တုန်းက ဒါမျိုး တစ်ခါမှ မစဉ်းစားဖူးဘူး။ စား၊ ဝတ်၊ နေ၊ ရေးဆိုတဲ့ အခြေခံလိုအင်တွေနဲ့ လုံးချာလည်လိုက်နေတာကိုး။ စဉ်းစားနေဖို့ အချိန်မရှိဘူးလေ။ ကမ္ဘာ့အကြီးကျယ်ဆုံး ကိစ္စကြီးတွေဟာ သေးသေးမွှားမွှား ဘာမဟုတ်တဲ့ ကိစ္စလေးတွေက အစပြုတယ်ဆိုတာ ဟုတ်မှာ ပဲ။ တစ်မနက်မှာ ကူမီကိုက မနက်စာကမန်းကတန်းစားပြီး အလုပ်ကိုပြေး၊ ကျွန်တော်ကတော့ အဝတ်လျှော်၊ အိပ်ယာခင်း၊ ပန်းကန်ဆေး။ အားလုံးပြီးတော့ ဝရန်တာမှာ ထိုင်ပြီး သတင်းစာဖတ်တယ်။ ကြော်ငြာတွေ ဖတ်တာပါ။ နိဘိုရုဝတရာကလည်း

ကျွန်တော့်နားမှာ ခွေနေတယ်။

နေ့လည်စာစားပြီးတော့ စူပါမတ်ကက်ကိုသွား၊ ညစာအတွက်ဈေးဝယ် ပြီးတော့ အိမ်မှာ သုံးဖို့ အစွန်းချွတ်ဆေးတို့ ၊ တစ်သျှူးတို့ ၊ အိမ်သာသုံးစက္ကူတို့ တစ်ခါထဲ ဝယ်လာခဲ့တယ်။ အိမ်ရောက်တော့ ညစာအတွက် စောစောပြင်ထားပြီး ကူမီကို အိမ်ပြန်အလာကို ဆိုဖာပေါ်ထိုင်ရင်း စာအုပ်တစ်အုပ်နဲ့ မျှော်တာပေါ့။

အဲဒီတုန်းက အလုပ်လက်မဲ့ဖြစ်ကာစဆိုတော့ အိမ်အလုပ်လုပ်ရတာ အရသာရှိသလိုပဲ။ ဘယ်သူ့ဆီ ဖုန်းဆက်၊ ဘယ်ဝါနဲ့ တွေ့ဆိုတာတွေ ဘာမှ မလိုဘူး၊ မျက်ခွက်ကြီးကို မပြုံးချင်ဘဲ ကြိုးစားဖြီးပြထားရတာမျိုးတွေ လုပ်စရာမလိုဘူး။ အကောင်းဆုံးကတော့ ကြိုက်တဲ့ အချိန်၊ ကြိုက်တဲ့ စာအုပ်ကို အေးအေးဆေးဆေး ဖတ်နိုင်တာပဲ။ ဘယ်လောက်ကြာမလဲ မသိပေမယ့် အဲသလိုနေရတာကို သိပ်ကြိုက်တယ်။ အနာဂတ်နောင်ရေးတွေ ဘာတွေလည်း မတွေးချင်သေးဘူး။ အားလပ်ရက် ခံစားနေသလိုပေါ့လေ။ တစ်ချိန်ချိန်တော့ ဒီအခွင့်အရေးကို ကျိန်းသေပေါက်ဆုံးရှုံးရမယ်ဆိုတာ သိပေမယ့် ခုလောလောဆယ်တော့ ပျော်သလို နေလိုက်ဦးမယ်။

ဒါပေမယ့် ညနေပိုင်းရောက်တော့ စာဖတ်ရတာ မပျော်တော့ဘူး။ ကူမီကိုကလည်း ပြန် ရောက်မလာသေးဘူး။ အရင်ကဆို ခြောက်နာရီခွဲရောက်နေကျ၊ ဆယ်မိနစ်လောက်နောက်ကျမယ်ဆိုရင်တောင် ဖုန်းဆက်ပြောတာ။ သူကဒီလိုပဲ။ အရမ်းတိကျတဲ့ မတိကျလေ။ အဲဒီနေ့ကတော့ ခုနှစ်နာရီထိုးတဲ့ အထိ ဖုန်းလည်း မဆက်၊ လူလည်း ရောက်မလာဘူး။ညစာအတွက် အသားတွေ၊ ဟင်းသီးဟင်းရွက်တွေက အဆင်သင့်ပဲ ။ သူပြန်လာတာနဲ့ ပူပူနွေးနွေးချက်ပြီး တန်းစားဖို့ အဆင်သင့် လုပ်ထား

တာလေ။ ထွေထွေထူးထူးတော့လည်း မဟုတ်ပါဘူး။ အမဲသားကို အကွင်းလိုက် ပါးပါးလေးလှီး၊ ကြက်သွန်၊ ငရုတ်ပွလေးထည့် ဆား၊ ငရုတ်ကောင်း သင့်ရုံဖြူးပြီး အိုးကင်းပူတိုက်ကြော်မယ်။ လူပျိုတုန်းက ဘီယာနဲ့ မြည်းဖို့ ခဏခဏ လုပ်စားတဲ့ အစားအသောက်မျိုးပေါ့။ ထမင်းချက်ပြီးပြီ။ ဟင်းရည်က နွေးနေတုန်း။ အသီးအရွက်တွေ အဆင်သင့်လှီးပြီးသား။ သူလာမှ ဟင်းရည်ထဲထည့်လိုက်ရုံပဲ။ ကူမီကို တစ်ယောက်ကလွဲလို့ အားလုံး စုံစုံညီညီပဲ ဆိုပါစို့။ ဗိုက်က အတော်ဆာနေပြီ။ တစ်ယောက်စာ အရင်လုပ်ပြီး အရင်စားလိုက်ရကောင်းမလားတောင် စိတ်ကူးမိသေးတယ်။ ဒါပေမယ့် မလုပ်ဖြစ်ပါဘူး။ မဖြစ်သင့်ဘူးလေ။

ထမင်းစားစားပွဲမှာ ထိုင်၊ ဘီယာမြို့ရင်း၊ ကရက်ကာ မုန့်အဆိမ့်လေ းတေ ့ကို အဆာပြေဝါးနေမိတယ်။ နာရီလက်တံတွေဟာ တစ်ဖြည်းဖြည်းနဲ့ ခုနှစ်နာရီခွဲဆိုတဲ့ အချိန်ဆီကို ရွေ့လာကြတယ်။

ကူမီကို အိမ်ပြန်ရောက်တော့ ကိုးနာရီထိုးပြီးပြီ။ သူကြည့်ရတာ ခြေကုန်လက်ပန်းကျလာသလိုပဲ။ မျက်လုံးတွေကလည်း ရဲလို့ ။ ပြဿနာပဲ။ မကောင်းတဲ့ လက္ခဏာပဲ။ တစ်ခုခုဖြစ်တိုင်း သူမျက်လုံးတွေက အမြဲတမ်း အဲသလိုပဲ။

အိုကေ ... တည်တည်ငြိမ်ငြိမ်လေး၊ သက်တောင့်သက်သာလေး၊ သဘာဝကျကျလေးနေမှ ပဲ။ စိတ်မလှုပ်ရှားမိစေနဲ့ နော်၊ ကျွန်တော် ကိုယ့်ကိုယ်ကို ပြောနေမိတယ်။

"ဆောရီးပဲ ကို ရေ့၊ ဒီနေ့တော့ ဘာတစ်ခုမှ ကို အဆင်မပြေဘူး၊ ဖုန်းခေါ်ဦးမလို့ ပဲ"

"ရပါတယ် မ ရယ်၊ ကိစ္စမရှိပါဘူး၊ တစ်ခါတလေတော့ ဒီလိုပေါ့၊ စိတ်ထဲထားမနေပါနဲ့ "

ပြောရိုးပြောစဉ် လေသံနဲ့ သူ့ကို ပြန်ပြောလိုက်တယ်။ စိတ်ထဲလဲ တကယ်ကို ဘယ်လိုမှ မနေပါဘူး။ ကျွန်တော်လည်း အလုပ်မှာ အဆင်မပြေတာ အကြိမ်ပေါင်းများး စွာဖြစ်ဖူးတာပဲ။ အလုပ်လုပ်ရတယ်ဆိုတာ လွယ်တဲ့ ကိစ္စမှ မဟုတ်ဘဲ။ အ လုပ်သွားတယ်ဆိုတာ ခင်ဗျားခြံထဲက အလှဆုံး နှင်းဆီလေးတစ်ပွင့်ကိုခူးပြီး ခင်ဗျားနဲ့ နှစ်လမ်းကျော်မှာ နေတဲ့ အိပ်ယာထဲလဲနေရာတဲ့ ခင်ဗျားအမေကို သွားတွေ့ပြီး တစ်နေ့လုံး သူနဲ့ အဖော်လုပ်နေရသလို သက်တောင့်သက်သာ ဘယ်ရှိပါ့မလဲ။ တစ်ခါတစ်လေ မလုပ်ချင်တာလည်း လုပ်ရ၊ မတွေ့ချင်တဲ့ လူနဲ့ လည်း တွေ့ရ၊ အိမ်ကို ဖုန်းခေါ်ဖို့ တောင် အခွင့်အရေးမရတာမျိုးလည်း ရှိပါ့။ ဒီနေ့အိမ်ပြန်နောက်ကျမယ်ဆိုတဲ့ စကားလေးတောင် မပြောနိုင်လောက်အောင် အားအင်ကုန်ခန်း မောပန်းရတာမျိုးလည်း အနတဂ္ဂမ။

ကျွန်တော် ညစာ စချက်တယ်။ ကူမီကိုက ရေခဲသေတ္တာထဲက ဘီယာတစ်ဗူးနဲ့ စင်ပေါ်က ဖန်ခွက်တစ်လုံးကိုယူပြီး ဟင်းချက်နေတာကို ခဏကြည့်တယ်။ ပြီးတော့ထမင်းစားပွဲမှာ ထိုင်နေတယ်။ ဘာတစ်ခွန်းမှ မပြောဘူး။ သူ့မျက်နှာ ကြည့်ရတာတော့ ဘီယာသာသောက်နေတယ်။ စိတ်နဲ့ ကိုယ်နဲ့ မကပ်သလိုပဲ။ ဟော ... သူပြောပြီ။

"အရင် စားနှင့် ရောပေါ့"

"ရပါတယ်၊ သိပ်လည်း မဆာပါဘူး"

အသားကြော်နေတဲ့ အချိန်မှာ ကူမီကိုဟာ ကိုယ်လက်သန့်စင်ဖို့ ထွက်သွားခဲ့တယ်။ သူ မျက်နှာသစ်၊ သွားတိုက်လုပ်နေတဲ့ အသံတွေကို ကျွန်တော်ကြားနေတယ်။ ခဏနေတော့ ရေချိုးခန်းထဲကသူထွက်လာတယ်။ သူလက်ထဲ တစ်ခုခုကိုင်ထားသလိုပဲ။ ဟုတ်ပါ့။ နေ့လည်က ကျွန်တော်

ဝယ်လာတဲ့ အိမ်သာသုံး စက္ကူနဲ့ တစ်သျှူးလိပ်တွေကို သူကိုင်လာတယ်။

"ဒါတွေ ဘယ်က ဝယ်လာတာလဲ"

ကျွန်တော့်ကို သူမေးတယ်။ သူ့လေသံက ပျော့စိစိ၊ အားမရှိတဲ့ ပုံ။ ဒ ယ်အိုးကိုင်ထားရင်း တန်းလန်းက ကျွန်တော်သူ့ကို ကြည့်လိုက်တယ်။ သူကိုင်ထားတာတွေကို ကြည့်မိတယ်။ သူ ဘာပြောချင်ပါလိမ့်။

"ဘာဖြစ်လို့ လဲ မ၊ နေ့လည်က အပြင်ထွက်ရင်း ကြုံလို့ ဝယ်ခဲ့တာ လေ၊ ကုန်တော့ မကုန်သေး ပါဘူး၊ ဘာဖြစ်လို့ လဲ"

"ဘာမှ တော့မဖြစ်ပါဘူး၊ ဒါပေမယ့် ကို ဘာဖြစ်လို့ တစ်သျှူး အပြာ ရောင်တွေနဲ့ ပန်းရောင်စုံ စက္ကူလိပ်တွေ ဝယ်လာတာလဲ"

ပြဿနာတော့ စပြီ။ စိတ်ကို ထိန်း၊ အေးအေးသက်သာပြော။

"အဲဒါတွေ ရောင်းနေလို့ ပေါ့ မ ရဲ့ ၊ တစ်သျှူးအပြာနဲ့ သုတ်လို့ မ နှာ ခေါင်း အပြာရောင် ပေါက်သွားမှာ မှ မဟုတ်ဘဲ၊ ပန်းပွင့်ပုံ အိမ်သာသုံးစ က္ကူကရော ဘာဖြစ်နေလို့ လဲ"

"ဖြစ်တယ်၊ဖြစ်တာပေါ့ ကိုရဲ့ ၊ မ အဲဒါတွေကို သိပ်မုန်းတယ် ဘယ် တော့မှ မသုံးဘူးဆိုတာကို မသိဘူးလား"

"ဟင် ... ကို မသိပါဘူး၊ မ က ဘာလို့ မုန်းတာလဲ"

"ဘာဖြစ်လို့ မုန်းတာလဲ ဟုတ်လား၊ အကြောင်းရှိမှ မုန်းရမတဲ့ လား၊ မုန်းလို့ မုန်းတာပေါ့ရှင့်၊ ဖုန်းသေတ္တာတို့ ၊ ပန်းပွင့်ပုံဓာတ်ဗူးတို့ ၊ ခေါင်း လောင်းဘောင်းဘီတို့ ၊ မ လက်သည်း အလှဆင်တာတို့ ကို ကို မုန်းသ လိုပဲပေါ့၊ ဘာဖြစ်လို့ လဲဆိုတာ အကြောင်းပြချက်ရှိမလား၊ မုန်းတာက မုန်းတာပဲ"

များဦးက ကျွန်တော့်ကို တည့်တည့်ကြီး ချိန်ပစ်လိုက်ပါပကော။ ခုန က သူပြောတဲ့ ပစ္စည်းတွေကို ကျွန်တော်မုန်းရတဲ့ အကြောင်းရင်းတွေ ပြောပါဆိုရင် ကျွန်တော်ပြောပြနိုင်ပါတယ်။ ကဲ ... ထားလိုက်ပါတော့။

"ကဲ ... ထားလိုက်ပါတော့ မ ရယ်။ ကိုတို့ အိမ်ထောင်သက် ခြောက် နှစ်အတွင်း မ တစ်ခါမှ တစ်သျှူးအပြာရောင်နဲ့ ပန်းပွင့်ပုံအိမ်သာသုံးစ ကွာ မဝယ်ခဲ့ဖူးဘူးလား"

"မဝယ်ဖူးဘူး၊ တစ်သက်လုံး တစ်ခါမှ ကို မဝယ်ဘူးတာ"

"တကယ် ..."

"တကယ်ပေါ့၊ မ ဝယ်တဲ့ တစ်သျှူးတွေက အဖြူ၊ အဝါ၊ ပန်းရောင်၊ အိမ်သာသုံးစကွာ ဆိုလည်း ဘာပုံမှ မပါတဲ့ ဖြောင်ကိုပဲ အမြဲဝယ်တာ၊ နေပါဦး၊ ဒီလောက် မ နဲ့ နေတာကြာတာတောင် ကို ဒါတွေကို မသိဘူး လား"

သူပြောမှ ပဲ ခြောက်နှစ်လုံးလုံး တစ်သျှူးအပြာနဲ့ ပန်းပွင့်ပုံ အိမ်သာ သုံးစကွာတွေကို တစ်ခါမှ မသုံးခဲ့ရဘူးပါလားဆိုတာကို သတိရတော့တ ယ်။ တော်တော်လည်း တုန်လှုပ်သွားမိတယ်။

"ကဲ ... ပြောလက်စနဲ့ ဆက်ပြောလိုက်ပါရစေဦး၊ အမဲသားကို ငရုတ် ပွနဲ့ ကြော်တာကို မ အမုန်းဆုံးပဲ ဆိုတာကိုရော ကို မသိဘူး မဟုတ် လား"

"အင်း ...ဒါကလေ"

"ဒါက မလေနဲ့ ၊ ခု ကို ကြော်နေတာ မ အနံ့တောင် မခံနိုင်ဘူးသိရဲ့ လား"

"နေစမ်းပါဦး၊ ဒါဆို ကို တို့ ခြောက်နှစ်လုံးလုံး တစ်ခါမှ အမဲသားနဲ့

ငရုတ်သီးပွကိုကြော် မစားခဲ့ဖူးဘူးလား"

ကူမီကိုက ခေါင်းခါပြလိုက်တယ်။

"ငရုတ်ပွနဲ့ ဟင်းသီးဟင်းရွက်သုပ် တွဲစားချင်စားမယ်၊ အမဲသားကို ကြက်သွန်နဲ့ ကြော်ချင်ကြော်မယ်၊ အမဲသားနဲ့ ငရုတ်ပွတော့ တစ်ခါမှ တွဲမကြော်ဖူးဘူး"

ဘာဆက်လုပ်ရတော့မလဲ။ သက်ပြင်းပူကြီးတစ်ချက် မှုတ်ထုတ်လိုက်မိတယ်။

"ဒီလို လုပ်နေတာ ထူးဆန်းတယ်လို့ ကိုယ့်ဖာသာကိုယ် မထင်မိဘူးလား"

"ထူးဆန်းတယ်လို့ ထင်ရမယ်၊ ကို ဖြင့်သတိတောင် မထားမိပါဘူး"

အိမ်ထောင်သက်တစ်လျှောက်လုံး အမဲသားနဲ့ ငရုတ်ပွကြော်ကို စားခဲ့ရဖူးသလား၊ မစားခဲ့ရဖူးဘူးလားဆိုတာ ကျွန်တော် အပြင်းအထန် စဉ်းစားတယ်။ မမှတ်မိပါဘူး။ ကူမီကိုက ကျွန်တော့်ကို စိုက်ကြည့်နေတယ်။

"ကို ဘယ်သိမလဲ။ ဒီလောက်ကြာကြာနေလာတာတောင် မ ကို ဂရုစိုက်ဖော်မှ မရတာ။ အမြဲတမ်း ကိုယ့်အတွက်ပဲ ကိုယ်ကြည့်နေတာကိုး"

ဂတ်စ်အိုးကို ပိတ်ပြီး ဒယ်အိုးကို လက်က ချလိုက်တယ်။

"ခဏနေစမ်းပါဦးကွာ၊ မ ပြောတာ ဟုတ်မှာ ပါ၊ တစ်သျှူးပြာတို့ ၊ ပန်းပွင့် စက္ကူလိပ်တို့ ၊ အမဲသားနဲ့ ငရုတ်ပွတို့ ကို ကို သတိမထားမိဘူးဆိုတာ ဟုတ်ပါလိမ့်မယ်၊ ဒါနဲ့ ပဲ မ ကို ဂရုမစိုက်ဘူးလို့ တော့ ကောက်ချက်မဆွဲနဲ့ လေ၊ တစ်သျှူးနဲ့ ပတ်သက်ပြီး ကို အစွဲအလမ်းမရှိဘူးဆိုတာ ဟုတ်တယ်၊ တစ်သျှူးအနက်ကြီး လာပေးရင်တော့ တစ်မျိုးဖြစ်ချင်ဖြစ်မှာ

ပေါ့လေ၊ အဖြူ၊ အပြာ ဘာလာလာသုံးတယ်၊ အမဲသားနဲ့ ငရုတ်ပွလည်း ဒီအတိုင်းပဲ၊ တွဲစားစား၊ ခွဲစားစား ဘာအရေးတုန်း မရယ်။ ရောကြော်လို့ ရတယ်ထင်လို့ ကြော်လိုက်မိတာပဲ။ ကြိုက်လွန်းလို့ ၊ မစားရရင် မနေနိုင်လို့ ၊ စွဲလမ်းလွန်လွန်း အားကြီးလွန်းလို့ မှ မဟုတ်ဘဲ၊ အမဲသားနဲ့ ငရုတ်ပွကြော်နည်း ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားလည်း ကိုဘမှ ဖြစ်မှာ မဟုတ်ဘူး ၊ ဒါပေမယ့် မ ကတော့ နည်းနည်း အကဲဆတ်လွန်းနေသလားလို့ ၊ ကို ပြောတာ မှားလား မ"

ကူမီကိုက ကျွန်တော့်ကို ပြန်မဖြေဘူး။ ဘီယာကို ကုန်အောင်မော့ပြီး ပုလင်းကို တွေကြည့်နေတယ်။ စိတ်ပေါက်ပေါက်ရှိတာနဲ့ ကြော်ထားတာတွေအားလုံး အမှိုက်ပုံးထဲ ဆောင့်သွန်ချလိုက်တယ်။ ခုနက အစားအသောက်၊ ခုတော့ အမှိုက်ပေါ့။ ဘီယာတစ်လုံး ဖောက်ပြီး မော့ချလိုက်တယ်။

"ကို ဘာလုပ်တာလဲ"

"မ ပဲ မုန်းတယ်ဆို"

"ကို စားလို့ ရတာပဲ"

"ခု မစားချင်တော့ဘူး"

ကူမီကိုက ပုခုံးကို တွန့်ပြလိုက်တယ်။

"သဘောတော်မြတ် အတိုင်းပါပဲရှင်" တဲ့ ။

ပြီးတော့ ထမင်းစားပွဲမှာ လက်ထောက်ထိုင်ရင်း မျက်နှာကို လက်နဲ့ အုပ်ထားတယ်။ ငိုနေတာလား၊ အိပ်ချင်နေတာလား၊ အဲသလိုလဲ မဟုတ်ပြန်ဘူး၊ ဘာမှ မရှိတော့တဲ့ ဒယ်အိုးကို ကြည့်မိတယ်၊ ကျောက်ရပ်လိုထိုင်နေတဲ့ ကူမီကိုဆီ အကြည့်ကရောက်ပြန်တယ်၊ ဘီယာတစ်ငုံငုံ

လိုက်တယ်၊ ရူးပဲ့၊ နှမ်းပဲ့။ ဒုက္ခပေးလှချည်လား၊ တစ်သျှူးအပြာနဲ့ ငရုတ်ပွစိမ်းတို့ ရေ။ ဒီအတိုင်းနေလို့ တော့ မဖြစ်သေးဘူး။ ဒါနဲ့ သူပုခုံးပေါ်လက်တင်ရင်း ...

"အိုကေလေ မ၊ ကို အခုသဘောပေါက်သွားပါပြီ၊ နောက် ဘယ်တော့မှ တစ်သျှူး ပြာနဲ့ ပန်းပွင့်စက္ကူလိပ် မဝယ်တော့ဘူးနော်၊ ကို ကတိပေးတယ်၊ ခုဝယ်လာတဲ့ ဟာတွေလည်း မနက်ဖြန် သွားပြန်လဲလိုက်မယ်၊ လဲမပေးရင်လည်း ခြံထဲမှာ မီးရှို့ပစ်လိုက်မယ်၊ပြီးရင် ပြာတွေကို ပင်လယ်ထဲသွားပစ်မယ်၊ အမဲသားနဲ့ ငရုပ်ပွလဲ ဘယ်တော့မှ ထပ်မကြော်တော့ဘူး၊ အနံ့တွေလည်း မကြာခင်ပျောက်သွားမှာ ပါ၊ တို့ ဒီအကြောင်းခေါင်းထဲက ထုတ်လိုက်ကြစို့ နော် ... မ"

ကူမီကိုက ဘာမှ ပြန်မပြောဘူး။ ကျွန်တော်အပြင်ထွက်ပြီး စိတ်ပြေလက်ပျောက် တစ်နာရီလောက် လမ်းလျှောက်ပစ်လိုက်ချင်တယ်။ ဒါပေမယ့် ကျွန်တော်သိတယ်။ ဒီကိစ္စပြီးမှာ မဟုတ်ဘူး ။ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက် ဖြေရှင်းမှ ဖြစ်လိမ့်မယ်။ ဒါနဲ့ ကျွန်တော် ဆက်ပြောတယ်
။

"မ ပင်ပန်းလာတယ်ဆိုတာ ကို သိပါတယ်ကွယ်၊ ခဏလေးနားလိုက်နော်၊ ပြီးရင် ပီဇာထွက်စားကြမယ်၊ ပီဇာတူတူထွက်မစားတာ ဘယ်လောက်ကြာပြီလဲ၊ ကြက်သွန်လေးတွေနဲ့ အချဉ်လေးတွေနဲ့ လေ၊ ပီဇာအကြီးကြီးတစ်ခုမှာ ပြီး တစ်ယောက်တစ်ဝက် ခွဲစားမယ်လေ၊ မ ကြိုက်တယ်မဟုတ်လားဟင်"

ဒါလဲ အလုပ်မဖြစ်ဘူးဗျား။ ကူမီကို မျက်နှာကို ခုထိ မမြင်ရသေးဘူး ။ လက်ဝါးနဲ့ အုပ်ထားတုန်းပဲ။ ကျွန်တော်လည်း ဘာဆက်ပြောရမှန်းကို မသိတော့ပါဘူး။ ဒါနဲ့ ပဲသူရှေ့ခုံမှာ ထိုင်ချလိုက်ပြီး သူ့ကိုငေးနေမိတယ်

။ သူ့ဆံပင်တွေကြားက နားရွက်ကလေးတစ်ဖက် ထွက်နေတာတွေ့တယ်။ ကျွန်တော်တစ်ခါမှ မမြင်ဘူးတဲ့ ငါးလိုလို ဘာလိုလို ရွေ့နားကပ်ကို သူပန်ထားပါလား။ သူဘယ်က ဝယ်ထားပါလိမ့်။ ဒါကို ကျွန်တော်ကြိုက်လား၊ မကြိုက်ဘူးလားဆိုတာရော သူမေးဖူးလို့ လား။ ဆေးလိပ်သောက်ချင်လာတယ်။ စီးကရက်ကို နှုတ်ခမ်းမှာ တော့၊ မီးညှိ၊ အားရပါးရ ရှိုက်ဖွာလိုက်တယ်။ စိတ်ကူးထဲမှာ ၊ အားရပါးရ ရှိုက်လိုက်တော့ ခုနက အမဲသားနဲ့ ငရုတ်ပွကြော်နဲ့ တွေရတာပေါ့။ ဗိုက်ကလည်း ဆာလိုက်တာ တဂွီဂွီတောင်မြည်လာတယ်။

နံရံပေါ်က ပြက္ခဒိန်ကို ဘာရယ်မဟုတ် ကြည့်မိပြန်တယ်။ ပြက္ခဒိန်က လဆုတ်၊ လကွယ်ရက်တွေပါတယ်၊ ဩဇော် ... လပြည့်နေ့တောင် ရောက်တော့မှာ ပဲ။ ဖျတ်ခနဲ သတိရသွားတယ်။ ဒါဆို ကူမီကို ရာသီလာချိန်ပဲ။

တကယ်ပါ။ အိမ်ထောင်ကျပြီးမှ ပဲ ကိုယ့်ကိုယ်ကို နေစကြဝဠာစနစ်အတွင်း နေကို လှည့်ပတ်နေတဲ့ ဂြိုဟ်ကိုးလုံးထဲက တတိယမြောက်ဖြစ်တဲ့ ကမ္ဘာဆိုတဲ့ ဂြိုဟ်ပေါ်မှာ အသက်ရှင်နေထိုင်နေတဲ့ လူဖြစ်ကြောင်း၊ ကမ္ဘာဟာ နေကို အချိန်မှန် လှည့်ပတ်နေကြောင်း၊ ကမ္ဘာကိုလည်း ဂြိုဟ်ရံလဆိုတာက အချိန်မှန် လှည့်ပတ်နေကြောင်း၊ ကျွန်တော်ကြိုက်ကြိုက် မကြိုက်ကြိုက် အဲဒီဖြစ်ရပ်တွေ ဟာ ထာဝရ (ထာဝရဆိုတာ ကျွန်တော် အသက်ရှင်နေသမျှကာလပတ်လုံးကိုဆိုလိုတာ) ဖြစ်နေမှာ ဖြစ်ကြောင်း၊ အဲသလို လက ကမ္ဘာကို လှည့်နေလို့ ပြည့်တစ်ခါ၊ ဆုတ်တစ်လှည့်ဖြစ်နေကြောင်းနဲ့ လပြည့်နေ့တိုင်း အတိအကျပြောရရင် နှစ်ဆယ့်ကိုးရက်တစ်ခါ ကူမီကို ရာသီလာတတ်ကြောင်း ဆိုတာတွေကို တိတိကျကျ သိရတော့သဗျ။ ရာသီပန်းပွင့်ချိန်ဟာ သူ့အတွက်တော့ တကယ့်ကို ခက်ခဲတဲ့ အချိန်တွေပါပဲ။ ရာသီမလာခင် သုံးလေးရက်လောက်ဆို သူဂနာမငြိမ်ဖြ

စ် လာပြီ၊ စိတ်ဓာတ်တွေကျ လာပြီ၊ ဒီလိုနဲ့ သူ့ရာသီစက်ဝန်းဟာ ကျွန်တော့်ရာသီစက်ဝန်းဖြစ်လာခဲ့တယ်။ အဲဒီအချိန်ဆို အများ အယွင်းမရှိအောင် သတိထားပြီး နေရတယ်။ သူ့စိတ်က အကဲဆတ်လွန်းတာကိုး။ အိမ်ထောင်မကျခင်ကတော့ သူ့ဟာသူ လပြည့်ပြည့်၊ ဆုတ်ဆုတ်၊ ကွယ်ကွယ် ကိုယ့်အလုပ် မဟုတ်ဘူး လို့ သဘောထားခဲ့တာပေါ့။ ခုတော့လည်း ဖိုးရွှေလမင်းဟာ ကိုယ်နဲ့ ဆိုင်လွန်းလို့ ဟိုဖက်ကမ်းတောင် လွန်သေးဆိုတာမျိုးဖြစ်နေတာကြာပြီ။

ကူမီကိုနဲ့ မညားခင် မိန်းမ အတော်များများ နဲ့ ငြိခဲ့ဖူးပါတယ်။ သူတို့ရာသီလာချိန်ကိုတော့ သိသလိုလို မသိသလိုလိုပဲ။ တစ်ချို့က သေလုမျောပါး၊ တစ်ချို့က လွယ်လွယ်ကူကူ၊ တစ်ချို့ကသုံးရက်လောက်၊ တစ်ချို့က တစ်ပတ်လောက်၊ တစ်ချို့က အချိန်မှန်မှန်၊ တစ်ချို့က တစ်ပတ် ဆယ်ရက် နောက်ကျ၊ နောက်ကျတဲ့ လူနဲ့ တိုးရင် ကျွန်တော်လည်း မျက်လုံး မျက်ဆန်တွေပြူးလို့ ပေါ့။ တစ်ချို့က စိတ်ဂယောက်ဂယက်၊ တစ်ချို့ကတော့ ဘာမှ မဖြစ်သလို။ ဒါပေမယ့် ကူမီကိုနဲ့ လက်မထပ်မီအချိန်အထိ ဘယ်မိန်းမနဲ့ မှ မီးနီမဖြတ်ဘူးတာတော့ သေချာတယ်။ ကူမီကိုနဲ့ ဘဝတစ်ခု မထူထောင်ခင်အထိ ကျွန်တော့်အတွက် သဘာဝတရားရဲ့ ထပ်ကျော့သံသရာဆိုတာ ရာသီဥတု ပြောင်းလဲမှုလောက်ပဲ သိခဲ့တယ်။ ဆောင်းတွင်းဆို သိမ်းထားတဲ့ ကုတ်အင်္ကျီတွေထုတ်ရမယ်။ နွေဆို အပြေးဖိနပ်ထုတ်စီးမယ်။ ဒါလောက်ပဲ။ မိန်းမရပြီးမှ သဘာဝရဲ့ ထပ်ကျော့သံသရာ တစ်ခုဖြစ်တဲ့ လပြည့်လကွယ်ဆိုတာကို သတိထားမိတယ်။ မထားမိလို့ လဲ မရဘူး။ ကူမီကိုက ရာသီမှန်တဲ့ အမျိုးအစားထဲမှာပါတာကိုး။ သူ့ရာသီမလာတော့ဘူးဆိုရင် ကိုယ်ဝန်ရှိလာလို့ ပဲဖြစ်မယ်။ သူ့ရာသီကလည်း စောစောကပြောခဲ့သလို လပြည့်ခါနီးတိုင်း အချိန်မှန်ပဲ။ ကူမီကို ခေါင်းမော့လာခဲ့တယ်။

"တောင်းပန်ပါတယ် ကို ရယ်၊ မ သိပ်ပင်ပန်းနေတယ်၊ စိတ်လည်း တိုနေတယ်"

"စိတ်ထဲ ထားမနေနဲ့ ၊ ကို က ဘာမှ မဖြစ်ဘူး၊ စိတ်ပင်ပန်းနေတာ ခုလို ပြောဆိုလိုက်ရတော့လည်း တစ်မျိုးတော့ ကောင်းတယ် မဟုတ်လား ၊ စိတ်ထဲပေါ့သွားတာပေါ့"

ကူမီကိုက အသက်ကို ဖြည်းဖြည်းချင်း ရှူသွင်းလိုက်၊ ရှူထုတ်လိုက် လုပ်နေတယ်။ ပြီးမှ ...

"ကို ကျတော့ရော" တဲ့ ။

"ဘာ ကိုကျတော့ရောလဲ"

"ကို စိတ်ပင်ပန်းရင် မ ကို အဲသလို မပြောဆိုဖူးဘူးလေ၊ အဲဒီတော့ စိတ်ပင်ပန်းရင် ကို ဘာလုပ်သလဲပြော"

ကျွန်တော် ခေါင်းယမ်းလိုက်တယ်။

"မသိပါဘူးကွာ၊ သတိတောင် မထားမိပါဘူး"

"ကြည့်ရတာ ကို က မျိုသိပ်ထားပုံရတယ်၊ ဟုတ်လား"

"မပြောတတ်ပါဘူး၊ ဟုတ်ချင်ဟုတ်မှာ ပေါ့"

ကူမီကိုဟာ ဘီယာပုလင်းလွတ်ကို စိုက်ကြည့်နေတယ်။ လက်ချောင်းလေးတွေနဲ့ ပုလင်းကို ပွတ်သပ်ကစားနေတယ်။

"ရာသီလာတော့မယ်လေ၊ ဒါကြောင့် လည်း မကြည်မသာဖြစ်တာ ပေါ့"

"ကို သိသားပဲ၊ ဒီကိစ္စနဲ့ တော့ စိတ်ဆင်းရဲခံမနေပါနဲ့ မ ရယ်၊ မ တစ် ယောက်တည်းမဟုတ်ပါဘူး၊ မြင်းတွေဆို လပြည့်ညမှာ အကောင်ပေါင်း

များ စွာသေကြေတာ၊ ပိုတောင် ဆိုးသေးတယ်"

ကူမီကိုက ပါးစပ်လေးဟပြီး ကျွန်တော့်ကို ငေးရင်းက-

"ဘယ်နှယ့် မြင်းတွေက ပါလာတာလဲ"

"ဟိုတစ်နေ့က စာစောင်တစ်ခုမှာ ဖတ်လိုက်ရတာ၊ မ ကို ပြောပြဦး မလို့ ပဲ၊ တိရိစ္ဆာန်ဆရာဝန်တစ်ချို့နဲ့ လုပ်တဲ့ အင်တာဗျူးအကြောင်းကို ရေးထားတာလေ၊ သူတို့ အပြောအရတော့ မြင်းတွေရဲ့ ကာယနဲ့ စိတ္တသုခကို လက လွှမ်းမိုးမှုရှိသတဲ့ ၊ လပြည့်ခါနီးရင် မြင်းတွေရဲ့ ဦးနှောက်လှိုင်းတွေက ကမောက်ကမဖြစ်လာတတ်သတဲ့ ၊ ခန္ဓာကိုယ်ကလည်း ရောဂါမျိုးစုံ ဖြစ်လာတတ်တယ်တဲ့ ၊ လပြည့်နေ့ဆိုရင် အတော်များများ နေမကောင်းဖြစ်ပြီး သေကုန်ကြသတဲ့ ၊ ဘာဖြစ်လို့ အဲသလိုဖြစ်ရသလဲ ဆိုတာ ဘယ်သူမှ သေချာမသိဘူးတဲ့ ၊ ဒါပေမယ့်အဲသလိုဖြစ်တာကတော့ သေချာသတဲ့ ၊ သိပ္ပံနည်းကျသက်သေပြထားတာတွေ အခိုင်အမာရှိသတဲ့ ၊ ဒါကြောင့် မြင်းဆရာဝန်တွေဟာ လပြည့်ညတွေဆို အလွန်အလုပ်များ လေ့ရှိတယ်တဲ့ "

"စိတ်ဝင်စားစရာပဲနော်"

"နေဦး၊ မပြီးသေးဘူး၊ နေကြတ်ချိန်များ ဆို ပိုတောင်ဆိုးသေးသတဲ့ ၊ မြင်းဆိုတဲ့ သတ္တဝါ အတွက်တော့ ဒုက္ခအတော် များ တယ်လို့ ပြောရမှာပဲ၊ နေလုံးဝကြတ်တဲ့ အချိန်မှာ မြင်းတွေ ဘယ်လောက်တောင်သေသလဲ ဆိုရင် ရေတွက်လို့ တောင် မရလောက်အောင်ပဲတဲ့ ၊ ဒီတော့ မ ရယ်၊ ဒီလောက်သနားစရာကောင်းတဲ့ သတ္တဝါတွေနဲ့ ယှဉ်လိုက်ရင် ခု မ ခံစားနေရတယ်ဆိုတာ ဘာဟုတ်သေးလို့ လဲနော်၊ ဒါကြောင့် ကိုယ့်ကိုယ်ကို ဒုက္ခခံမနေနဲ့ ၊ မြင်းတွေ သေနေရတာကို စဉ်းစားကြည့်၊ လပြည့်ည၊ မြင်းဇောင်းထဲမှာ ၊ ပါးစပ်က အမြှုပ်တွေ တစီစီထွက်ရင်း သေငယ်ဇော နဲ့

မျောလို့ ပေါ့"

ကူမီကိုဟာ ငြိမ်ကျသွားတယ်။ သူစိတ်ထဲမှာ မြင်းတွေ သေနေပုံကို မြင်ယောင်ကြည့်နေတယ်ထင်ပါရဲ့ ။ နောက်ဆုံးတော့ သူစကားပြောလာတယ်။ စိတ်လည်း နည်းနည်းကြည်သွားပုံပါပဲ။

"အင်းလေ ... ဟုတ်ပါတယ်၊ ကို ကသိပ်တော်တာပဲ၊ အရောင်းမြှင့်တင်ရေး တာဝန်ခံသာ လုပ်လို့ ကတော့ ဘာပစ္စည်းပဲဖြစ်ဖြစ်ကို ရောင်းရင်ရမှာ ပဲနော်"

"ဒါပေါ့ မိန်းမရယ်၊ ကဲ အင်္ကျီလဲ၊ ကို တို့ ပီဇာသွားစားကြစို့"

* * *

အိပ်ခန်းတစ်ခန်းလုံး မှောင်မည်းနေတာပဲ။ ကူမီကိုနားမှာ လဲနေရင်း ညနှစ်နာရီထိုးပြီးတဲ့ ထိ ကျွန်တော် အိပ်မပျော်ဘူး။ မျက်နှာကြက်ကို ငေးနေမိတယ်။ ဒီမိန်းမအကြောင်းငါ ဘယ်လောက်သိ သလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးနေမိတယ်။ ကူမီကိုကတော့ စိတ်ချမ်းသာ၊ လက်ချမ်းသာနဲ့ အိပ်မော ကျနေရှာတယ်။ တစ်သျှူးအပြာရောင်၊ ပန်းပွင့်ပုံ အိမ်သာသုံးစက္ကူ၊ အမဲလွှာနဲ့ အစိမ်းရောင် ငရုပ်ပွတွေဟာ ခုထက်ထိ ကျွန်တော့်အာရုံထဲက ထွက်မသွားကြသေးဘူး။ တကယ်ပါပဲ။ ဒီလောက်ကြာတဲ့ ထိ သူဒါတွေကို ခါးခါးသီးသီး မုန်းတယ်ဆိုတာ ကျွန်တော်မသိခဲ့တာလည်း ကိုယ့်ကိုယ်ကို အံ့သြမိတယ်။ ဘာမဟုတ်တဲ့ အပရိုက အသေးအဖွဲကိစ္စလေးတွေ ဆိုပေမယ့်လည်း ၊ နှစ်ရက်လောက်ကြာရင် မေ့သွားမယ်ဆိုပေမယ့်လည်း ခု ဒီဟာတွေက ကျွန်တော့်ကို တစစ်စစ်နဲ့ ဒုက္ခပေးနေတယ်။ လည်ပင်းမှာ ငါးရိုးစူးနေသလိုပဲ။ အရင်ထင်ခဲ့သလို ပေါ့သေးသေးကိစ္စတွေ မဟုတ်ဘူး ဆိုတာ သတိထားမိလာတယ်။ အရှိ

က်ကို အထိုးခံရသလို မရှုနိုင်မကယ်နိုင်ဖြစ်လာမယ့် ကိစ္စတွေရဲ့ နိဒါန်းအစလို့ လည်း ခံစားနေရတယ်။ ကူမီကိုရဲ့ သီးသန့်ကမ္ဘာ ဝင်ပေါက်အဝမှာ မတ်တပ်ရပ်နေရသလိုပါပဲ။ အရင်က အဲဒီကမ္ဘာလေးရှိနေမှန်းတောင် မသိခဲ့ပါဘူး။ သူ့ကမ္ဘာလေးဟာ ကျွန်တော့် အမြင်မှာ တော့ ကျယ်ဝန်းကြီးမားပြီး မှောင်မည်းနေတဲ့ အခန်းလေးတစ်ခုပဲ။ မီးခြစ်ကလေးကိုင်ပြီး အပေါက်ဝမှာ ကျွန်တော်ရပ်နေတယ်။ မီးခြစ်ရဲ့ အလင်းရောင်က ပြသမျှကိုပဲ ကျွန်တော်မြင်ရတယ်။ မမြင်နိုင်တာတွေ အများကြီးကျန်နေသေးတာပေါ့။

အဲဒီ မမြင်ရသေးတဲ့ အစိတ်အပိုင်းတွေကို ကျွန်တော် ဒီတစ်သက် မြင်ခွင့်ရော ရပါ့ဦးမလား။ အိုမင်းရွတ်တွပြီး သေဆုံးချိန်အထိ အဲဒီအရာတွေဟာ လျှို့လျှို့ဝှက်ဝှက်နဲ့ ကျွန်တော့်မြင်ကွင်းအောက်ကို အရောက်မခံဘဲ နေကြမှာ လား။ တကယ်လို့ များ ဒါတွေကို ကျွန်တော်သိခွင့်မရရင် ကျွန်တော်တို့ အိမ်ထောင်ရေးဟာ ဘယ်လိုမျိုးဖြစ်မလဲ။ သူ့ အကြောင်းဘာမှ မသိတဲ့ အဖော်တစ်ယောက်နဲ့ အိပ်ယာအတူဝင်ရတာ အိမ်ထောင်ရေးလား။

ကျွန်တော် တစ်ညလုံးနီးပါး စဉ်းစားနေမိတယ်။ နောက်ရက်တွေမှာလည်း အဲဒီအကြောင်းက မကြာမကြာခေါင်းထဲရောက်ရောက်လာတယ်။ ဘဲဥအစရှာမရတဲ့ ပြဿနာကြီးတစ်ခုရဲ့ လမ်းကြောင်းပေါ်ရောက်နေပြီဆိုတာ ကိုယ့်ကိုယ်ကို သတိထားမိချိန်မှာတော့ အတော်နောက်ကျသွားခဲ့ပြီလေ။

* * *

(၃)
မော်လ်တာ ကာနိုရဲ့ ဦးထုပ်
ရှာဘတ်တုန်း၊ အယ်လ်လန် ဂင်းစ်ဘတ်ခ်နှင့်
ဘုရားသခင်၏ စစ်သည် တော်များ

နေ့လည်စာ ချက်နေရင်းတန်းလန်း ဖုန်းကမြည်လာပြန်ပြီ။ ပေါင်မုန့်နှစ်ချပ်လှီး၊ ထောပတ်သုပ်၊ ခရမ်းချဉ်သီး အကွင်းလေးတွေထည့်၊ ချိစ်ထည့်၊ သပ်သပ်ရပ်ရပ်ညှပ်ပြီး မားနဲ့ လှီးနေတုန်း ဖုန်းမြည်လာတာ။ ဖုန်းသုံးကြိမ်မြည်တော့ ကျွန်တော့် ဆန်းဒဝစ်ချ်ကို လှီးပြီးပြီ။ ပန်းကန်ထဲထည့်ပြီး ကော်ဖီတစ်ခွက် ထည့်လိုက်တယ်။ ဖုန်းက ဆက်မြည်နေတုန်းပဲ။

ဆယ့်ငါးကြိမ်လောက် တောက်လျှောက်မြည်နေတော့ ကျွန်တော် သွားကိုင်လိုက်ရတယ်။ ဖုန်းမပြောချင်ပေမယ့် ကူမီကို ဆက်နေရင် ဘယ်လိုလုပ်မလဲဆိုတဲ့ အတွေးနဲ့ ကိုင်လိုက်ရတာ။

"ဟယ်လို"

လာပြန်ပြီ၊ တစ်ခါမှ မကြားဘူးတဲ့ မိန်းမတစ်ယောက်ရဲ့ အသံ။ ကူမီကိုလည်း မဟုတ်၊ ဟိုတစ်နေ့က ဖုန်းဆက်တဲ့ ဆယ်မိနစ်မလည်း မဟုတ်ဘူး ။

"မစ္စတာ တိုရုအိုကာဒါလားရှင်"

သူ့အသံကတော့ စာဖတ်ပြနေသလိုပဲ။

"ဟုတ်ပါတယ်၊ ခင်ဗျားက ..."

"ကူမီကိုအိုကာဒါရဲ့ အမျိုးသားနော်"

"ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ပါတယ်"

"သူ့အကိုက နိုဘိုရုဝတရာနော်"

"ဟုတ်ကဲ့။ ကျွန်တော့် ယောက်ဖပေါ့"

ဘာတွေမေးနေမှန်းလည်း မသိဘူး။ စိတ်ကို ရှည်ရှည်ထားနိုင်အောင် ကြိုးစားနေရတယ်။

"ကျွန်မက မော်လ်တာကာနိုပါရှင်"

ကျွန်တော်စောင့်နေလိုက်တယ်။ သူမှာ ဆက်ပြောစရာ ရှိဦးမယ်ထင်တယ်။ ယောက်ဖနဲ့ ပတ်သက်တဲ့ အကြောင်းများ လား၊ အရေးထဲ ဂုတ်ကယားလာလို့ ဖုန်းနားမှာ တွေ့တဲ့ ခဲတံဖင်ပိုင်းနဲ့ ကုတ်လိုက်ရသေးတယ်။ ဟိုဖက်က မိန်းမက ဘာမှ မပြောဘဲ ငါးစက္ကန့်လောက် ငြိမ်နေတယ်။ ဘာသံမှ မကြားရဘူး။ ဖုန်းချသွားတာလည်း မဟုတ်ဘူး ။ဖုန်းခွက်ကိုလက်နဲ့ ပိတ်ပြီး တစ်ယောက်ယောက်ကို စကားပြောနေတာများလား။ကျွန်တော်က ဟယ်လို၊ ဟယ်လို လုပ်လိုက်တယ်။

"ဩော် ... စိတ်မရှိပါနဲ့ နော်၊ ခဏနေရင် ကျွန်မ ပြန်ခေါ်ပါ့မယ်"

"ခဏလေး နေ နေ ..."

ဖုန်းချသွားပြီ။ ဖုန်းခွက်ကို နားနဲ့ ကပ်ပြီး နားထောင်သေးတယ်။ ချသွားတာ သေချာတယ်။ စိတ်လက်မကြည်မသာနဲ့ ဘဲ ကျွန်တော် ထမင်းစားခန်းထဲ ပြန်ဝင်လာရတယ်။ ကော်ဖီသောက်၊ ဆန်းဒဝစ်ချ်စား။ တယ်

လီဖုန်းမမြည်ခင် ကျွန်တော် တစ်ခုခုကို စဉ်းစားမိမှန်း သိနေပေမယ့် ဘာကိုစဉ်းစားမိသလဲဆိုတာ မမှတ်မိတော့ဘူး။ ညာဖက်လက်နဲ့ ဓားကို ကိုင်ပြီး ပေါင်မုန့်ကိုထက်ခြမ်းလှီးနေတဲ့ အချိန်တုန်းက ကျွန်တော်တစ်ခုခုကို စဉ်းစားမိတာသေချာတယ်။ တော်တော်လေး အရေးကြီးတဲ့ တစ်ခုခုပဲ။ ဒါပေမယ့် ခု လုံးဝပြန်ဖော်လို့ မရဘူး။ လေးထောင့်ပေါင်မုန့်ဟာ သုံးမြှောင့် ဆန်းဒဝစ်ချ်နှစ်ခုအဖြစ် ကွဲထွက်သွားချိန်မှာ အဲဒီအတွေးကဝင်လာတာ။ အဲဒါ ဘာလဲ။ ဆန်းဒဝစ်ချ်ဝါးရင်း ကျွန်တော် အပြင်းအထန် ပြန်စဉ်းစားတယ်။ ဘယ်လိုမှ ကို ပေါ်မလာပါဘူး။ ကြည့်ရတာတော့ ကျွန်တော့်အတွေးကမ္ဘာရဲ့ အမှောင်ခြမ်းဖက်ကို အဲဒီအတွေးရောက်သွားပြီထင်ပါရဲ့ ။

* * *

စားသောက်ပြီးလို့ ဆေးကြောနေချိန်မှာ ဖုန်းထပ်မြည်လာတယ်။ မြည်မြည်ချင်း ချက်ချင်း ကောက်ကိုင်လိုက်တယ်။

"ဟယ်လို" တဲ့ ။ ဒီတစ်ခါတော့ ကူမီကို့ အသံပဲ။

"နေ့လည်စာ စားပြီးပြီလား ကို"

"အင်း ... မ ရော"

"ဘာမှ မစားရသေးဘူး၊ အလုပ်တွေရှုပ်လွန်းလို့ ၊ ခဏနေမှ ဆန်းဒဝစ်ချ်လေး တစ်ခုဝယ်ပြီး တစ်ခုခုနဲ့ မျှောချလိုက်တော့မယ်၊ ကို ရော ဘာစားလဲ"

ဆန်းဒဝစ်ချ်ပေါ့၊ လုပ်ပုံလုပ်နည်းတောင် သူ့ကို ပြောပြနေမိသေးတယ်။

"အင်း ... အင်း၊ သြော် နေဦး၊ မစ္စကာနိုဆိုတဲ့ အမျိုးသမီးတစ်ယောက် ဖုန်းခေါ်လိမ့်မယ်၊ အဲဒါပြောမလို့ ဟာ"

"ခုနကပဲ ခေါ်ပြီးပြီ။ တို့ နာမည်တွေမေးတယ်၊ ယောက်ဖကိုလည်း မေးတယ်၊ ပြီးတော့ ဖုန်းချသွားရော၊ ဘာမှ လည်း မပြောသွားဘူး၊ ဘာကိစ္စတဲ့ လဲ"

"သူက ဖုန်းချသွားတယ်၊ ဟုတ်လား ကို"

"ပြန်ခေါ်မယ်လို့ တော့ ပြောသွားတယ်"

"အင်း ... ခေါ်မှာ ပါ။ ဒီမှာ ကို၊ မ ပြောမယ်၊ သေချာနားထောင်၊ သူ ပြောတာတွေ ကို လုပ်ရမယ်နော်၊ အရေးကြီးတယ်၊ ကြည့်ရတာ ကို သူ့ ကိုသွားတွေ့ရမယ် ထင်တယ်"

"ဟင်- ဘယ်တော့လဲ၊ ဒီနေ့လား"

သူနဲ့ သွားတွေ့၊ သူပြောတဲ့ အတိုင်းသာ လုပ်လိုက် ကိုရယ်၊ သိတယ်နော်၊ ဖုန်းစောင့်နေလိုက် ကြားလား ...သွားပြီ"

* * *

တရေးတမော နှပ်နေတုန်း ဖုန်းမြည်လာတယ်။ နေ့လည် နှစ်နာရီခွဲ။ ပထမတော့ အိပ်ချင်မူးတူးနဲ့ နာရီနှိုးစက်သံ ထင်နေသေးတယ်။ ယောင်ပြီးတောင် လှမ်းပိတ်လိုက်သေးတယ်။ ဒါပေမယ့် အနားမှာ နာရီမှ မရှိဘဲ။ ဝရန်တာက ခုံရှည်ပေါ်မှာ အိပ်နေတာလေ၊ အိပ်ခန်းထဲက ကုတင်ပေါ်မှာ မှ မဟုတ်ဘဲ။ ပြီးတော့ မနက်ခင်းလည်း မဟုတ်၊ နေ့လည်ခင်းကြီး၊ နောက်တော့မှ ဖုန်းလာတာ မှန်းသိလို့ ကမန်းကတန်း ပြေးကိုင်လိုက်တယ်။

"ဟယ်လို၊ မစ္စတာ တိုရှအိုကာဒါလားရှင်"

မနက်က ဆက်တဲ့ မိန်းမပဲ။

"ဟုတ်ကဲ့"

"ကျွန်မ မော်လ်တာကာနိုပါ"

"ဟုတ်ကဲ့၊ ခင်ဗျား မနက်ကဖုန်းဆက်တယ်လေ"

"ဟုတ်ပါတယ်၊ ကျွန်မ နည်းနည်းရိုင်းသလိုဖြစ်သွားရင် ခွင့်လွှတ်ပါရှင်၊ မစ္စတာ အိုကာဒါ ဒီနေ့လည် အားသလား မသိဘူးနော်"

"အင်း ... အားပါတယ်"

"ဒါဆို ကျွန်မတို့ တွေ့လို့ ရမလားရှင်"

"ဟင် ... ဒီနေ့လား၊ ခု လား"

"ဟုတ်ကဲ့ရှင့်"

နာရီကြည့်လိုက်တယ်။ နှစ်နာရီခွဲ။

"ဘယ်လောက် ကြာမလဲ ခင်ဗျ"

"သိပ်မကြာဘူးလို့ တော့ ထင်တာပဲရှင်၊ ကျွန်မလည်း အတိအကျ တော့ မသိဘူးရှင့်၊ တောင်းပန်ပါတယ်နော်"

ကိုင်း ... ကြာကြာ မကြာကြာ ဘာမှ မတတ်နိုင်ပါ။ ကူမီကိုက တွေ့ဖြစ်အောင်တွေ့၊ အရေးကြီးတယ်လို့ ပြောထားပြီးတဲ့ နောက်မှ တော့ သွားတွေ့ရပါတော့မယ်။

"ဟုတ်ပြီလေ၊ ဘယ်မှာ တွေ့ရမှာ လဲ"

"ရှင်နာဂါဝါ ဘူတာနားက ပိစိဖိတ်ဟိုတယ်ဆို အဆင်ပြေမလား"

"ဟုတ်ကဲ့"

"ပထမထပ်မှာ လက်ဖက်ရည်သောက်ခန်းရှိတယ်၊ ညနေလေးနာရီဆို အဆင်ပြေမလား၊ ကျွန်မစောင့်နေပါ့မယ်"

"ဟုတ်"

"ကျွန်မက အသက်သုံးဆယ့်တစ်နှစ်၊ ဦးထုပ်အနီဆောင်းထားမယ်နော်"

အင်း ... ကြောက်စရာပဲ။ သူဝတ်လာမယ့်ပုံက တစ်မျိုးကြီးပဲ။ ထူးဆန်းနေသလိုပဲ။ ဘာမှန်းတော့ အတိအကျမပြောတတ်ဘူး။ ဒါပေမယ့်လည်း အသက်သုံးဆယ့်တစ်နှစ် မိန်းမတွေ ဦးထုပ်အနီမဆောင်းရဆိုတဲ့ ဥပဒေမှ မရှိဘဲလေ၊ သူဝတ်ချင်တာဝတ်၊ ဆောင်းချင်တာ ဆောင်းမှာ ပေါ့။

"ကောင်းပါပြီ ခင်ဗျား၊ ကျွန်တော် လာခဲ့ပါမယ်"

"ခဏလေးပါ၊ မစ္စတာ အိုကာဒါ၊ ရှင့်ကို ကျွန်မ မှတ်မိနိုင်မယ့် တစ်ခုခု ပြောပါဦးရှင်"

မှတ်မိနိုင်မယ့် တစ်ခုခုတဲ့ ။ ကျွန်တော့်မှာ အဲဒါရှိရောရှိရဲ့ လား။ မသိပါဘူး။ ပြောကြည့်ရမှာ ပဲ။

"အသက် သုံးဆယ်၊ အရပ်ငါးပေကိုးလက်မ၊ ပေါင်ချိန် တစ်ရာ့လေးဆယ်၊ ဆံပင်တို၊ မျက်မှန်မပါ"

ပြောသာပြောရတယ်၊ မြင်ရုံနဲ့ ချက်ချင်းမှတ်မိနိုင်မယ့် အချက်တစ်ခုမှ မပါ။ ပိစိဖိတ်ဟိုတယ် လက်ဖက်ရည်ခန်းထဲမှာ အဲသလိုယောကျ်ားမျိုး အယောက်ငါးဆယ်လောက်တောင်ရှိမလားပဲ။ ကျွန်တော်ရောက်ဖူးတယ်။ အတော်ကြီးတဲ့ ခန်းမပဲ။ မဖြစ်သေးဘူး။ တစ်ခုခု

တော့ ထပ်ပြောဦးမှ ။ ဒါပေမယ့် ဘာပြောရမှန်းကို စဉ်းစားလို့ မရပါဘူး ။ ဒီလိုပြောလို့ ကျွန်တော့်မှာ ထူးခြားတာ ဘာမှ မရှိဘူးရယ်လို့ တော့ မ ဟုတ်ဘူး လေ။ မိုင်းလ်စ်ဒေးဗီးစ်ကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ စပိန်ပြည် ရှာခင်းပန်းချီကားကော်ပီ ကျွန်တော့်မှာ ရှိတယ်။ ကျွန်တော်က သွေးခုန်နှုန်းနေးတယ်၊ ပုံမှန်ဆို တစ်မိနစ် လေးဆယ့် ခုနှစ်ကြိမ်၊ အဖျားကြီးမှ ခုနှစ်ဆယ်လောက်ပဲရှိတယ်။ ခု ကျွန်တော့်မှာ အလုပ်မရှိဘူး။ ကာရာမာဇော့ဗ် ညီအကိုတွေအားလုံးရဲ့ နာမည်ကို ကျွန်တော်သိတယ်။ ဒါပေမယ့် အဲဒါတွေဟာ ဗဟိဒ္ဓိအသွင်သဏ္ဌာန်မှာ ဖော်ပြလို့ ရတဲ့ ကိစ္စ တွေမှ မဟုတ်ဘဲ။

"ဒါဆို ရှင် ဘာဝတ်လာမှာ လဲ" တဲ့ ။

"မသိသေးဘူးဗျာ၊ ချက်ချင်းကြီးဆိုတော့ ဘာမှ ကို မစဉ်းစားတတ်ပါဘူး"

"ဒီလိုလုပ်လေ၊ အစက်ကလေးတွေပါတဲ့ နက်ခ်တိုင် စည်းခဲ့လိုက်၊ အဲဒါမျိုးတော့ ရှိတယ် မဟုတ်လား"

"အင်း ... ရှိမယ်ထင်ပါတယ်"

တကယ်လည်း ရှိတယ်။ မိုးပြာရောင်နက်ခ်တိုင်မှာ ခရမ် အစက်က လေးတွေနဲ့ ဟာ။ ကူမီကို ပေးခဲ့ဖူးတဲ့ မွေးနေ့လက်ဆောင်ပေါ့။

"ဟုတ်ပြီ။ ဒါဆို အဲဒါလေးဝတ်ခဲ့လေ၊ လေးနာရီတွေ့မယ်နော်၊ ကျေး ဇူးတင်ပါတယ်ရှင်"

ဖုန်းချသွားပြီ။

* * *

အဝတ်အစားဗီရိုကိုဖွင့်ပြီး အစက်ပါတဲ့ နက်ခ်တိုင်ကို ရှာတယ်။ တန်းပေါ်မှာ မရှိ။ အံဆွဲထဲမှာ မတွေ့။ နောက်ဆုံး ဗီရိုတစ်ခုလုံး လှန်ရှာပေမယ့် မတွေ့ရေးချမတွေ့။ မဟုတ်သေးပါဘူး။ နက်ခ်တိုင်က ခြေထောက်ပေါက်ပြီးတော့ ထွက်မသွားတတ်ပါဘူး။ ရှိကို ရှိရမှာ ပါ။ ကူမီကိုက အင်မတန် စည်းကမ်းရှိတဲ့ အိမ်ရှင်မ။ အဝတ်အစားကို ထားနေကြနေရာမှာ ပဲ အမြဲထားတတ်တာ။ ကျန်တာတွေအားလုံး စနစ်တကျနဲ့ သူနေရာမှာ သူရှိတယ်။ ရှပ်အင်္ကျီတွေက အထပ်လိုက်ခေါက်ရက်သား၊ ဆွယ်တာတွေက အံဆွဲထဲမှာ ပရုတ်လုံးနဲ့တလှိုင်လှိုင်၊ ကူမီကို အထက်တန်းကျောင်းသူဘဝက ဝတ်ခဲ့တဲ့ အဝတ်အစားတွေက အံဆွဲတစ်လုံးနဲ့ သီးသန့်၊ ဓာတ်ပုံတွေကလည်း သူနေရာနဲ့ သူ အစီအရီ။ ဘာဖြစ်လို့ များ ဒီငယ်ငယ်တုန်းက အဝတ်တွေကို ခုထိ သူသိမ်းထားတာလဲ မသိဘူး။ ဘယ်ကိုလွှင့်ပစ်ရမှန်းမသိလို့ လား။ ဘင်္ဂလားဒေ့ရှ်က ဒုက္ခသည်တွေကို ဒါနပြုဖို့ လား၊ တစ်နေ့နေ့မှာ ရှေးဟောင်းပစ္စည်းအဖြစ် ပြတိုက်ပို့ဖို့ လား။ ဘယ်လိုပဲဖြစ်ဖြစ် အစက်ပါတဲ့ နက်ခ်တိုင်ကတော့ ဘယ်နားမှာ မှ မတွေ့။

ဗီရိုတံခါးကိုကိုင်ရင်း အဲဒီ နက်ခ်တိုင်ကို ဘယ်တုန်းက နောက်ဆုံးစည်းခဲ့သလဲဆိုတာ စဉ်းစားနေမိတယ်။ နက်ခ်တိုင်က သိပ်လှ၊ သိပ်စတိုင်လ်ကျတယ်။ ရုံးကို စည်းသွားဖို့ မကောင်းဘူး။ ရုံးကို အဲဒီနက်ခ်တိုင်စည်းသွားရင် ဝိုင်းပြောကြလိမ့်မယ်။ ဒါကြောင့် ရုံးကိုသွားရင် တစ်ခါမှ အဲဒါကို စည်းမသွားဖူးဘူး။ ဂီတဖျော်ဖြေပွဲတို့ ၊ ညစာစားပွဲတို့ ဆိုစည်းတယ်။ ကူမီကိုက သပ်သပ်ရပ်ရပ်ဝတ်ခဲ့လို့ ပြောရင်ပေါ့။ နက်ခ်တိုင်က ကျွန်တော့်မှာ ရှိတဲ့ မိုးပြာရောင်ဝတ်စုံနဲ့ သိပ်လိုက်တာ။ ကူမီကိုကလည်း အရမ်းသဘောကျတယ်။ ဒါပေမယ့် နောက်ဆုံး ဘယ်တုန်းက စည်းခဲ့မိလဲဆိုတာကို ခု မမှတ်မိပြန်ဘူး။ မတတ်နိုင်

ဘူး။ ဘယ်လိုမှ ရှာမတွေ့တဲ့ အဆုံး လက်မြှောက်လိုက်တယ်။ မိုးပြာရောင်ဝတ်စုံကို အစင်းကျားနက်ခ်တိုင်နဲ့ တွဲဝတ်လိုက်တယ်။ စိတ်တော့ မပူပါဘူး။ သူကျွန်တော့်ကို ရှာမတွေ့ရင် ကျွန်တော်သူ့ကို ရှာလို့ ရတာပဲ ။ အသက်သုံးဆယ်၊ ဦးထုပ်အနီလေ။

စောသေးတယ်။ ဆိုဖာပေါ်ထိုင်ရင်း ကျွန်တော် ဒီလိုဝတ်စုံပြည့်မဝတ်တာ တော်တော်ကြာပြီဆိုတာကို အမှတ်ရတယ်။ ဒီ ဥတုသုံးပါးဝတ် မိုးပြာရောင်ဝတ်စုံက ခုလိုအချိန်မျိုးအတွက်ဆို အိုက်လွန်းတယ်။ အော် . .. မှတ်မိပြီ။ ဒီဝတ်စုံနောက်ဆုံးဝတ်တာ ဧပြီလ၊ မိုးလေးဖွဲဖွဲရွာပြီး စိမ့်တိမ့်တိမ့်လေးဖြစ်နေတဲ့ နေ့၊ မှတ်မှတ်ရရ နောက်ဆုံး အလုပ်တက်တဲ့ နေ့ နေဦး အိတ်ကပ်ထဲမှာ ဖြတ်ပိုင်းတစ်ရွက်ပါလား။ တက်စီခ ဖြတ်ပိုင်းပဲ။ ရုံးကို ပြန်တင်ပြီး ငွေပြန်ထုတ်ရမယ့်ဟာပဲ။ ကဲ ... ထားလိုက်ပါတော့။ သိပ်နောက်ကျသွားပြီ။ တက်စီခ ဖြတ်ပိုင်းကို အမှိုက်တောင်းထဲ ထည့်လိုက်တယ်။

အဲဒါပြီးတော့ နောက်ထပ် ဒီဝတ်စုံ ထပ်မဝတ်ဖြစ်တော့ဘူး။ ဆိုတော့ နှစ်လကျော်ပြီပေါ့။ စိတ်ထဲမယ် သက်တောင့် သက်သာမရှိဘဲ တောင့်တောင့်ကြီးဖြစ်နေတယ်။ ကျွန်တော့် ခန္ဓာကိုယ်နဲ့ ဝတ်စုံဟာ လိုက်ဖက် ဆီလျော်မှုမရှိသလိုဖြစ်နေတယ်။ မှန်ကြည့်ပြီး တတ်နိုင်သလောက် ပြုပြင်တယ်။ ကျပ်နေသလားဆိုတော့လည်း မဟုတ်။ ဝလာလို့ လားဆိုတော့လည်း မဟုတ်ပြန်ဘူး။ ဒါပေမယ့် သက်တောင့်သက်သာ ရှိမလာတာလည်း အမှန်ပဲ။

ပြီးခဲ့တဲ့ နှစ်လလောက်အထိ ကျွန်တော် နေ့တိုင်း ဝတ်စုံပြည့်ဝတ်ပြီး အ လုပ်သွားနေခဲ့တုန်းကတော့ ဘယ်လိုမှ မနေခဲ့ဘူး။ ကျွန်တော်လုပ်ခဲ့တဲ့ ဥပဒေရုံးက စည်းကမ်းကြီးတယ်။ ကျွန်တော့်လို တောက်တိုမည်ရ

စာရေးသာသာတောင် အလွတ်မပေးဘူး။ ဝတ်စုံပြည့်ပဲ။

ခုတော့ ဝတ်စုံပြည့်ဝတ်ရတာကိုက မဟုတ်တာ တစ်ခုခုလုပ်နေရသလိုဖြစ်နေတယ်။ ကိုယ်ရေးမှတ်တမ်းကို လိမ်လည်ရေးတင်နေသလိုဖြစ်နေတယ်။ အဲဒီစိတ်ကြီးက တဖြည်းဖြည်းနဲ့ ဖိစီးလာလိုက်တာ ကျွန်တော့်မှာ အသက်ရှူရတာတောင် ခက်လာတယ်။ အိမ်ရှေ့ထွက်တယ်။ ရှူးအညိုရောင်ကို ဖိနပ်စင်ပေါ်က ယူလိုက်တယ်။ ဖုန်လေးတွေတောင် ပါးပါးတက်လို့ ။

* * *

တကယ်တမ်းကျတော့ ကျွန်တော်သူ့ကို မမြင်ဘူး။ သူက ကျွန်တော့်ကို အရင်စမြင်တာ။ ပိစိဖိတ်ဟိုတယ် လက်ဖက်ရည်ခန်းမကိုရောက်တာနဲ့ ဦးထုပ်အနီကို လှည့်ပတ်ပြီး ကျွန်တော်လိုက်ရှာတယ်။ ဘယ်မိန်းမမှ ဦးထုပ်အနီဆောင်းထားတာ မမြင်မိဘူး။ နည်းနည်း စောနေသေးတယ်။ လေးနာရီထိုးဖို့ ဆယ်မိနစ်လိုသေးတယ်။ ဒါနဲ့ စားပွဲတစ်လုံးမှာ ဝင်ထိုင်၊ သူတို့ လာချတဲ့ ရေကိုသောက်ပြီး ကော်ဖီတစ်ခွက်မှာ လိုက်တယ်။ စားပွဲထိုး ကောင်မလေး ထွက်သွားပြီးပြီးချင်း ကျွန်တော့်နောက်က အသံတစ်သံကြားလိုက်ရတယ်။

"ရှင်က မစ္စတာ တိုရုအိုကာဒါဖြစ်မယ်ထင်တယ်"

နောက်လှည့်ကြည့်လိုက်တယ်။ အံ့သြလိုက်တာ။

ဟုတ်ပ။ သူက အဝါရောင် ပိုးဘလောက်စ်၊ ဂျက်ကက်အဖြူနဲ့ ဦးထုပ်အနီကိုဆောင်းလို့ ။ ဖျတ်ခနဲ မတ်တပ်ထရပ်လိုက်ပြီး သူ့ဖက်လှည့်လိုက်တယ်။ သူ့ကို မြင်မြင်ချင်း စိတ်ထဲကဖြစ်လာတဲ့ ခံစားချက်က လှလို

က်တာဆိုတာကိုပဲ။ ဖုန်းထဲမှာ စကားပြောခဲ့တဲ့ အသံနဲ့ မလိုက်ဖက်လောက်အောင်ကိုသူကလှတာ။ ရုပ်၊ ဘော်ဒီ၊ အဝတ်အစား ဘာမှကိုပြောစရာ မလိုလောက်အောင်ပါပဲ။ ဦးထုပ်အနီဆောင်းတာက လွဲလို့ပေါ့လေ။ သူဘာဖြစ်လို့ အဲဒီ မတော်မတည့် ဦးထုပ်နီကြီးကို ဆောင်းထားသလဲ။ ခုလို အခြေအနေမျိုးမှာ သူ့ကို တန်းပြီးသိအောင်လို့ နေမှာပေါ့။ ဒါလည်း သိပ်တော့ မဆိုးပါဘူး။ တန်းကို သိနိုင်လောက်တာပဲလေ
။

ကျွန်တော့်ရှေ့က ခုံမှာ သူဝင်ထိုင်တယ်။

"ကျွန်တော်မှန်း ခင်ဗျား ဘယ်လို သိသလဲဗျာ၊ ခင်ဗျားပြောတဲ့ အစက်နဲ့ နက်ခ်တိုင်ကို ဘယ်လိုမှ ကို ရှာမတွေ့ဘူး၊ တစ်နေရာရာမှာ ရှိမယ်မှန်းတော့သိပေမယ့် ရှာမရတဲ့ အဆုံး နက်ခ်တိုင် အစင်းကို ဝတ်လာရတာ၊ ခင်ဗျားကို ကျွန်တော် ရှာမယ်လို့ မှန်းထားတာ"

သူက လက်ကိုင်အိတ်အဖြူလေးကို စားပွဲပေါ်တင်ပြီး အဲဒီအပေါ်က ဦးထုပ်အနီကို ထပ်တင်လိုက်တယ်။

"ရှင်မှန်း ကျွန်မ ဒီလိုပဲ တန်းသိလိုက်တာပဲ" တဲ့ ။ သူ့ကြည့်ရတာ မျက်လှည့်ဆရာနဲ့ တူသလိုပဲ။ ဦးထုပ်အနီကြီးကို ဖယ်လိုက်ရင် လက်ကိုင်အိတ်က ပျောက်သွားမလားပဲ။

"မဟုတ်ဖူးလေ၊ ကျွန်တော်က နက်ခ်တိုင် မှားတပ်လာတာကို"

"မှားတပ်လာတယ်၊ ဟုတ်လား"

သူက ကျွန်တော့် နက်ခ်တိုင်ကို အကြာကြီးစိုက်ကြည့်နေပြီးမှ ခေါင်းညိတ်လိုက်တယ်။

"အော် ... ကိစ္စမရှိပါဘူး၊ စိတ်ထဲထားမနေပါနဲ့ ရှင်"

သူ့မျက်လုံးတွေက တစ်မျိုးပဲ။ အတော်လှတဲ့ မျက်လုံးတွေပေမယ့် ဖန်မျက်လုံးတွေလို ကြည်လဲ့လွန်းနေတယ်။ ဒါပေမယ့် ဖန်မျက်လုံးတော့ မဟုတ်ဘူး ။ မျက်လုံးအစစ်တွေဆိုတာတော့ သေချာတယ်။

ဒါနဲ့ နေပါဦး။ သူဘယ်လိုလုပ် ကျွန်တော့်ကို ချက်ချင်းသိတာလဲ။ ကျွန်တော့်အရွယ်လောက်ရှိတဲ့ ယောကျ်ားတွေခန်းမထဲမှာ အများကြီးပဲ။ သူ့ကို ထပ်မေးချင်ပေမယ့် မမေးတော့ပါဘူး။

စားပွဲထိုးရောက်လာတယ်။ သူက ပါရီယာမှာ တယ်။ ဒီမှာ ပါရီယာမရှိဘူးတဲ့ တောနစ်ရေသောက်မလားတဲ့ ။ ခဏစဉ်းစားပြီး သူလက်ခံလိုက်တယ်။ အဲဒါပဲပေးတော့တဲ့ ။ သူမှာ တာ ရောက်မလာမချင်း ဘာစကားမှ မပြောဖြစ်ကြဘူး။ ဦးထုပ်အနီကို သူမပြီး အထဲက လက်ကိုင်အိတ်ကို ဖွင့်နေတယ်။ အမဲရောင်အိတ်သေးသေးလေးတစ်လုံးထုတ်တယ် လိပ်စာကတ်ထည့်တဲ့ အိတ်လေးပဲ။ ကတ်တစ်ခုကို ထုတ်ပြီး ကျွန်တော့်ကိုပေးတယ်။ ကျွန်တော်လည်း ယောင်ပြီးကတ်ပြန်ပေးမလို့ အိတ်ထဲစမ်းကြည့်လိုက်သေးတယ်။ ဘာကတ်မှ ပါမလာခဲ့ဘူး။

သူ့ ကတ်က ပလတ်စတစ်အလွှာပါးလေး။ အနှံ့သင်းသင်းလေး တစ်မျိုးမွှေးနေတယ်။ အနားကပ်လိုက်တော့ ပိုမွှေးလာတယ်။ သေချာတယ်။ အဲဒါ ကရမက်နံ့ပဲ။ ကတ်ကစာတစ်ကြောင်းပဲ ပါတယ်။

မော်လ်တာ ကာနို

ဟင် ... ဒါပဲလား။ ဟုတ်တယ်ဗျ၊ ဟိုဖက်ခြမ်းမှာ လည်း ဘာမှ ရေးမထားဘူး။ ထူးဆန်းတဲ့ သူ့ကတ်ကြောင့် ကျွန်တော် ဒုက္ခတွေများနေတုန်း စားပွဲထိုးမလေး ရောက်လာတယ်။ ရေခဲတုံးလေးတွေနဲ့ တောနစ်ရေကို လာချပေးတယ်။ သံပုရာသီးလေးတစ်စိတ်ညှပ်လို့ ပေါ့။ ကျွန်တော့်အတွက်တော့ ငွေရောင်ကော်ဖီအိုးတစ်အိုးနဲ့ ကော်ဖီခွက်။ ဘီလ်

ကို စားပွဲပေါ်ချပေးပြီး ပြန်ထွက်သွားတယ်။

"အဲဒီဖက်မှာ ဘာမှ ရေးမထားဘူး"

သူကတ်ကို ဟိုဖက်လှန်ကြည့်နေတုန်း မော်လ်တာကာနိုက ကျွန်တော့်ကို ပြောလိုက် တယ်။

"ကျွန်မ နာမည်ဆိုရပြီလေ၊ လိပ်စာတို့ ဖုန်းနံပါတ်တို့ မလိုဘူး၊ ကျွန်မကပဲ လူတွေကို ဖုန်းခေါ်ပြီး စ ဆက်သွယ်ရတာလေ"

"ဩော် ...ဟုတ်ပါပြီ"

ဘာဟုတ်ပါပြီလဲ။ ဘာမှ အဓိပ္ပာယ်မရှိတဲ့ ကျွန်တော့်ရဲ့ အဖြေဟာ ဂါလီဗာ ခရီးစဉ်ထဲက ကျွန်းမျောတွေလို လေထဲမှာ တဖြည်းဖြည်း လွင့်မျောပျောက်ကွယ်သွားခဲ့တယ်။ မော်လ်တာကာနိုက ဖန်ခွက်ကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး တစ်ငုံငုံတယ်။ ပြီးတော့ ပြန်ချထားလိုက်တယ်။ သူ စကားစပြောတယ်။

"မော်လ်တာဆိုတာ ကျွန်မ နာမည်အရင်း မဟုတ်ဘူး ။ ကာနိုက တော့ နာမည်ရင်းပါ။ မော်လ်တာဆိုတာ မော်လ်တာကျွန်းကယူထားတာလေ၊ ရှင် မော်လ်တာကျွန်းရောက်ဖူးလား မစ္စတာအိုကာဒါ"

မရောက်ဘူးကြောင်း ကျွန်တော် ပြန်ပြောလိုက်တယ်။ နောင်လည်း ရောက်ဖူးဖို့ အစီအစဉ်မရှိသေးကြောင်းလည်း တဆက်ထဲပြောလိုက်တယ်။ ဘာမော်လ်တာတုန်း။ မော်လ်တာနဲ့ ပတ်သက်လို့ သိတာဆိုလို့ မော်လ်တာသဲသောင်ပြင်များ ဆိုတဲ့ သီချင်းပဲရှိတယ်။

"ကျွန်မ မော်လ်တာမှာ သုံးနှစ်နေဖူးတယ်။ ရေက သောက်လို့ ကို မရဘူး။ ငန်ငြိနေတာပဲ။ အဲဒီက ပေါင်မုန့်တွေကလည်း အကုန်လုံး ခပ်ငန်ငန်ပဲ။ ဒါပေမယ့် အရသာရှိတယ်။ မော်လ်တာ ပေါင်မုန့်ကို ကျွန်မကြိုက်

တယ်"

ကော်ဖီသောက်ရင်း သူ့ကို ခေါင်းညိတ်ပြလိုက်တယ်။ သူက ဆက်ပြောတယ်။

"အဲ ... အရသာဆိုးတယ် ဆိုပေမယ့် မော်လ်တာကျွန်းတစ်နေရာက ရေကတော့ထူးထူးခြားခြားကို အာနိသင်ရှိတယ်၊ သိဒ္ဓိဝင်ရေလို့ ပြောရမလား မသိပါဘူး၊ အဲဒီရေရဖို့ ကလည်း လွယ်တာ မဟုတ်ဘူး ၊ တောင်ပေါ်က စမ်းချောင်းကလေးထဲမှာ ပဲ အဲဒီရေရနိုင်တာ၊ ရေရဖို့ တောင်ခြေရွာကနေ တောင်ပေါ်ကို နာရီပေါင်းများ စွာတက်ရတယ်။ ပြီးတော့ အဲဒီစမ်းချောင်းထဲက ခပ်ပြီးရင် ပုလင်းတို့ ဗူးတို့ နဲ့ ယူသွားလို့ မရဘူး၊ သူ့အာနိသင်ပျောက်သွားရော။ အဲဒီမှာ တင် ချက်ချင်းသောက်ရတယ်။ ဒါကြောင့် သောက်ချင်တဲ့ လူ ကိုယ်တိုင် တောင်ပေါ်တက်မှ ရတယ်။ တစ်ဆင့်ခံမှာ လိုက်လို့ မရဘူး။ အဲဒီရေအကြောင်း ဟိုး ခရူးဆိတ်ခေတ် မှတ်တမ်းတွေထဲမှာ တောင် ရေးထားခဲ့တယ်။ ဝိညာဉ်တော်ရေစင်တဲ့ ။ အယ်လန် ဂင်းစ်ဘတ်ခ်ဟာ အဲဒီရေကိုသောက်ဖို့ အတွက် မော်လ်တာကို လာခဲ့ဖူးတယ်။ ကိတ်သ်ရစ်ချတ်လည်း လာဖူးတယ်။ ကျွန်မလေ အဲဒီရေစင်ရှိတဲ့ တောင်ခြေကရွာကလေးမှာ သုံးနှစ်နေခဲ့တာပေါ့။ သီးနှံစိုက်ခင်းလေးစိုက်၊ နေ့တိုင်း တောင်ပေါ်တက်ပြီး ရေစင်ကို တစ်ရက်မပြတ် သောက်ခဲ့တယ်။ ၁၉၇၆ ကနေ ၇၉ ခုနှစ်ထိပေါ့။ တစ်ခါတုံးကဆိုရင် တစ်ပတ်တိတိ ဘာမှ မစားဘဲ ရေစင်သက်သက်သောက်ပြီး နေခဲ့ဘူးတယ်။ အဓိဌာန်ကျင့်စဉ် တစ်မျိုးကို ကျင့်တာပေါ့လေ။ အဲဒီကျင့်စဉ်က ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စေတယ်။ တကယ်ကို ဆန်းကြယ်တဲ့ အတွေ့အကြုံတစ်ခုပါပဲ။ ဒါနဲ့ ပဲ ဂျပန်ပြန်ရောက်တော့ ကျွန်မ အလုပ်နာမည်ကို မော်လ်တာကာနိုလို့ ပြောင်းလိုက်တယ်"

"ခင်ဗျား အလုပ်က ဘာလဲ ဆိုတာ မေးခွင့်ရှိမလား ခင်ဗျာ"

သူက ခေါင်းခါလိုက်တယ်။

"အလုပ်ဆိုပေမယ့် ကျွန်မက ငွေမယူဘူးရှင့်၊ အတိုင်ပင်ခံ ဆိုပါစို့၊ ခန္ဓာကိုယ်ရဲ့ ဓာတ်ကြီးတွေအကြောင်း ကျွန်မ လူတွေကို ပြောပြတယ်။ အဲဒီ ဓာတ်ကြီးတွေအတွက် ရေက ဘယ်လို ကောင်းကျိုးပေးတယ်ဆိုတာ သုတေသနလုပ်တယ်။ ငွေက ကျွန်မအတွက် အရေးမကြီးပါဘူး။ ကျွန်မအဖေက ဆရာဝန်ကြီးတစ်ယောက်။ ကျွန်မနဲ့ ကျွန်မညီမအတွက အမွေတွေ အများကြီးပေးခဲ့တယ်။ ဒါနဲ့ တင် ကျွန်မ ဘာမှ မလုပ်ဘဲ နေလို့ ရတယ်။ နောက် ... ကျွန်မက စာအုပ်တော်တော်များများ ရေးတယ်။ ခန္ဓာကိုယ်ဓာတ်ကြီးများ လေ့လာခြင်း ကျင့်စဉ်ကတော့ ငွေအတွက် မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မကတ်မှာ လိပ်စာ၊ ဖုန်းနံပါတ် မထည့်ထားတာပေါ့။ ကျွန်မကပဲ ဖုန်းဆက်တာလေ"

သူ့ကို ခေါင်းညိတ်ပြလိုက်မိတယ်။ ဘာလုပ်ရမှန်းမသိလို့ ခန္ဓာကိုယ်ရဲ့ အလိုအလျောက် တုန့်ပြန်မှုတစ်ခုအနေနဲ့ သာ ခေါင်းညိတ်ပြလိုက်ရတာ တကယ်တော့ သူဘာပြောနေမှန်း ကျွန်တော် သေချာမသိဘူး။ မသိဘူးဆိုတာဒီလိုလေ။ စကားလုံးတွေကိုတော့ နားလည်တာပေါ့။ ဒါပေမယ့် ဘာအဓိပ္ပာယ်လဲ။ ဘာကိုဆိုလိုတာလဲ။ ဘာခန္ဓာကိုယ်ရဲ့ ဓာတ်ကြီးများ လဲ။ အယ်လန်ဂင်းစ်ဘတ်ဆိုတာကပါသေး။ သူကရော ဘာလဲ။ တဖြည်းဖြည်း စိတ်မသက်မသာဖြစ်လာတယ်။ ကျွန်တော်က စိတ်တန်ခိုးတွေ ဘာတွေတော့ မရှိပါဘူး။ ဒါပေမယ့် ဒီ မိန်းမနဲ့ တွေ့ချိန်ကြာလေလေ၊ ပြဿနာအနံ့ကို ရှုမိလေလေ ဆိုတာမျိုး ခု ခံစားနေရတယ်။

"ခွင့်ပြုပါ ခင်ဗျာ၊ ကျွန်တော် ခင်ဗျားကို တစ်ဆင့်ချင်း ဖြည်းဖြည်းချင်း ပြောစေချင်ပါတယ်။ နေ့လည်က ကျွန်တော့် အမျိုးသမီး ဖုန်းဆက်

တော့ ကျွန်တော့်ကို ခင်ဗျားနဲ့ တွေ့ခိုင်းတယ်။ တွေ့ရမယ့်ကိစ္စက အိမ်ကပျောက်သွားတဲ့ ကြောင်ကိစ္စလို့ သူပြောတယ်။ ရိုးရိုးသားသားဝန်ခံရရင် ခင်ဗျားဘာပြောနေတယ်ဆိုတာ ကျွန်တော်နားမလည်ဘူး။ ခင်ဗျားပြောနေတာ ကျွန်တော်တို့ ကြောင်နဲ့ ဆက်စပ်မှု ဘာရှိသလဲဆိုတာ ကျွန်တော် စဉ်းစားလို့ ကိုမရဘူး"

"ဟုတ်တာပေါ့။ ဒါပေမယ့် ရှင့်ကို တစ်ခုတော့ သိစေချင်ပါတယ် မစ္စတာ အိုကာဒါ"

လက်ကိုင်အိတ်ကို သူဖွင့်ပြန်တယ်။ အထဲက စာအိတ်တစ်အိတ်ထုတ်တယ်။ စာအိတ်ထဲက ဓာတ်ပုံတစ်ပုံ ထပ်ထုတ်တယ်။ ကျွန်တော့်ကို သူပြတယ်။ ကျွန်မ ညီမလေးတဲ့ ။ အမျိုးသမီးနှစ်ယောက်တွဲရိုက်ထားတဲ့ ဓာတ်ပုံ။ တစ်ယောက်က မော်လ်တာကာနို့။ ဦးထုပ် အဝါကြီးဆောင်းလို့ ။ ခု သူဆောင်းလာတဲ့ ဦးထုပ်အနီလိုပဲ။ သူနဲ့ နဲနဲမှ မလိုက်ဘူး။ နောက်တစ်ယောက် သူ့ညီမဆိုတာကတော့ ၁၉၆၀ လောက်က ခေတ်စားတဲ့ ရှာဘတ်တုန်း ခေါ်တဲ့ ဖျော့တော့တော့အရောင် ဝတ်စုံကိုဝတ်ထားတယ် ။ တစ်ခုသေချာတာကတော့ သူတို့ ညီအစ်မဟာ ဦးထုပ်ခရေဇီတွေဆိုတာပဲ။ အငယ်မရဲ့ ဆံပင်ပုံစံက ဂျက်ကလင်း ကနေဒီ အိမ်ဖြူတော်မှာ ရှိတုန်းကပုံစံမျိုး။ မိတ်ကပ်နည်းနည်းများ ပေမယ့် လှတဲ့ စာရင်းတော့ဝင်သဗျ။ အသက်ကတော့ နှစ်ဆယ်စွန်းစွန်းလောက်ပုံမျိုးပဲ။ ကျွန်တော်က မော်လ်တာကာနိုကို ဓာတ်ပုံပြန်ပေး။ သူက ဓာတ်ပုံကို စာအိတ်ထဲထည့်၊ စာအိတ်ကို လက်ကိုင်အိတ်ထဲထည့်၊ လက်ကိုင်အိတ်ကိုပိတ်။

"ညီမလေးက ကျွန်မထက် ငါးနှစ်ငယ်တယ်။ သူ့ကို နိုဘိုရဝတရာပက်ပက်စက်စက် မုဒိမ်းကျင့် စော်ကားခဲ့တယ်"

ဘုရားရေ။ ဘုရား ... ကယ်တော်မူပါ။ ကျွန်တော် ချက်ချင်း

ထွက်ပြေးချင်စိတ်တွေ ပေါက်လာတယ်။ ဒါပေမယ့် မတ်တပ်ရပ်ဖို့ တောင် အားမရှိသလိုဖြစ်သွားတယ်။ အိတ်ကပ်ထဲက လက်ကိုင်ပုဝါထုတ်၊ ပါးစပ်သုတ်၊ ပုဝါကို အိတ်ထဲပြန်ထည့်၊ လည်ချောင်းရှင်း။

"အဲဒီ ကိစ္စတော့ ကျွန်တော် ဘာမှ မသိပါဘူးခင်ဗျား။ တကယ်လို့ ခင်ဗျားညီမကို သူ အဲသလိုလုပ်ခဲ့ရိုးမှန်ရင်တော့ ကျွန်တော် အရမ်းကိုစိတ်မကောင်းဖြစ်ရပါတယ်လို့ ပဲ ပြောပါရစေတော့။ နိဘိုရုဝတရာဟာ ကျွန်တော့် ယောက်ဖဆိုပေမယ့် တကယ်တော့ သူနဲ့ ကျွန်တော် အဆက်အဆံအခေါ်အပြောမရှိပါဘူး။ ခင်ဗျား တစ်ခုခုများ မျှော်လင့်..."

"အဲသလို မဟုတ်ပါဘူး မစ္စတာ အိုကာဒါ၊ ကျွန်မက ရှင့်ကို တာဝန်ယူခိုင်းနေတာ မဟုတ်ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့ တစ်ယောက်ယောက်မှာ တာဝန်ရှိတယ်ဆိုရင် တာဝန်အရှိဆုံးက ကျွန်မပါပဲ။ ညီမလေးကို ကောင်းကောင်း မွန်မွန် မစောင့်ရှောက်နိုင်၊ မကာကွယ်နိုင်ခဲ့လို့ ပေါ့၊ ရှင်သိတဲ့ အတိုင်းပဲ၊ ကျွန်မတို့ ဟာ ရှေ့ဘာဖြစ်မယ်ဆိုတာကို ဘာမှ မှန်းဆလို့ မရတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ဗရမ်းဗတာကာလမှာ နေထိုင်အသက်ရှင်နေရတဲ့ လူတွေလေ၊ ကျွန်မပြောတာ သဘောပေါက်လား မသိဘူး မစ္စတာအိုကာဒါ။ဖြစ်ဖို့ ရန် အကြောင်းဖန်လာတဲ့ ၊ ဖြစ်ရမယ့် ကိစ္စဟာဖြစ်ကို ဖြစ်တာပဲရှင့်။ ညီမလေးလဲ ခုတော့ပြန်ကောင်းနေပါပြီ။ မသေတာပဲ ကျေးဇူးတင်ရမှာ ပေါ့လေ။ ကျွန်မပြောချင်တာကတော့သူ့ခန္ဓာကိုယ်ရဲ့ ဓာတ်ကြီးတွေအကြောင်းပါပဲ"

လုပ်လာပြန်ပါပြီ။ နောက်ဆုံးကျတော့ ဒီဘူတာပဲ ဆိုက်တာပါပဲ။ ဘာပြောပြော ဓာတ်ကြီးနဲ့ ပဲ အဆုံးသတ်ဖို့ သူ သံန္နိဋ္ဌာန် ချထားလေရော့သလား။

"ဒါတွေဟာ တစ်ခုနဲ့ တစ်ခု ဘယ်လို ဆက်စပ်မှုရှိတယ်ဆိုတာကို အ

သေးစိတ်တော့ ရှင့်ကို ကျွန်မ ရှင်းမပြနိုင်ဘူး။ ရှင်းပြနေရင်လည်း ပြီး တော့မှာ မဟုတ်ဘူး ။ မစ္စတာ အိုကာဒါ ခုနက ညီမလေးကိစ္စပြောပြ တာ ရှင့်ကို တစ်ခုခုလုပ်ပေးစေချင်လို့ မဟုတ်ဘူး နော်။ ရှင်နဲ့ ဘာမှ မ ဆိုင်ဘူးဆိုတာသိပါတယ်။ ကျွန်မပြောချင်တာက ညီမလေးခန္ဓာကိုယ် က ဓာတ်ကြီးတွေကို မစ္စတာဝတရာက ဖျက်ဆီးပစ်လိုက်တယ်ဆိုတာ ကိုပါ။ ကျွန်မ ညီမဟာ ရှင်နဲ့ နောင်တစ်ချိန်ချိန်မှာ ပုံစံတစ်မျိုးမျိုးနဲ့ ပတ် သက်မိကြလိမ့်မယ်။ သူက ကျွန်မရဲ့ လက်ထောက်ပေါ့။ ဒါကြောင့် ကျွန် မ ညီမနဲ့ မစ္စတာဝတရာတို့ ရဲ့ အကြောင်းကို ရှင့်ကို အသိပေးထားတဲ့ သဘောပါ"

ပြောစရာ စကားမရှိတော့သလို တိတ်ဆိတ်သွားကြတယ်။ မော်လ် တာကာနိုဟာ ကျွန်တော့်ကို စဉ်းစားချိန်ပေးနေသလိုပါပဲ။ ကျွန်တော်လ ည်း တစ်ခေါင်းလုံး ထူပူနေအောင် စဉ်းစားပါတယ်။ နိုဘိုရုဝတရာက သူ့ညီမကို မုဒိမ်းကျင့်တဲ့ အကြောင်းနဲ့ ခန္ဓာကိုယ်ရဲ့ ဓာတ်ကြီးတွေ ပျက် စီးသွားတာ ဘာများ ဆက်စပ်ပါလိမ့်။ နောက်ပြီးတော့ အဲဒီကိစ္စနဲ့ ကျွန် တော်တို့ ကြောင်ပျောက်တာနဲ့ ရော ဘာတွေ ဆက်စပ်နေပါလိမ့်။

"ခင်ဗျားတို့ ဒီကစ္စကို ရဲမတိုင်ကြဘူးလား"

"ဟင့်အင်း၊ ကျွန်မတို့ ဘယ်သူ့ကိုမှ ဘာတာဝန်မှ မယူခိုင်းခဲ့ပါဘူး။ ဒီကိစ္စဘာကြောင့် ဖြစ်ခဲ့ရတာလဲဆိုတဲ့ အကြောင်းရင်းကို ကျွန်မတို့ ရှာ ချင်တယ်။ ဒီမေးခွန်းကို မဖြေရှင်းနိုင်ရင် နောင် ဒီထက်ဆိုးတဲ့ ကိစ္စတွေ ဆက်ဖြစ်လိမ့်ဦးမယ်"

ဘာပဲဖြစ်ဖြစ် သူ့ဆီက ဒီစကားကြားလိုက်ရတော့ အတော်စိတ်သ က်သာသွားတာတော့အမှန်ပဲ။ နို့မို့ရင် နိုဘိုရုဝတရာ ဘယ်နေ့မုဒိမ်းမှုနဲ့ ထောင်ထဲဝင်ရမလဲဆိုတာ တထိတ်ထိတ်ဖြစ်နေရမှာ ။ သူက သာမာန်

လူ ဆိုရင်တော့ အကြောင်း မဟုတ်ဘူး ပေါ့။ ဒါပေမယ့် ကျွန်တော့်ယောက်ဖက လူသိများ ထင်ရှားတဲ့ လူ။ သူကျော်မကောင်း၊ ကြားမကောင်းဖြစ်ရင် သတင်းစာထဲမှာ စာလုံးမည်းကြီးတွေနဲ့ ထိပ်စီးကစပါလာမှာ ။ ဒါဆို ကူမီကို ဘယ်လိုလုပ်မလဲ။ ကျွန်တော်လည်း ဒုက္ခပေါ့။

"ရှင်မျက်စိလည်နေပြီထင်တယ် မစ္စတာ အိုကာဒါ။ ဒီနေ့ ရှင်ကို ကျွန်မ တွေ့ဖို့ ပြောတာကတော့ ရှင်တို့ ကြောင်ကိစ္စမှန်ပါတယ်။ ရှင့်ယောကျ္ခမ မစ္စဝတရာဟာ ကျွန်မဖောက်သည် လို့ ပြောလို့ ရတယ်။ သူ့ကို ကျွန်မ အကြံဉာဏ်တွေပေးနေတာ ကြာပြီ။ သူသားမစ္စတာဝတရာလည်း ကျွန်မဆီက အကြံဉာဏ်တောင်းတာပါပဲ။ ဖောက်သည် ဟောင်းပေါ့"

ဩော် ... ဒီလိုလား။ လတ်စသတ်တော့ ဒင်းဟာ အကြားအမြင်ဆရာမ၊ ဗေဒင်ဆရာမကိုး။ ကြောင်ပျောက်လို့ အကြားအမြင်မေးသတဲ့ ။ ကျွန်တော့်မိန်းမ ကူမီကိုတို့ ဝတရာ မိသားစုဟာ ဒါတွေ တော်တော်ယုံပုံရတယ်။ ယုံပေါ့။ လူဆိုတာ ကိုယ်ယုံချင်တာ ယုံခွင့်ရှိတာပဲ။ ဒါပေမယ့် ဘာဖြစ်လို့ များ သူ့အကို ကျွန်တော့်ယောက်ဖဟာ သူ့ အကြားအမြင်ဆရာမရဲ့ ညီမကို မုဒိမ်းသွားကျင့်ရတာလဲ။ ကျင့်စရာရှားလို့ ။ ဘာလို့ ပြဿနာ မီးထွန်းရှာရတာလဲ။

"ဒါဆို လူတွေ တစ်ခုခုပျောက်သွားတာကို ပြန်ရှာတွေ့ဖို့ ကူညီတာဟာ ခင်ဗျားကျွမ်းကျင်တဲ့ ပညာပေါ့နော်"

မော်လ်တာကာနိုက ကျွန်တော့်ကို ကြောင်တောင်တောင် ကြည့်နေတယ်။ ကျွန်တော် ပြောတာကို သူနားလည်ပုံမရဘူး။ ဒါနဲ့ ပဲ သူ ကျွန်တော်မေးတာကို မဖြေဘဲ သူပြောချင်တာ ပြောတော့တယ်။

"ရှင့်အိမ်က ထူးခြားနေတယ်ဆိုတာ သတိထားမိလား မစ္စတာအိုကာဒါ"

"ဟင် ... ဘယ်လို ထူးခြားနေတာလဲ"

မော်လ်တာကာနိုက ကျွန်တော့်မေးခွန်းကို မဖြေဘဲ သူနားက ဖန်ခွက်ကို တွန်းထုတ်လိုက်တယ်။

"ရှင်သိရဲ့ လား၊ ကြောင်တွေဟာ ခံစားလွယ်တဲ့ သတ္တဝါမျိုး"

"ဆိုတော့ ကျွန်တော့်အိမ်က ထူးခြားတယ်၊ ကြောင်တွေက ခံစားလွယ်တယ် ဟုတ်လား။ ကျွန်တော်တို့ အဲဒီမှာ နေတာ ကြာပြီ၊ လင်မယားနှစ်ယောက်နဲ့ ကြောင်တစ်ကောင်ပေါ့၊ ခု အဲဒီက ပြောင်းရမှာ လား"

"ဒါတော့ ကျွန်မ မပြောနိုင်သေးဘူး။ စီးဆင်းမှု အလျဉ်ဟာ ပြောင်းချင်ပြောင်းသွားဦးမှာ ။ တစ်ခုခုကြောင့် ပိတ်ဆို့သွားတာမျိုးလဲဖြစ်နိုင်သေးတယ်"

"စီးဆင်းမှုအလျဉ်၊ ဟုတ်လားဗျာ"

"ရှင်တို့ ကြောင် သေလားရှင်လားဆိုတာ ခု ကျွန်မ မပြောနိုင်သေးဘူး။ သေချာတာကတော့ ရှင်တို့ အိမ်ပတ်ဝန်းကျင်မှာ သူမရှိတော့ဘူး"

ကော်ဖီကို မော့ချလိုက်တယ်။ အပြင်မှာ မြူမိုးတွေကျနေတယ်။ ကောင်းကင်ဟာလည်း မည်းပုတ်လာခဲ့တယ်။ ထီးရောင်စုံတွေ ဖျတ်ခနဲ ဖျတ်ခနဲ ပွင့်လာကြတယ်။

"ရှင့်လက်ပေး"

ရုတ်တရက် မော်လ်တာကာနိုက ပြောလိုက်တယ်။ စားပွဲပေါ် ညာလက်တင်ပေးလိုက်တယ်။ လက္ခဏာကြည့်တော့မယ် ထင်ပါရဲ့ ။ မဟုတ်ဘူး ဗျ၊ မော်လ်တာကာနိုဟာ သူ့လက်ကို ကျွန်တော့် လက်ပေါ်တင်ပြီး လက်ဖဝါးချင်း ထပ်လိုက်တယ်။ မျက်စိကို သူမှိတ်ထားတယ်။ ဘယ်နှယ့်။ ဘာလုပ်တာလဲ။ လူကြားသူကြားထဲမှာ ကျွန်တော် လက်ထပ်ခြင်းခံ

ထားရတယ်။ ကော်ဖီလာဖြည့်ပေးတဲ့ စားပွဲထိုးမလေးက ကျွန်တော်တို့ လုပ်နေတာကို မမြင်ချင်ယောင်ဆောင်နေတယ်။ ဘေးဝိုင်းက လူတွေက တော့ ကွက်ကြည့်ကွက်ကြည့်နဲ့ ပေါ့။ စိတ်အိုက်လိုက်တာ မပြောပါနဲ့ တော့။ မော်လ်တာကာနိုက တိုးတိုးလေးပြောတယ်။

"ဒီနေ့ ဒီကို မလာခင် တွေ့ခဲ့ ကြုံခဲ့တဲ့ တစ်ခုခုကို ပုံဖော်ကြည့်၊ အာရုံပြုကြည့်စမ်း"

"တစ်ခုခု ဟုတ်လား"

"ဟုတ်တယ်။ တစ်ခု ဆိုရပြီ"

ကူမီကိုရဲ့ အဝတ်သေတ္တာထဲက ပန်းပွင့်ပုံ အတွင်းခံလေးကို အာရုံပြု ပြီး ပုံဖော်ကြည့်လိုက်တယ်။ ဘာလို့ အဲဒါကို ပုံဖော်မိတာလဲ ဆိုတာက တော့ မသိဘူးဗျာ။ နောက်ထပ် ငါးမိနစ်လောက်ဆက်ပြီး လက်ထပ် ထားကြတယ်။ လူတွေဝိုင်းကြည့်ကုန်ကြပြီ။ မတတ်နိုင်ဘူးဗျာ။ မော်လ် တာကာနိုရဲ့ လက်က သေးသေးလေးပါ။ ပူလွန်း၊ အေးလွန်းတာမျိုးမရှိ ဘူး။ ချစ်သူတစ်ယောက်ရဲ့ လက်လို နွေးထွေးတာမျိုး၊ ဆရာဝန်တစ် ယောက်ရဲ့ လက်လို စူးစမ်းလေ့လာချင်တာမျိုးတွေလည်း မရှိဘူး။ သူ့လ က်ဟာ သူ့မျက်လုံးတွေလိုပဲ။ ခံစားချက်ရှိပုံ မရဘူး။ ဘာမှ မရှိတဲ့ အိမ် လွတ်ကြီးတစ်လုံးထဲ ဝင်သွားရသလိုပဲ။ ပရိဘောဂမရှိ။ ပြတင်းပေါက်ခ န်းဆီးမရှိ။ ဘာဆိုဘာမှ မရှိတဲ့ အလွတ်ကြီးပေါ့။ ခဏနေတော့ မော်လ် တာကာနိုဟာ သူ့လက်ကိုရုပ်လိုက်တယ်။ သက်ပြင်းရှည်ကြီးတွေ တဟ င်းဟင်းချတယ်။ တဆတ်ဆတ်နဲ့ ခေါင်းညိတ်နေတယ်။

"မစ္စတာ အိုကာဒါ" တဲ့ ။ သူ့အသံက အေးစက်စက်နဲ့ ကြောက်စရာကြီး။

"ခုချိန်မှာ ရှင်ဟာ ရှင့်ဘဝရဲ့ ပထမအဆင့်ကို ကျော်ဖြတ်နေတဲ့ အချို

နဲ့ပဲ၊ ရှင်ရှေ့လျှောက် အဖြစ်အပျက်တွေအများကြီး ကြုံတွေ့ဦးမယ်။ ကြောင်ပျောက်တာက အစပဲရှိသေးတယ်"

"ဘယ်လိုအဖြစ်အပျက်မျိုးတွေလဲဗျာ၊ ကောင်းတာတွေလား၊ ဆိုးတာတွေလား"

မော်လ်တာ ကာနိုက ခေါင်းလေးစောင်းပြီး ခဏစဉ်းစားနေတယ်။

"အကောင်းရော၊ အဆိုးရောပဲ။ ဆိုးတာတွေက ကောင်းမယောင်နဲ့ ရောက်လာမယ်။ ကောင်းတာတွေကလည်း ဆိုးသလိုလိုနဲ့ စလာလိမ့်မယ်"

"တစ်ခုခု တိတိကျကျလေး ပြောပါလားဗျာ၊ ခုဟာက ယေဘုယျသဘောသိပ်ဆန်လွန်းသလိုပဲ"

"ဟုတ်တယ်။ ယေဘုယျ သဘောတွေပဲ ပြောနေတာပဲ မစ္စတာ အိုကာဒါ၊ ဘဝဆိုတာ ယေဘုယျ သဘောပဲ မစ္စတာ၊ အတိအကျဖြစ်ရပ်တွေဆိုတာက ခရီးရှည်ကြီးတစ်ခုမှာ မရည်ရွယ်ဘဲ ဟိုဝင်သည် ဝင် လျှောက်ဝင်သလိုပါပဲ၊ ဝေးဝေးကိုမျှော်ကြည့်လေ၊ ယေဘုယျသဘောဆန်လေပေါ့"

ကျွန်တော်က ဘာဆက်ပြောနိုင်ဦးမှာ လဲ။ ခေါင်းပဲ ညိတ်ပြလိုက်ရတယ်။

"ကျွန်မ ရှင့်ကို ဖုန်းထပ်ခေါ်ဦးမယ်ဆိုရင်ဖြစ်မလား"

"အင်း ...ဖြစ်ပါတယ်"

တကယ်က ဘယ်သူ့ဆီကမှ ဖုန်းမလာစေချင်တော့ဘူး။ ဘယ်သူနဲ့ မှ လည်း စကား မပြောချင်ဘူး။ စိတ်ထဲမှာ လည်း တစ်မျိုးကြီးပဲ။

မော်လ်တာကာနိုက သူဦးထုပ်အနီကို ယူတယ်။ ဦးထုပ်အောက်က လက်ကိုင်အိတ် အဖြူကိုယူပြီး မတ်တပ်ထရပ်လိုက်တယ်။ ကျွန်တော်ကတော့ စိတ်ထဲရှုပ်နေပြီး ဘာလုပ်ရမှန်းလည်း မသိတာနဲ့ ဆက်ထိုင်နေမိတယ်။ မော်လ်တာကာနိုက ဦးထုပ်ကိုဆောင်းလိုက်တယ်။ သူ ကျွန်တော့်ကို မိုးကြည့်နေရင်းက တစ်ခုပြောချလိုက်တယ်။

"ရှင်ပြောတဲ့ အတိအကျ ဆိုတာမျိုး ကျွန်မတစ်ခုတော့ ပြောကြည့်လိုက်မယ်။ ရှင် ပျောက်နေတယ်ဆိုတဲ့ အစက်ကလေးတွေပါတဲ့ နက်ခ်တိုင်ကို ရှင်ပြန်တွေ့လိမ့်မယ်။ ဒါပေမယ့် ရှင့်အိမ်မှာ တော့ မဟုတ်ဘူး "

* * *

(၄)
မြင့်မားသော မျှော်စင်များ နှင့် နက်ရှိုင်းသော ရေတွင်းများ သို့မဟုတ် နိုမွန်ဟန်မှ အဝေးတစ်နေရာ

ကျွန်တော် အိမ်ပြန်ရောက်တော့ ကူမီကို ရောက်နှင့် နေပြီ။ ရွှင်လို့ ၊ မြူးလို့ ၊ ခြောက်နာရီထိုး ခါနီးပြီဆိုတော့ ညစာချက်နေဖို့ အချိန်ကမရှိတော့ဘူး။ ရေခဲသေတ္တာထဲက တွေ့ရာတွေနဲ့ ဖြစ်သလိုလုပ်ပြီး ဘီယာတစ်ယောက်တစ်လုံးနဲ့ မျှောချလိုက်တယ်။ ကူမီကိုက သူ့အလုပ်အကြောင်းကို မနားတမ်းပြောနေတယ်။ စိတ်လက်ကြည်သာတဲ့ အခါတိုင်း သူ အမြဲတမ်း အဲဒီအတိုင်းပဲ။ ရုံးမှာ ဘယ်သူနဲ့ တွေ့၊ ဘာတွေလုပ်၊ ဘယ်သူက ကျွမ်း၊ ဘယ်သူ က ကြမ်း။ စုံစီနဖာ ဝေဝေဆာဆာပါပဲ။

ကျွန်တော်လည်း သူစကားပြောလို့ ကောင်းအောင် တစ်ချက် တစ်ချက် ထောက်ပေးရတာပေါ့။ ဒါပေမယ့် သူပြောနေတာကို ကျွန်တော် အာရုံမရောက်ပါဘူး။ စိတ်မဝင်စားလို့ တော့ မဟုတ်ဘူး ။ ထမင်းစားစားပွဲမှာ သူအလုပ်အကြောင်း အားရပါးရပြောနေတဲ့ ပုံလေးကို ချစ်လို့ ။ ဒီအတိုင်း ဘာမှ မပြောဘဲ ထိုင်ကြည့်နေချင်လို့ ။ ဒါအိမ်ပေါ့။ တို့ ရဲ့ အချစ်တွေနဲ့ ချိုမြေနေတဲ့ အိမ်ကလေးပေါ့။ ကျွန်တော်တို့ အခု အိမ်မှာ နေပြီး အိမ်ပိသအောင် ကိုယ်စီကိုယ်ငါ တာဝန်ထမ်းဆောင်နေကြတယ်ပေါ့။ သူက သူ့အလုပ်အကြောင်းပြော၊ ကျွန်တော်က သူ့ကို ချက်ပြုတ်ကျွေးမွေးပြီး သူပြောတာ ထိုင်နားထောင်။ လက်မထပ်ခင်က တစ်ခါတလေ စိတ်ကူးယဉ်ခဲ့ဘူးတဲ့ အိမ်ရဲ့ ပုံရိပ်တွေနဲ့ တော့ နည်းနည်း

ကွာခြားတယ်။

ဒါပေမယ့် ဒါဟာ ကျွန်တော်ကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ အိမ်ပဲလေ။ ငယ်ငယ်တုန်းကလည်း အိမ်မှာ နေခဲ့ရတာပါပဲ။ ဒါပေမယ့် အဲဒါက ကျွန်တော် စိတ်ကြိုက်ရွေးချယ်ပိုင် ခွင့်ရှိတဲ့ အိမ် မဟုတ်ဘူး လေ။ အဲဒီအိမ်ထဲကို အိမ်သားအသစ်တစ်ယောက်အနေနဲ့ ကျွန်တော်မွေးဖွားလာခဲ့တယ်။ အဲဒီအိမ်မှာ ကြီးပြင်းလာခဲ့တယ်။ ခု နေနေရတဲ့ အိမ်ကတော့ ကျွန်တော်ကိုယ်တိုင် ကိုယ့်စိတ် ကိုယ့်ဆန္ဒနဲ့ ဖြစ်အောင် လုပ်ယူထားခဲ့တဲ့ အိမ်ပဲ။ ကျွန်တော့်အိမ်ဟာ ပြည့်စုံချင်မှ ပြည့်စုံမယ်။ ပြဿနာတွေရှိချင်ရှိမယ်။ သို့သော် အဲဒီ ပြဿနာဆိုတာလည်း ကိုယ့်ဆီကနေ အရင်းတည်ပြီး ဖြစ်ခဲ့ရတဲ့ ဟာတွေပဲမဟုတ်လား။

"ဩော် ... ကလေးအကြောင်း ဘာပြောလဲ" ကူမီကို ကမေးလိုက်တယ်။ ပိစိဖိတ်ဟိုတယ်မှာ မော်လ်တာကာနိုနဲ့ တွေ့ခဲ့ပြောခဲ့တဲ့ အကြောင်းတွေကို ပြန်ပြောပြလိုက်တယ်။ အစက်ကလေးတွေပါတဲ့ နက်ခ်တိုင် ရုပ်မတွေ့တဲ့ အကြောင်းလည်း ထည့်ပြောလိုက်သေးတယ်။ လူပြည့်နေတဲ့ ခန်းမထဲမှာ မော်လ်တာကာနိုက ကျွန်တော်မှန်းတန်းသိခဲ့တဲ့ အကြောင်း၊ သူဝတ်စားဆင်ယင်ပုံနဲ့ စကားပြောပုံထူးထူးဆန်းဆန်းတွေအကြောင်း၊ အားလုံးလိုလိုပါပဲ။ မော်လ်တာကာနိုဆောင်းလာတဲ့ ဦးထုပ်အနီအကြောင်း အကဲပါပါပြောပြတော့ ကူမီကို သဘောတွေကျနေတယ်။ ဒါပေမယ့် ကြောင်နဲ့ ပတ်သက်ပြီးရေရေရာရာ မသိတဲ့ အတွက် သူကျေနပ်ပုံတော့ မရဘူး။

"အဲဒီတော့ ကလေး ဘယ်မှာ ဆိုတာ သူလည်း သေချာမသိဘူးပေါ့။ အိမ်နားမှာ မရှိတော့ဘူး ဆိုတာလောက်ပဲ သူ ပြောနိုင်တယ်နော် ... ဟုတ်လား"

"အင်း ...အဲဒီအတိုင်းပဲ"

ကျွန်တော်တို့ အိမ်ကခိုက်တယ်ဆိုတဲ့ အကြောင်း၊ ဒါကြောင့် ကြောင်ပျောက်သွားတာ ဆိုတဲ့ အကြောင်း မော်လ်တာကာနို ပြောတာတွေကို ကျွန်တော် သူ့ကိုမပြောပြဘူး။ အလကားနေရင်း စိတ်ပူနေမှာ စိုးလို့ ။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီအကြောင်းတွေ ထပ်မကြားချင်ဘူး။ တကယ်လို့ ပြောလိုက်မိလို့ ချက်ချင်း အလန့်တကြား ပြောင်းမယ် ဘာမယ် လုပ်မှ တကယ်ပြဿနာတက်မှာ ။ ခုလက်ရှိ အခြေအနေနဲ့ ကျွန်တော်တို့ ဘယ်ကိုမှ မပြောင်းနိုင်သေးဘူးလေ။

"ဒါဆို ကလေးက ပြန်မလာတော့ဘူးတဲ့ လား"

"မသိဘူးလေ။ သူက ဝါးတားတားတွေချည်း ပြောသွားတာ။ သဲလွန်စလေးတွေလောက်ပဲပြောတာ။ ဒါပေမယ့် သူ ထပ်ဆက်သွယ်ဦးမယ်လို့ တော့ ပြောသွားတယ်"

"ကို သူ့ကို ယုံလား ဟင်"

"မပြောတတ်ဘူး၊ ကို လည်း ဒါမျိုးတွေ ကြုံမှ မကြုံဖူးတာ"

ဘီယာငှဲ့လိုက်တယ်။ ကူမီကိုက မေးစေ့ကို လက်ထောက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။

"အတိုင်ပင်ခံကြေးတို့ ဘာတို့ ကို သူ လုံးဝလက်မခံဘူးဆိုတာတော့ ပြောတယ်မဟုတ်လား"

"အင်း ...အဲဒါတော့ပြောတယ်။ ကောင်းတာပေါ့။ တို့ အတွက် ဘာမှ ဆုံးရှုံးစရာ မရှိဘူးပေါ့"

"ဒီမှာ ကို၊ တစ်ခုတော့ ပြောထားမယ်၊ ကလေးဟာ မ ဘဝအတွက် သိပ်အရေးကြီးတယ်နော်၊ မ တို့ လက်ထပ်ပြီး တစ်ပတ်ကြာတော့ က

လေးကို တူတူတွေ့ခဲ့တာလေ၊ မှတ်မိလား"

"မှတ်မိပါတယ်"

"အဲဒီတုန်းက ကလေးက ပေါက်စလေး၊ တစ်ကိုယ်လုံးလည်း မိုးတွေ ရွဲလို့ ၊ သနားစရာလေး၊ ကို့ကို မ ဘူတာရုံမှာ လာကြိုပြီး အပြန်လမ်းမှာ ကလေးကို အရက်ဆိုင်တစ်ခုနားမှာ တွေ့တာနော်၊ အဲဒီအချိန်ထဲက ခုထိ ကလေးနဲ့ ခွဲဖူးတယ်လို့ မရှိဘူး၊ ကလေးကို အဆုံးရှုံးမခံနိုင်ဘူး ကို"

"အင်းပါ၊ ကို သိပါတယ်၊ စိတ်မပူပါနဲ့ မ ရယ်"

"ဒါဆို ခု သူဘယ်မှာ လဲ။ ပျောက်နေတာ ဆယ်ရက်ရှိပြီနော်။ ဒါကြောင့် မ အကို့ဆီဖုန်း ခေါ်ပြီး အကြားအမြင်ဆရာ ကောင်းကောင်း ဘယ်မှာ ရှိလဲ သိလားလို့ မေးလိုက်တယ်။ ကို မကြိုက်မှန်းတော့ သိပါ တယ်။ ဒါပေမယ့် အကိုက အဲဒါမျိုးတွေ အတော်သိတယ်လေ"

"ဟုတ်ပ၊ ဟုတ်ပ၊ မ တို့ ဝတရာမိသားစုရဲ့ ဓလေ့ထုံးတမ်းစဉ်လာကို ထိန်းသိမ်းသောအားဖြင့်ပေါ့" စိတ်ချဉ်ပေါက်လာ လို့ ခပ်ရွဲ့ရွဲ့ပြောမိတ ယ်။

"နေစမ်းပါဦး၊ နိုဘိုရ ဝတရာနဲ့ ဒီမိန်းမနဲ့ က ဘယ်လို ပတ်သက်တာ လဲ"

ကူမီကို က ပုခုံးတွန့်ပြလိုက်တယ်။

"သူမှာ အဲသလို အဆက်အသွယ်တွေက အများကြီးလေ၊ အဲဒီထဲက တစ်ယောက်နေမှာ ပေါ့"

"ဩော်"

"အကိုကပြောတယ်။ ဒီမိန်းမက အတော်ထူးဆန်းသတဲ့ ။ ဒါပေမယ့်

သူ့အစွမ်းကမသေးဘူးတဲ့ ။ သူ့နာမည် ဘယ်သူ"

"မော်လ်တာ ကာနိုတဲ့ ။ မော်လ်တာကျွန်းမှာ ကျင့်စဉ်တွေကျင့်လာတယ် ပြောတာပဲ"

"အင်း ... ဟုတ်တယ်၊ ဟုတ်တယ်၊ မော်လ်တာ ကာနို၊ ကို သူ့ကို ဘယ်လိုမြင်လဲ"

"ဘယ်လိုမြင်လဲဆိုတော့ ဘယ်လိုပြောရမလဲ။ သူက ပျင်းစရာတော့ မကောင်းဘူး။ သူပြောနေတာတွေက စိတ်တော့ ဝင်စားစရာပါပဲ။ ဘာပဲဖြစ်ဖြစ် ပျင်းစရာကောင်းတဲ့ လူထက်စာရင်တော့ သူက သာတာပေါ့။ ဥပမာ မစ္စတာဟွန်ဒါလိုလေ"

မစ္စတာဟွန်ဒါလို့ ပြောလိုက်တော့ ကူမီကိုက တစ်ခွီးခွီးရယ်တယ်။

"သူက အံ့ဩစရာအဖိုးကြီးပါ ကို ရယ်၊ မ တော့ သူ့ကိုသဘောကျတယ်"

"ကိုလည်း သဘောကျပါတယ်"

* * *

လက်ထပ်ပြီး တစ်နှစ်လောက်နေတော့ ကူမီကိုနဲ့ ကျွန်တော် တစ်လ တစ်ကြိမ်လောက် အဖိုးကြီး မစ္စတာဟွန်ဒါ့ အိမ်ကိုသွားကြရတယ်။ အဖိုးကြီးက ဝတရာ မိသားစုလက်စွဲ အကြားအမြင် ဆရာကြီးဆိုပါတော့။ ဒါပေမယ့် နားတော့အတော်လေးတယ်။ နားကြပ်တပ်ထားတာတောင် သူများ ပြောရင် ကောင်းကောင်း မကြားချင်ဘူး။ သူကြားအောင် အသားကုန် အော်ပြောမှ ရတာ။ ဒီလောက် နားလေးတဲ့ ပုဂ္ဂိုလ်က ဝိဉာဉ်တွေပြောတာကို ကြားနိုင်တယ်ဆိုပဲ။ အံ့ဩစရာကြီးနော်။ ကြည့်ရ

တာတော့ နားလေးလေလေ၊ ဝိညဉ်တွေရဲ့ အသံကိုပိုကြားလေလား မသိပါဘူးဗျာ။ သူနား လေးတာကြာလှပြီ။ စစ်ဖြစ်တုန်းကတည်းကတဲ့ ။ မန်ချူးရီးယားစစ်မြေပြင်မှာ သူ တာဝန်ကျနေတုန်း မွန်ဂိုလီးယားနဲ့ မန်ချူးရီးယားနယ်စပ်က နိုမွန်ဟန်ဆိုတဲ့ နေရာကလေးမှာ ဆိုဗီယက်-မွန်ဂို တပ်ပေါင်းစုက ပစ်လိုက်တဲ့ အမြောက်ဆံ သူနားလာကျပြီး ပေါက်ကွဲက တည်းက နားစည်တွေ ပွင့်ထွက်ကုန်တာတဲ့ ။ ကျွန်တော်တို့ သူ့ဆီသွား တာကတော့ အကြားအမြင်မေးဖို့ ၊ ဗေဒင်မေးဖို့ မဟုတ်ပါဘူး။ ကူမီကိုရော ကျွန်တော်ရော ဒါမျိုးတွေဝါသနာ မပါဘူး။ သူ့မိဘတွေနဲ့ သူ့ အကိုကတော့ အသည်းအသန်ကို ယုံကြတာ။ ကူမီကိုကတော့ နည်းနည်းမှ ကိုမယုံရေးချမယုံဆိုတဲ့ အစားထဲက။ တစ်မိပေါက် တစ်ယောက်ထွန်းပေါ့။ဒါဆိုဘာလို့ အဖိုးကြီး ဟွန်ဒါဆီ သွားကြသလဲဆိုတော့ သူ့အဖေကြီးက သွားကိုသွားရမယ်လို့ တစ်ချက်လွှတ် အမိန့်ထုတ်ပြန်တော်မူလို့ ဗျ။ ကျွန်တော်တို့ လက်ထပ်ဖို့ သတ်မှတ်ချက်တစ်ချက် အနေနဲ့ ကို ထည့်ထားတာ။ ဘာပဲဖြစ်ဖြစ် ပြဿနာမရှုပ်ချင်တာနဲ့ ကျွန်တော်တို့ လည်း သွားကြတာပေါ့။

* * *

ဝတရာ မိသားစုက လွယ်တဲ့ ဟာတွေတော့ မဟုတ်ဘူး ။ သူ့အဖေ၊ ကျွန်တော့် ယောကျ္ဖထီးကြီးက နီဂါတာဖက်က လယ်သမားမျိုးရိုး၊ ကောင်းပေ့ဆိုတဲ့ တိုကျိုတက္ကသိုလ်ကို စကောလားရှစ်နဲ့ တက်၊ ဂုဏ်ထူးတွေတသီကြီးနဲ့ ဘွဲ့ရပြီး ပို့ဆောင်ရေးဝန်ကြီးဌာနက အကောင်ကြီးပေါ့။ လေးစားလောက်တဲ့ ထိပ်တန်းအရာရှိကြီး။ ဒါပေမယ့် ပြဿနာက ငါတကော ကောတာပဲ။ ငါနဲ့ မတူ ငှါရန်သူ၊ အရာရာ ငါသာအမှန်။ ဘာမှ

လာမပြောနဲ့ ။ ပါးပိတ်ရိုက်လိုက်မယ်။ ခြေထောက်နဲ့ ဆောင့်ကန်လိုက်မယ်ဆိုတဲ့ ဟာမျိုးကြီး။ တစ်အိမ်လုံးမှာ သူသာလျှင် ဆရာသခင်၊ သူ့အမိန့်ကို အကုန်နာခံရမယ်ဆိုတဲ့ အာဏာရူးကြီး။ ဆိုတော့ ဒီလိုဟာကြီးက အသက်နှစ်ဆယ့်လေးနှစ်၊ ဘာရာထူးမှ လည်း မရှိ၊ ဘာဘွဲ့မှ လည်း မရ၊ ဘာနောင်ရေးမှ လည်း စိတ်အေးစရာ တစ်ကွက်မှ မရှိတဲ့ ကျွန်တော့်လို ကောင်မျိုးကို သူ့သမီးနဲ့ သဘူတောလိမ့်မယ်လို့ ကျွန်တော်ရော၊ ကူမီကိုပါ မထင်ရေးချမထင်။ နှစ်ဦးသဘောတူလက်ထပ်ပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်ရမယ်လို့ အစထဲကမှန်းထားပြီးသား။

ဒါပေမယ့်လည်း ယဉ်ကျေးသမှုပြုတဲ့ အနေနဲ့ ကူမီကို မိဘဆီသွားပြီး လက်ထပ်ခွင့်တော့ တောင်းဦးမှ ပဲလို့ စဉ်းစားလိုက်တာ အတော်မှန်သွားတယ်။ ဝတရာအိမ်ထဲဝင်သွားရတာ ရေခဲသေတ္တာထဲဝင်ရသလိုပါပဲ။ တစ်အိမ်လုံးက ကျွန်တော့်အပေါ် အေးစက်စက်ကြီးတွေ။

နောက်ဆုံးကျတော့ သူတို့ က ခွင့်ပြုလိုက်သဗျား။ ကျောက်ခဲရေပေါ်တယ် ပြောရမလားပဲ။ အမိကကျေးဇူးရှင်ကတော့ မစ္စတာဟွန်ဒါပေါ့။ အဖိုးကြီးက သူတို့ သမီး ကူမီကိုနဲ့ လက်ထပ်ဖို့ အသင့်တော်ဆုံးလူဟာ ကျွန်တော့်အပြင် တစ်ခြားမရှိဘူးလို့ ဟောကိန်းထုတ်လိုက်သဗျ။ ဒီမင်္ဂလာပွဲကို ကန့်ကွက်ရင် ဝတရာအိမ်ဟာ ကြမ္မာငင်လိမ့်မယ်လို့ ဟောလိုက်သတဲ့ ။ အဖိုးကြီး ဟွန်ဒါကို အသည်းခိုက်အောင်ယုံတဲ့ ဝတရာမိသားစုအဖို့ ကူမီကိုနဲ့ ကျွန်တော့်ကို လက်ထပ်ပေးဖို့ မှ တပါး အခြားမရှိဆိုတဲ့ ကိန်းဆိုက်တော့တာပေါ့။

သို့သော်၊ သို့သော်လည်း ပေါ့လေ၊ မတူချင်ပဲ ဖျစ်ညှစ်သဘောတူထားရတဲ့ အကောင်မဟုတ်လား။ ဝတရာမိသားစုအတွက် ကျွန်တော်ဟာ မဖိတ်ဘဲ ရောက်လာတဲ့ ဧည့်သည် ၊ စည်းအပြင်က လူတစ်ယောက်

လေ။ ကူမီကိုနဲ့ ကျွန်တော်ဟာ လက်ထပ်ပြီးနောက်ပိုင်း သူတို့ အိမ်ကို တစ်လနှစ်ကြိမ် မဖြစ်မနေ ညစာသွားစားရတဲ့ ဝတ္တရားတစ်ခု တိုးလာတယ်။ စိတ်ညစ်စရာပါပဲ။ သူတို့ အိမ် ထမင်းစားစားပွဲကိုက ဘူတာရုံလောက်ရှိတယ်။ စားနေသောက်နေတုန်း သူတို့ စကားတွေဖောင်ဖွဲ့နေချိန်မှာ ကျွန်တော်က ထမင်းစားပွဲ အစွန်ဆုံးမှာ ထိုင်ပြီး တောင်ငေးမြောက်ငေးပေါ့။ စားပွဲကြီးက ကြီးလွန်းရှည်လွန်းလို့ ဟိုဖက်ထိပ်မှာ ထိုင်နေတဲ့ သူ့အဖေကြီးကို ကောင်းကောင်း တောင် မမြင်ရဘူး။ အဲသလို မျိုးတစ်နှစ်လောက်ဒုက္ခခံပြီးတော့ နောက်ဆုံး ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး အဖိုးကြီးနဲ့ ကျွန်တော် အကြီးအကျယ် စကားများ တယ်။ အဲဒီအချိန်ကစလို့ ဝတရာမိသားစုနဲ့ ကျွန်တော် ရှင်ခန်းပြတ်ခဲ့တယ်။ စိတ်သက်သာလိုက်တာကို မပြောပါနဲ့ တော့။

ဝတရာအိမ်နဲ့ အဆက်အဆံရှိတုန်းမှာ ထုတ်ထားတဲ့ စည်းကမ်းချက်တွေထဲက တစ်ချက်ကတော့ ကျွန်တော်တို့ လင်မယား တစ်လတစ်ကြိမ် အဖိုးကြီးဟွန်ဒါနဲ့ တွေ့ကိုတွေ့ရမယ် ဆိုတာပါတယ်။ အတိုင်ပင်ခံကြေးတို့ ဘာတို့ ကတော့ ဝတရာအဖေကြီးရှင်းတာပါ။ မီဂူရိမှာ ရှိတဲ့ အဖိုးကြီးဟွန်ဒါအိမ်ကို တစ်လတစ်ခါသွား၊ သူပြောတာနားထောင်၊ ပြီးရင် အိမ်ပြန်၊ ဒါပဲ။

ဟွန်ဒါကြီးက တကယ်တော့ နှစ်လို့ ဖွယ်ပါ။ ကျွန်တော်တို့ သူ့အတွက် သတိတရနဲ့ တစ်ခုခုများ ဝယ်လာတာတွေ့ရင် မျက်နှာကြီးကိုဝင်းလို့။ နားလေးလွန်းလို့ တီဗွီကို အသံကုန် ဖွင့်ထားတာကလွဲရင် ကျန်တာ အားလုံး ကောင်းတယ်။ သူ့ကို ကျွန်တော်တို့ နှစ်ယောက်လုံး သဘောကျကြတယ်။

ကျွန်တော်တို့ အမြဲတမ်းလိုလိုပဲ သူ့အိမ်ကို မနက်ပိုင်းသွားလေ့ရှိတ

ယ်။ နာမည်ကြီး အကြားအမြင် ဆရာဆိုပေမယ့် နေတာထိုင်တာတော့ အလွန်ရိုးတဲ့ အဖိုးကြီး။ သူ့အိမ်လေးက သေးသေးလေး။ ဖျာတွေကလည်း နွမ်းရိလို့ ။ ပြတင်းပေါက်ကလဲ စုတ်ပြတ်လို့ ။ သူနေတဲ့ လမ်းထိပ်မှာ ကားဝပ်ရော့ တစ်ခုလည်း ရှိတော့ အမြဲတမ်း ဆူညံကွက်လောရိုက်နေတာပဲ။ မစ္စတာဟွန်ဒါဟာ ကီမိုနိုအမြဲဝတ်တယ်။ သူဝတ်ပုံက ဆာမူရိုင်းလိုလည်း မဟုတ်၊ အမျိုး သမီးတွေလိုလည်း မဟုတ်။ စပ်ကြားကြီး။ သူ့ ကီမိုနိုကလည်း တစ်သက်လုံး တစ်ခါမှ မလျှော်ဘူးနဲ့ တူပါရဲ့ ။ အိမ်အကူ မိန်းမတစ်ယောက် အချိန်ပိုင်းလာတာကလွဲလို့ တစ်အိမ်လုံးမှာ သူတစ်ယောက်တည်းပဲ။ အဲဒီအိမ်အကူမိန်းမကိုလည်း သူ့ကီမိုနိုကို ဘယ်တော့မှ လျှော်ခိုင်းလေ့မရှိဘူးတဲ့ ။ ပါးတွေက ခွက်ဝင်နေပြီး မျက်နှာမှာ လည်း မှ ဲခြောက်တွေနဲ့ အဲဒီအချိန်ထဲက သူတော်တော်အိုနေပြီ။

သူ့အိမ်မှာ အထင်ကြီးစရာဆိုလို ကာလာတီဗွီကြီးပဲရှိတယ်။ အိမ်လေးက သေးလို့ လားမသိ၊ တီဗွီက ရှိရင်းစွဲထက်တောင် ပိုကြီးနေသလိုပဲ။ အမြဲတမ်း အစိုးရရုပ်သံလိုင်း NHK တစ်လိုင်းပဲ ဖွင့်ထားတယ်။ NHK ကို ကြိုက်လွန်းလို့ လား၊ တစ်ခြားလိုင်း ထပြောင်းရမှာ ပျင်းလို့ လား၊ ဒါမှ မဟုတ် ဒီတီဗွီကြီးဟာ NHK တစ်လိုင်းပဲ ဖမ်းလို့ ရတာလားတော့ မသိပါဘူး။ ဒါပေမယ့် သူကတော့ အမြဲတမ်းထာဝရ NHK ပဲ။

လက်ရေးလှ စာလိပ်တစ်ခုကလွဲရင် သူ့ဧည့်ခန်းဟာ အဲဒီတီဗွီကြီးနဲ့ ပြည့်နေတယ်လို့ ပြောရ မလားပဲ။ မစ္စတာဟွန်ဒါ ဟာ တီဗွီရှေ့မှာ အမြဲထိုင်နေတတ်တယ်။ NHK က ဘာအစီအစဉ်လာလာ မပျင်းမရိ ထိုင်ကြည့်နေတော့တာပဲ။

"မင်းနဲ့ ဥပဒေအလုပ် နည်းနည်းမှ မကိုက်ဘူး ငါ့သားရဲ့ " တဲ့ ။ တစ်

ရက်တော့ မစ္စတာ ဟွန်ဒါက ပြောတယ်။ သူ့မျက်လုံးတွေဟာ ကျွန်တော့်ကို ကြည့်နေသလိုလို၊ ကျွန်တော့် နောက် ကိုက်နှစ်ဆယ်လောက်က ဝိဉာဉ်တစ်ခုခုကို ကြည့်နေသလိုလို၊ အမြဲတမ်း ဒီအတိုင်းပဲ။

"ဟုတ်လား၊ မကိုက်ဘူးလား"

"အေး၊ မကိုက်ဘူး၊ မသင့်တော်ဘူး။ ဥပဒေဆိုတဲ့ ဟာကြီးက ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ အရာပဲ။ အဲဒီ ဥပဒေကမ္ဘာကြီးမှာလေ အရိပ်ဟာ အရိပ်ပဲ၊ အလင်းဟာအလင်းပဲ၊ ယင်ဟာယင်ပဲ၊ ယန်ဟာယန်ပဲ၊ ငါဟာငါပဲ၊ သူဟာသူပဲ၊ မင်းဟာ အဲဒီ ကမ္ဘာနဲ့ မသင့်တော်ဘူး ငါ့သား၊ မင်းရှိရမယ့် ကမ္ဘာဟာ အဲဒီထက် အဆင့်မြင့်ချင်မြင့်၊ နိမ့်ချင်နိမ့်၊ အဲဒီနေရာတော့ မဟုတ်ဘူး "

"မြင့်တာနဲ့ နိမ့်တာ ဒါဆို ဘယ်ဟာ ပိုကောင်းမလဲ အဘ"

"ဘယ်ဟာမှ ပိုမကောင်းဘူးကွ"

သူက အဲသလိုပြောရင်း ချောင်းတဟွတ်ဟွတ်ဆိုးတယ်။ တစ်သျှူးထသလိပ်ဟပ်ထည့်၊ တစ်သျှူးစကိုလုံးပြီး အမှိုက်ခြင်းထောင်းထဲ ပစ်ထည့်လိုက်တယ်။

"ကောင်းတာဆိုးတာကို ခုပြောနေတာ မဟုတ်ဘူး ။ အဓိက ပြောချင်တာကတော့ ကံကြမ္မာက ဦးဆောင်ပြီး မင်းကိုခေါ်သွားနေတဲ့ ဘဝအလျဉ်ကို ခုခံဖို့ မကြိုးစားနဲ့ ဆိုတာပဲ။ အမြင့်ကိုခေါ်ရင်လည်း အသာလေးလိုက်သွား၊ အနိမ့်ကို ဆွဲချသွားတော့လည်း မျက်စိမှိတ်ပြီးလိုက်သာသွား၊ အမြင့်တက်နေတဲ့ အချိန် မျှော်စင်ကြီးတွေ့ရင်လည်း အပေါ်ဆုံးရောက်တဲ့ အထိသာ တက်သွားလိုက်၊ အနိမ့်ရောက်သွားချိန် ရေတွင်းကြီးတွေ့တော့လည်း အောက်ခြေထိသာ ဆင်း ကြည့်လိုက်ပေါ့။ ဘယ်ကိုမှ မခေါ်သွားဘဲ ငြိမ်နေရင်လည်း အသာလေး ပေါလောမျောနေ

ပေါ့။ ခုခံဖို့ တော့ မကြိုးစားလေနဲ့ ငါသား၊ မင်းခုခံလိုက်မယ်ဆိုရင် အရာအားလုံး ခြောက်သွေ့သွားလိမ့်မယ်၊ အမှောင်ကမ္ဘာထဲ စုန်းစုန်းမြုပ်သွားလိမ့်မယ်၊ ငါက သူဖြစ်ပြီး သူက ငါဖြစ်သွားလိမ့်မယ်။ မင်းအတွက်ကို စွန့်လွှတ်ရလိမ့်မယ်"

"ဒါဆို ခုချိန်က ငြိမ်ပြီး ပေါ်လောမျောနေတဲ့ အချိန်ပေါ့နော် အဘ" ကူမီကို က ဝင်မေးတယ်။

"ဘာဖြစ်တယ်" အဖိုးကြီးက မကြားဘူး။

"ဒါဆို ခုချိန်က ငြိမ်ပြီး ပေါ်လောမျောနေတဲ့ အချိန်လားလို့ "

ကူမီကို အော်ထည့်လိုက်တာ တစ်အိမ်လုံးတောင် သိမ့်သိမ့်တုန်သွားသလား အောက်မေ့ရတယ်။

အဖိုးကြီး ဟွန်ဒါက ခေါင်းတညိတ်ညိတ်လုပ်နေတယ်။

"အင်း ... ဟုတ်တယ်၊ ခုတော့ ငြိမ်နေတယ်၊ အေးပေါ့ ...ပေါ်လောမျောနေတာပေါ့၊ ဘာမှ ထလုပ်ဖို့ မကြိုးစားလေနဲ့ ၊ တစ်ခုတော့ရှိတယ်၊ ရေကိုသတိထား၊ နောင်တစ်ချိန်မှာ ဒီကောင်လေးဟာ ရေနဲ့ ပတ်သက်ပြီး တစ်ခုခု ကြီးကြီးမားမား ထိခိုက်ခံစားရတာ တွေ့ကြုံလိမ့်မယ်၊ ရှိသင့်ရှိ ထိုက်တဲ့ နေရာမှာ ရှိမနေခဲ့တဲ့ ရေ၊ မရှိသင့်မရှိထိုက်တဲ့ နေရာမှာ လာရှိနေမယ့်ရေ၊ သတိထား၊ သတိကြီးကြီးထားကြ"

ကူမီကိုက ကျွန်တော့်ဘေးမှာ ထိုင်ရင်း ပုတ်သင်ညိုလို ခေါင်းတညိတ်ညိတ်လုပ်နေပေမယ့် သူမျက်နှာက ဝါးကနဲမရယ်ချမိအောင် အပြင်းအထန် ထိန်းချုပ်ထားရသလို မချိမချဉ်ဖြစ်နေတယ်။ ကျွန်တော်က အဖိုးကြီးကို အော်မေးလိုက်တယ်။

"ဘယ်လို ရေမျိုးလဲ အဘ"

"ငါမသိဘူး၊ ရေဆိုတာပဲ သိတယ်"

အဲဒီအချိန် တီဗွီကနေပြီး တက္ကသိုလ်ပါမောက္ခတစ်ယောက်ရဲ့ ဂျပန်သဒ္ဒါအကြောင်း ဟောပြောပို့ချမှု လာနေခဲ့တယ်။ သူပြောနေတာက လူတွေဟာ ဘဝနေထိုင်မှု ပုံစံတွေ တဖြည်းဖြည်း စည်းမဲ့ကမ်းမဲ့ ဗရမ်းဗတာဖြစ်လာတာနဲ့ အမျှ သဒ္ဒါကိုလည်း စည်းမဲ့ကမ်းမဲ့ ဗရမ်းဗတာ သုံးလာကြတယ်တဲ့ ။

"တကယ်တော့လည်း စည်းမဲ့ကမ်းမဲ့ရယ်လို့ တော့ အတိအကျပြောလို့ မရပါဘူး။ သဒ္ဒါဆိုတာ လေလိုပဲဗျ၊ ပညာသိပ်တတ်တဲ့ ဆင်စွယ်နန်းတော်ပေါ်က သောတုဇနတွေဟာ အင်မတန်မြင့်မားတဲ့ သဒ္ဒါစည်းမျဉ်းစည်းကမ်းတွေကို ချမှတ်ခဲ့ကြတယ်၊ လူတွေက ဒါကိုမလိုက်နိုင်ဘူး၊ ဆိုတော့ သူတို့ ပြောတတ်သလို ပြောကြတာပေါ့လေ"

အင်း ...စိတ်ဝင်စားစရာပဲ။ ဒါပေမယ့် အဖိုးကြီး ဟွန်ဒါကတော့ ရေအကြောင်းချည်း ဖိပြော၊ ခွပြောနေတယ်။

"မင်းတို့ ကို အမှန်အတိုင်း ဝန်ခံရရင် ငါရေနဲ့ ပတ်သက်ပြီး အကြီးအကျယ် ခံစားခဲ့ရဖူးတယ်။ စစ်အတွင်းတုန်းကပေါ့၊ ငါတာဝန်ကျနေတဲ့ နိုမွန်ဟန် ရှေ့တန်းစစ်မျက်နှာမှာ ရေမရှိဘူးလေ။ ရိက္ခာလည်း မရှိဘူး၊ ရေလည်း မရှိဘူး၊ ဆေးဝါးလည်း မရှိဘူး၊ ကျည်ဆန်လည်း မရှိဘူး၊ ဘာမှ မရှိဘူး၊ သောက်ကျိုးနည်းဆိုးတဲ့ အခြေအနေပေါ့။ ဒါကို နောက်တန်းကနေထိုင်ပြီး အမိန့်တွေပေးနေတဲ့ အကောင်ကြီးတွေက နားမလည်ဘူး၊ သူတို့ သိတာ မြန်နိုင်သမျှမြန်အောင် ဒီနယ်မြေကို သိမ်းပိုက်ဖို့ ပဲ။ ရိက္ခာထောက်ပံ့ရေးကိစ္စ သူတို့ ခေါင်းထဲမှာ မရှိဘူး၊ အဲဒီတုန်းက ငါ သုံးရက်လုံးလုံး ရေတစ်စက်တောင် မသောက်ဘဲနေခဲ့ရဖူးတယ်။ မနက်စောစော မြက်ဖျားလေးတွေထိပ်မှာ စုပြီး သီးလာတဲ့ မြူစက်ကလေးတွေကို

လျှာနဲ့ လိုက်လျက်ရတယ်။ မခံစားနိုင်လွန်းလို့ သေသွားရင် ကောင်းမယ်လို့ အဲဒီတုန်းက စဉ်းစားခဲ့ဖူးတယ်။ ရေငတ်တဲ့ ဝေဒနာလောက်ဆိုးတာ ဒီကမ္ဘာလောကမှာ မရှိဘူးကွ။ ထပြေးပြီး ကျည်သင့်ခံလိုက်ဖို့ ကိုလုံးဝမကြောက်ဘူး၊ အဆင်သင့်ပဲ၊ တို့ တပ်သားတွေဟာ ဗိုက်ကိုသေနတ်မှန်ပြီး သေလုမျောပါးနဲ့ ရေကိုတမ်းတနေလိုက်ကြတာကွာ။ မြင်ရက်စရာမရှိဘူး၊ တစ်ချို့လည်း ရေငတ်လွန်းမကငတ်ပြီး ရူးကုန်ကြတယ်။ တကယ့်ကို လောကငရဲပါပဲ။ အဆိုးဆုံးကတော့ တို့ ရှေ့တည့်တည့်မှာ ဧရာမမြစ်ကြီးတစ်စင်းရှိနေတယ်၊ ရေတွေအရှိန်အဟုန်နဲ့ စီးနေတယ်၊ တစ်သက်လုံး သောက်လို့ မကုန်နိုင်လောက်အောင် များ တဲ့ ရေတွေလေ၊ ဒါပေမယ့် တို့ မသောက်နိုင်ဘူး၊ တို့ နဲ့ မြစ်ကြားမှာ ဆိုဗီယက်တင့်ကားတပ်က မည်းမည်းလှုပ်လို့ ၊ စက်ကြီးတွေ၊ စက်ကလေးတွေ၊ လက်ဖြောင့်သမားတွေ နေရာတိုင်းရှိတယ်၊ ညဖက်ဆို တစ်လောကလုံး ထိန်နေအောင် မီးပန်းလွှတ်ကြတယ်၊ တို့ ဆီမှာ ရှိတာက ၃၈ မော်ဒယ် ခြေလျှင်တပ် ရိုင်ဖယ် တစ်ယောက်တစ်လက်နဲ့ ကျည်ဆန် ၂၅ တောင့်စီရယ်၊ မခံမရပ်နိုင်အောင်ရေငတ်လွန်းတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး တို့ တပ်သားတွေ မြစ်ဖက်ကို တစ်ယောက်ပြီး တစ်ယောက် ပုန်းလျှိုးကွယ်လျှိုးဆင်းကြတယ်၊ တစ်ယောက်မှ ကို ပြန်မလာနိုင်ပါဘူး၊ အကုန်သေကြတာပဲ။ ဒါကြောင့် မင်းကို အဘပြောတာ၊ မခုခံနဲ့ ၊ အသာလေး ပေါလောသာမျှောနေလို့ "

အဖိုးကြီး ဟွန်ဒါဟာ တစ်သျှူးတစ်ရွက်ယူတယ်။ နှပ်ညှစ်တယ်၊ အကျယ်ကြီး ညှစ်တာ။ ပြီးတော့ ထုံးစံအတိုင်းလုံးခြေပြီး အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်တာပဲ။ ပြီးတော့ သူဆက်ပြောတယ်။

"ဘာမှ မလုပ်ဘဲ ဒီအတိုင်း ပေါလောမျောပြီး စောင့်နေဖို့ ဆိုတာ ခက်တော့ အတော် ခက်တယ်ကွ၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ စောင့်ရမှာ ပဲ၊

မင်းကိုယ်မင်း သေနေတယ်လို့ သဘောထားပေါ့"

"ဒါဆို ခု ကျွန်တော် အသေလို နေရမှာ ပေါ့နော်"

"ဘာရယ်"

"ဒါဆို ခု ကျွန်တော် အသေလို နေရမှာ လားလို့ "

"အေး ...ဒါပဲ ငါ့သားရဲ့ ၊ အသေလို အသာလေး ပေါလောမျှောနေ၊ နိုမွန်ဟန်၊ နိုမွန်ဟန်"

သူ နိုမွန်ဟန် အကြောင်းကို နောက်ထပ် တစ်နာရီလောက် ဆက်ပြောနေတယ်။ ကျွန်တော်တို့ လင်မယားလည်း ထိုင်နားထောင်နေရတာပေါ့။ ယောကျ်ဖထီးကြီးက သူ့ရဲ့ သင်ကြားမှု မှန်သမျှကို ရိုရိုသေသေ နာယူဖို့ အမိန့်တော်ရှိထားတယ်လေ။ ဒါပေမယ့် သူ ကျွန်တော်တို့ နာယူဖို့ တစ်ခါမှ မသင်ကြားခဲ့ဖူးပါဘူး။ အကြားအမြင် ရှေ့ဖြစ်နောက်ဖြစ် ဟောတာတောင် အတော်ရှားတယ်။ သူအမြဲတမ်းပြောတာက အဲဒီ နိုမွန်ဟန်က အဖြစ်အပျက်ပဲ။ အမြောက်ကျည်တစ်လုံး သူ့ ဘေးနားက ဗိုလ်လေးရဲ့ ခေါင်းတစ်ခြမ်းကို ဘယ်လိုပွင့်ထွက်သွားစေတာ၊ သူ ဆိုဗီယက်တင့်ကားတစ်စီးပေါ် ခုန်တက်ပြီး လက်လုပ်ဗုံးနဲ့ ဘယ်လို ဖောက်ခွဲလိုက်တာ၊ ဆိုဗီယက် လေထီးစစ်သားတွေကို ဘယ်လိုပစ်ချတာ ဒါတွေပဲ သူပြောတယ်။ သူပြောသမျှဟာလည်း စိတ်ဝင်စားစရာတွေချည်းပါပဲ။ ကြက်သီးမွေးညှင်း ထလောက်စရာတွေချည်းပဲ။ ဒါပေမယ့် တစ်ခါလာလည်း ဒါပဲ။ နောက်တစ်ခါလာလည်း ဒါပဲ။ ဒါပဲ။ ဒါပဲ။ ဒါပဲ။ ဒါပဲ၊ အကြိမ်ပေါင်းများ စွာ အပ်ကြောင်းထပ်လာတော့ စိတ်မဝင်စားနိုင်တော့ဘူး။ သူဟာ ဒီအကြောင်းတွေကို ပြန်ပြောပြတာမဟုတ်ပဲ ပြန်တမ်းတသလို ဖြစ်လာတယ်။ သူကလည်း အကျယ်ကြီးပြော၊ တီဗွီကလည်း အသံကုန်ဖွင့်၊ ကျွန်တော်တို့ ကလည်း အသံကုန် အော်ပြောဆိုတော့ သူ့အိမ်ထဲနေ

ရတာ ခေတ်ဟောင်း ဂျပန်ဒါရိုက်တာကြီး ကူရိုဆာဝါရဲ့ ရုပ်ရှင်ကို ရှေ့ဆုံးတန်းက ဝင်ကြည့်ရသလိုပဲ။ သူ့အိမ်ထဲက ထွက်လာရင် လင်မယားနှစ်ယောက်လုံး နားထဲက လေတွေထွက်ပြီး ဘာမှ ကို ကောင်းကောင်း မကြားချင်တော့ဘူး။

ဒါပေမယ့် ကျွန်တော်ကတော့ သူ့ဇာတ်လမ်းတွေကို နားထောင်ရတာ သဘောကျတယ်။ ညစ်ပတ်စုတ်ပြတ်နေတဲ့ ကီမိုနိုကြီးဝတ်ထားတဲ့ သေခါနီးအဖိုးကြီးတစ်ယောက်ဆီက ဒီလို သွေးထွက်သံယို ဇာတ်လမ်းတွေကြားရတာ တကယ်ဖြစ်နေတာနဲ့ မတူဘဲ နတ်သမီးပုံပြင် နားထောင်ရသလိုပဲ။ အမှန်တော့လည်း လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်တုန်းက မစ္စတာဟွန်ဒါတို့ တပ်ရင်းဟာ မန်ချူးရီးယားနဲ့ မွန်ဂိုးလီးယားနယ်စပ်မှာ ဆိုဗီယက် ရုရှားနဲ့ တကယ့်ကို သူသေကိုယ်သေ တိုက်ပွဲဆင်နွှဲခဲ့ကြပါလိမ့်မယ်။ သူမပြောပြခင်တုန်းက ကျွန်တော် အဲဒီ နိမ္မန်ဟန်တိုက်ပွဲအကြောင်း ဘာဆိုဘာမှ မသိခဲ့တာအမှန်ပါ။ လေ့ခွက်ချည်းကျန် အလံမလဲ၊ နေနတ်သားစိတ်ဓာတ် တစ်ခုထဲနဲ့ လူသူလက်နက်ပြည့်စုံတဲ့ ဆိုဗီယက်တပ်တွေကို သူတို့ တက်ခွပ်ကြတယ်။ အမှုန့်ကြိတ်ခံခဲ့ကြရတယ်။ တပ်ရင်း တစ်ရင်းပြီးတစ်ရင်း ဖွတ်ဖွတ်ကြေကုန်တယ်။ တစ်ချို့အရာရှိတွေက တပ်ဆုတ်ချင်ပေမယ့် အကြီးအကဲတွေက အသေခံတိုက်၊ မနိုင်ရင် ကိုယ့်ကိုယ် ကိုယ် သတ်သေလိုက်ကြလို့ တစ်ချက်လွှတ် အမိန့်ပေးထားခဲ့တယ်။ ဒါကြောင့် လည်း စစ်ပြီးသွားတော့ ဆိုဗီယက်အဖမ်းခံခဲ့ရတဲ့ ဂျပန်စစ်သားတွေဟာ သုံ့ပန်းချင်းလဲလှယ်ရေးအစီအစဉ်ကို အကြောက်အကန်ငြင်းခဲ့ကြတယ်။ ဂျပန်ကိုပြန် မလာချင်ဘူး။ သူတို့ ကို ကြောက်ချေးပန်းတွေဆိုပြီး ရုရှားတွေရှေ့မှာ တင် သရော်ကြမှာ ၊ လှောင်ကြမှာ ကို မခံနိုင်ကြဘူးတဲ့ ။ ဒီလိုနဲ့ အဲဒီ စစ်သားကြီးတွေဟာ မွန်ဂိုလီးယားမြေမှာ

ရိုးမြေကျတဲ့ အထိ နေသွားခဲ့ရရှာတယ်။ နောက်ဆုံး နားစည်ပေါက်သွားတဲ့ သူ့ကို စစ်မြေပြင်ကနေ အိမ်ပြန်ပို့လိုက်ကြတယ်။ အဲဒီအချိန်ကစလို့ မစ္စတာဟွန်ဒါဟာ အကြားအမြင်ဆရာ ဖြစ်လာတော့တာပဲတဲ့ ။

"ဒါတွေက အားလုံးကောင်းဖို့ ဖြစ်လာတာပါကွာ၊ ငါသာ နားစည်မပွင့်ခဲ့ရင် ခုလောက်ဆို တောင်ပစိဖိတ်မှာ သေနေရောပေါ့၊ နိမ္မန်ဟန်တုန်းက ရှင်ကျန်ခဲ့တဲ့ စစ်သည် တွေ အားလုံးနီးပါး အဲဒီကံကြမ္မာနဲ့ ရင်ဆိုင်ခဲ့ရတာပဲ။ အဖဧကရာဇ်ရဲ့ နေနတ်သား စစ်သည် တော်များ အတွက်တော့ နိမ္မန်ဟန်ဟာ အရှက်တကွဲ အကျိုးနည်းစေတဲ့ ဖြစ်ရပ်တစ်ခုပဲ၊ ဒီတော့ နိမ္မန်ဟန်ကနေ အသက်ရှင်ပြန်လာသူမှန်သမျှ သေလောက်တဲ့ စစ်မြေပြင်ကို သူတို့ ရွေးပို့ကြတယ်။ ဖောင်ဖျက်တိုက်ခိုင်းတဲ့ အရာရှိတွေကိုတော့ ရာထူးတွေတိုးပေးခဲ့ကြတယ်။ အဲဒီသူတောင်းစားတွေဟာ စစ်ပြီးချိန်ကျတော့ နိုင်ငံရေးသမားတွေ ဖြစ်လာခဲ့ကြတယ်။ အသက်ထွက်မတတ် တကယ်တိုက်ရတဲ့ စစ်သည် တွေကတော့ သေသူသေ ကျသူကျပေါ့လေ"

"ဘာဖြစ်လို့ နိုမိုဟန်က ရှက်စရာကိစ္စဖြစ်ရတာလဲ အဘ၊ အဘတို့ အစွမ်းကုန် တိုက်ခဲ့ကြတာပဲ မဟုတ်လား၊ အသက်ရှင်လာတဲ့ လူကို အပြစ်ပေးတယ်ဆိုတာကတော့ဆိုးလွန်းပါတယ်"

ပုံမှန်လေသံနဲ့ ပြောမိလို့ မစ္စတာဟွန်ဒါက ကျွန်တော်ပြောတာကို မကြားဘူး။ သူ့အကြား အမြင်ကြည့်တဲ့ တုတ်ချောင်းလေးတွေကို မွှေနေတယ်။ ပြီးတော့ ...

"ရေကို ဂရုစိုက်နော် ငါ့သား" လို့ ထပ်ပြောတယ်။"

ဒီလိုနဲ့ ပဲ မစ္စတာဟွန်ဒါ့ဆီက သင်ကြားမှုတွေကို နာယူရေးကိစ္စ တစ်ရက်ကုန်ခဲ့ပြန်တယ်။

* * *

ယောကျွထီးကြီးနဲ့ ရန်အကြီးအကျယ်ဖြစ်ပြီးနောက်ပိုင်းတော့ မစ္စတာဟွန်ဒါနဲ့ ဇာတ်လမ်း တစ်စခန်းရပ်ခဲ့တယ်။ ကျွန်တော်က သွားချင်ပါတယ်ဆိုတာတောင် အတိုင်ပင်ခံကြေးက ရန်သူတော် ယောကျွမကြီးပေးနေတာဆိုတော့ ဘယ်သွားလို့ ဖြစ်ပါတော့မလဲ။ ကိုယ့်ဟာကိုယ် ပေးပေါ့ဆိုတော့လည်း ပေးနိုင်ပေါင်ဗျာ။ အဲဒီတုန်းက လက်လှုပ်မှ ပါးစပ်လှုပ်ရမယ့် အခြေအနေမျိုးတွေ (ခုလည်း သိပ်တော့မထူးပါဘူး)။ ဒါနဲ့ ပဲ ကြာတော့ မစ္စတာဟွန်ဒါကြီးကို တဖြည်းဖြည်း မေ့သွားခဲ့ကြတယ်။ အလုပ်နဲ့ လက်မပြတ်ရတဲ့ လူငယ်တွေအဖို့ လူအိုတွေကို အလွယ်တကူ မေ့နိုင်စွမ်းရှိတာ ဆန်းတော့ မဆန်းပါဘူးလေ။

* * *

အဲဒီညကတော့ ကျွန်တော် မစ္စတာဟွန်ဒါကို သတိတွေရနေတယ်။ မော်လ်တာ ကာနိရော၊ မစ္စတာဟွန်ဒါရော ကျွန်တော့်ကို ရေအကြောင်းတွေ ပြောခဲ့ကြတယ် မဟုတ်လား။ မစ္စတာ ဟွန်ဒါက ရေကို သတိကြီးကြီးထားဖို့ ပြောတယ်။ မော်လ်တာ ကာနိက မော်လ်တာကျွန်းက သိဒ္ဓိဝင်ရေစင်နဲ့ ကျင့်စဉ်တွေ အကြောင်းပြောတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာမှန်းတော့မသိပေမယ့် စိတ်ထဲမှာ တစ်မျိုးပဲ။ နိမ္မနဟန်စစ်မြေပြင်က တိုက်ပွဲပုံရိပ်တွေ စိတ်ထဲမှာ မြင်ယောင်လာတယ်။ ဆိုဗီယက်တင့်ကားတွေ၊ စက်သေနတ်တွေ၊ သူတို့နောက်မှာ ရေတွေ တဝေါဝေါစီးနေတဲ့ မြစ်ကြီး၊ မခံမရပ်နိုင်လောက်အောင် ဆိုးရွားတဲ့ ရေငတ်ခြင်းဝေဒနာ၊ နားထဲမှာ ရေစီးနေသံတွေ

ကြားလာတယ်။

"ကို ... နိုးနေတာလား" ကူမီကိုက တိုးတိုးလေး ကျွန်တော့်ကို မေးတယ်။

"အင်း"

"ကို့ နက်ခ်တိုင်လေ။ မ မှတ်မိပြီ။ ဒီဇင်ဘာလောက်တုန်းက မ ဒိုဘီပေးထားမိတာ။ ပြီးတော့ မေ့ပြီး ပြန်မရွေးမိဘူး"

"ဒီဇင်ဘာဟုတ်လား၊ ဒါဆို ခြောက်လတောင် ကျော်ပြီပေါ့"

"အင်း၊ မ လည်း ဘယ်လိုမေ့သွားမှန်း မသိပါဘူးကွယ်၊ ဘူတာရုံနားက ဒိုဘီဆိုင်မှာ အပ်ထားတာ၊ ရှိတော့ ရှိဦးမယ် ထင်ပါရဲ့ "

"မနက်ဖြန် သွားကြည့်လိုက်မယ်လေ"

"ထင်တော့ သိပ်မထင်ဘူးကွယ်၊ သုံးလကျော်ရင် ပိုင်ရှင်မဲ့ပစ္စည်းလို့ သတ်မှတ်ကြတယ် မဟုတ်လား၊ ပြောတတ်ဘူး"

"မော်လ်တာကာနိုက အဲဒီ နက်ခ်တိုင်ကို ပြန်ရှာတွေ့မယ်တဲ့ ၊ အိမ်မှာ တော့ မဟုတ်ဘူး တဲ့ ၊ တစ်ခြားနေရာမှာ တဲ့ "

မှောင်ထဲမှာ ကူမီကို ကျွန်တော့်ကိုကြည့်နေသလို ခံစားလိုက်ရတယ်။

"သူပြောတာတွေ ယုံနေပြီလား ကို"

"အင်း ... ယုံချင်သလိုလိုဖြစ် လာပြီ"

"ကြည့်ရတာတော့ အကိုနဲ့ ကိုနဲ့ ဂိုဏ်းတူလိုင်းတူဖြစ် လာပြီ ထင်ပါရဲ့ "

ကူမီကို က ခပ်လှောင်လှောင်ပြောတယ်။ ကျွန်တော်လည်း ပြီးပြီး

ရော ပြန်ပြောလိုက်တယ်။

"အေးလေ- ဟုတ်ချင်ဟုတ်မှာ ပေါ့"

* * *

ကူမီကို အိပ်ပျော်သွားတော့ နိမ္မန်ဟန် တိုက်ပွဲအကြောင်း ဆက်စဉ်းစားနေမိတယ်။ စစ်သားတွေအားလုံး ခြေကုန်လက်ပန်းကျပြီး အိပ်မောကျလို့ ၊ ကောင်းကင်မှာ ကြယ်လေးတွေ ပြွတ်သိပ်လို့ ၊ တစ်ဖျတ်ဖျတ်လက်နေကြတယ်။ မြစ်ကြီးကလည်း အရှိန်အဟုန်မပြတ်တမ်း ရေတွေစီးလို့ ။ ရေတွေ စီးနေတယ်။ စီး-နေ-တယ်။ စီး--နေ--တယ်။ စီး---နေ---တယ်။ စီး----------နေ----------တယ်။ စီး ----------

* * *

(၅)
တပ်မက်စရာ သံပုရာချိုချဉ်များ
မပျံနိုင်သည့် ငှက်တစ်ကောင်နှင့် ရေမရှိသည့် ရေတွင်းတစ်ခု

မနက်စာစား၊ ပန်းကန်တွေဆေးပြီး ဘူတာရုံနားက ဒိုဘီဆိုင်ကို စက်ဘီးနဲ့ သွားလိုက်တယ်။ ဆိုင်ရှင်က အသက်လေးဆယ်လောက်၊ ပိန်ပိန်ညောင်ညောင်၊ နဖူးရေတွေတွန့်လို့ ။ အမယ် ... ဆိုင်ထဲမှာ တော့ ပါစီဖိတ်သ်ဩခက်စတြာ ဂီတသံက ပျံ့လွင့်လို့ ။ ဖွင့်နေတဲ့ ကက်ဆက်က ဂျွီစီကြီးဗျ၊ ဆောင်းဘောက်စ် ဝူဖာကြီးတွေက ကောင်းသလားမမေးနဲ့ ။ ဩခက်စတြာက တီးလုံးဇာတ်ရိုန် အတော်မြင့်နေပြီ။ ဆိုင်ရှင်က တေးသွားအလိုက်ကိုလေချွန်ရင်း မီးပူတိုက်နေတယ်။ ဂီတသံနဲ့ စည်းချက်ကျကျ သူမီးပူတိုက်နေပုံက ကြည့်လို့ အကောင်းသား။ ကျွန်တော်ကောင်တာမှာ သွားရပ်လိုက်တော့ သူက ဘာကူညီရမလဲခင်ဗျာတဲ့ ။ မနှစ်က ဒီဇင်ဘာမှာ နက်ခ်တိုင်တစ်ခု လာအပ်ပြီး ရွှေးဖို့ မေ့သွားတဲ့ အကြောင်း သူ့ကို တောင်းတောင်းပန်ပန်နဲ့ ပြောပြရတာပေါ့။ ဂရိဩခက်စတြာထဲနစ်နေတဲ့ ဆိုင်ရှင်အဖို့ တော့ မနက်စောစောကိုးနာရီခွဲမှာ ကြေကွဲစရာသတင်းဆိုးတစ်ခု သယ်ဆောင်လာတဲ့ ဂရိအလွမ်းဇာတ်ထဲက ဇာတ်ကောင် ဆက်သားတစ်ယောက် ရောက်လာသလိုဖြစ်သွားရှာမှာ ပဲ။

"ဒါဆို ဘောက်ချာလည်း ရှိတော့မယ် မထင်ဘူးနော်"

သူ့အသံက ထူးဆန်းလိုက်တာ။ ကျွန်တော့်ကို ပြောနေတာနဲ့ မတူ

ဘူး။ နံရံပေါ်က ပြက္ခဒိန်ကို လှမ်းပြောနေသလိုပဲ။ ပြက္ခဒိန်က အတော်လှတယ်။ ဇွန်လအတွက်ရိုက်ထားတဲ့ အဲပ် တောင်တန်းကြီးတွေ နောက်ခံထားပြီး စိမ်းစိုနေတဲ့ တောင်ကြားမှာ နွားတွေ မြက်စားနေတဲ့ ရှုခင်းပုံလေးကလှလွန်းတယ်။ ဆိုင်ရှင်က ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ သူ့အကြည့်က ဒီလောက် ကြာကြာမေ့နေရင် တစ်သက်လုံးပဲ မေ့လိုက်ပါတော့လားဆိုတဲ့ အဓိပ္ပာယ်မျိုးလား မပြောတတ်ပါဘူး။

"မနှစ်က ဒီဇင်ဘာဆို ခြောက်လတောင် ကျော်နေပြီ။ ရှာကြည့်လိုက်ဦးမယ်လေ။ ကျိန်းသေပေါက်တွေ့မယ်လို့ တော့ မျှော်လင့်မထားနဲ့ နော်"

ဆိုင်ရှင်က မီးပူခလုတ်ကို ပိတ်လိုက်တယ်။ နွေနေ့လည်တစ်နေရာတေးသွားကို လေချွန်ရင်း ဆိုင်နောက်ဖက်ကစင်တွေမှာ လိုက်ရှာနေတယ်။ သူလေချွန်နေတဲ့ နွေနေ့လည်တစ်နေရာဆိုတာ ရုပ်ရှင်ဇာတ်ဝင်တေးဗျ။ ကျွန်တော်မှတ်မိသေးတယ်။ အထက်တန်းကျောင်းတုန်းက ကျွန်တော့် ရည်းစားကောင်မလေးကို အဲဒီကားလိုက်ပြဖူးတယ်။ သရုပ်ဆောင်တွေက ထရွိုင်ဒိုနာဟျူးနဲ့ ဆန်ဒရာဒီး။ နှစ်ကားတွဲ လက်မှတ်ဝယ်မိရက်သား ဖြစ်နေလို့ ကော်နီဖရန့်စစ်ရဲ့ ကောင်လေးတွေ နောက်ကိုလိုက်ကြဆိုတဲ့ ကားတောင် အဆစ်ကြည့်ခဲ့ရသေးတယ်။ နှစ်ကားလုံး အတော်ညံ့တာ။ ဆယ်သုံးနှစ်လောက်ကြာပြီးမှ ခု သူ့လေချွန်သံကြားတော့ အဲဒီတုန်းကအကြောင်းတွေ ချက်ချင်းပြန်မှတ်မိလာသလိုပဲ။

"အိုကာဒါ ဆိုတဲ့ နာမည်နဲ့ အပ်ထားတဲ့ အစက်ကလေးတွေနဲ့ အပြာရောင် နက်ခ်တိုင်လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ရော့၊ ရော့၊ ခင်ဗျား ကံကောင်းတဲ့ လူပဲ"

* * *

အိမ်ရောက်ရောက်ခြင်း ကူမီကို့ဆီ ဖုန်းဆက်လိုက်တယ်။

"နက်ခ်တိုင် ပြန်ရပြီ မ ရေ"

"ဟုတ်လား၊ ရှိသေးတယ်ပေါ့၊ ကောင်းတယ်၊ ကောင်းတယ်"

အမယ်။ သူ့အသံက ကျောင်းမှာ အမှတ်ကောင်းကောင်း ရခဲ့တဲ့ သားကို အမေက ချီးကျူးနေတဲ့ အသံမျိုးဗျ။ အလုပ်ချိန်ဖြစ်နေလို့ လားမသိပါဘူး။ တကယ်ဆို နေ့လည်စာ စားချိန်မှ ဆက်လိုက်ရမှာ ။

"ကို ရေ၊ ခု အလုပ်တွေ ရှုပ်နေတယ်၊ နေ့လည်မှ ပြန်ခေါ်နော်"

အင်း ... ထင်တဲ့ အတိုင်းပါပဲ။ ဖုန်းချလိုက်တယ်။ သတင်းစာယူလိုက်တယ်။ ဝရန်တာကို ထွက်လာလိုက်တယ်။ အလုပ်ခေါ်တဲ့ အလိုရှိသည် ကြော်ငြာကဏ္ဍကို အရင်ကြည့်တယ်။ တကယ်ပါပဲ။ အံ့သြစရာကောင်းလိုက်တာ။ အလုပ်အမျိုးအစားတွေက များမှ များး ပဲ။ ဟော ... မနက်တိုင်းကြားနေကြ တေးဆိုငှက်ကလေး အသံကြားရပြီ။ ကျွန်တော် ခြံဝင်းထဲလျှောက်ကြည့်လိုက်တယ်။ အသံလာရာကို နားကစွင့်၊ မျက်စိကကြည့်။ သိပြီ။ ဟိုဖက်ခြံ ဝင်းထဲက ထင်းရှူးပင်ကြီးထိပ်ဖျားကနေ အသံကြားနေရတာကိုး။ အကိုင်းတွေ ကြားထဲကနေတွေ့လိုတွေ့ငြား ကျွန်တော်မော့ကြည့်သေးတယ်။ ဒါပေမယ့် မမြင်ရပါဘူး။ အမြဲတမ်း ဒီအတိုင်းပဲ။

ဆယ်နာရီမထိုးခင် မိုးစရွာတယ်။ သည်းကြီးမည်းကြီး ရွာတာတော့ မဟုတ်ဘူး ။ မိုးပေါက်လေးတွေက မှုန်တိမှုန်မွှားဆိုတော့ သေချာပြူးပြကြည့်မှ မိုးရွာနေမှန်းသိရတာ။ မိုးရွာနေတဲ့ ကမ္ဘာနဲ့

မိုးမရွာသေးတဲ့ ကမ္ဘာဆိုပြီး ခွဲခြားထားတဲ့ အနားသတ်မျဉ်းများ ရှိလေမလားလို့ ဝရန်တာမှာ ထိုင်ပြီး ရှာကြည့်နေမိသေးတယ်။

နေ့လည်စာမစားခင်ထိ အချိန်တွေ ပိုနေတယ်။ ရပ်ကွက်ထဲက ရေကူးကန်မှာ ရေသွားကူးရရင် ကောင်းမလား။ လမ်းကြားထဲဝင်ပြီး ကြောင်ပျောက်ရှာရရင် ကောင်းမလား။ မိုးဖွဲလေးတွေကို ငေးနေရင် ဒီနှစ်ခုကြားမှာ ကျွန်တော် ဝေခွဲမရဖြစ်နေတယ်။ ရေကူးကန်လား၊ ကြောင်လား။

နောက်ဆုံးတော့ ကြောင်က နိုင်သွားသဗျား။ မော်လ်တာကာနိုကတော့ ဒီအနီး အနားမှာ ကြောင်မရှိတော့ဘူးလို့ ပြောထားတယ်။ ဒါပေမယ့်လေ ဒီမနက် ဘာဖြစ်လို့ မှန်းမသိဘူး။ ကြောင်ကို လိုက်ရှာချင်တဲ့ စိတ်က ရွှစိတက်နေတယ်။ တစ်နေ့တာ အလုပ်ချိန်ထဲမှာ ကြောင်ပျောက်ရှာပုံတော်ဆိုတာကိုပါ ထည့်ရမလိုပါပဲ။ ကျွန်တော်ကြိုးစားပမ်းစားကြောင်ရှာနေတာကိုသိရင် ကူမီကိုက ချီးကျူးလိုက်မယ့်ဖြစ်ခြင်း။ ဒီလိုနဲ့ မိုးကာအပါးလေး ဝတ်လိုက်တယ်။ ထီးတော့ မယူချင်ပါဘူး။ တင်းနစ်ဖိနပ်တွေ စီးလိုက်တယ်။ အိမ်တံခါးပိတ်၊ သော့တွဲယူ၊ သံပုရာချိုချဉ် နည်းနည်း အိတ်ကပ်ထဲထည့်ပြီး ထွက်လာခဲ့လိုက်တယ်။ အုတ်နံရံကို ကျော်မလို့ လုပ်နေတုန်း ဖုန်းသံကြားရတယ်။ ခဏရပ်ပြီး နားစွင့်လိုက်တယ်။ ကျွန်တော့်အိမ်ကဖုန်းလား။ တစ်ခြားအိမ်က ဖုန်းလား။ ခွဲခြားလို့လဲ မရပါဘူး။ အပြင်ကနေ နားထောင်ရင် ဖုန်းမြည်သံအားလုံးဟာ အတူတူလိုပဲ။ ဒါနဲ့ ပဲ လက်မြှောက်ပြီး အုတ်နံရံ ကျော်ချလိုက်တယ်။

တင်းနစ်ဖိနပ်က အောက်ခံပါးပါးလေးဆိုတော့ ခြေထောက်အောက်က မြက်ပြင်တွေရဲ့ နူးညံ့တဲ့ အထိအတွေ့ကိုတောင် သိနေတယ်။ လမ်းကြားဟာ ခါတိုင်းထက်ပိုပြီး တိတ်ဆိတ်နေတယ်။ ခဏရပ်လိုက်

တယ်။ အသက်ရှူတာရောပေါ့။ နားစွင့်နေလိုက်တယ်။ ဘာသံမှ ကို မကြားတော့ဘူး။ ဖုန်းမြည်တာလည်း ရပ်သွားပြီ။ ငှက်သံလည်း မကြား ။

လမ်းပေါ်ကလည်း ဘာသံမှ မကြား။ အသံမဲ့ကမ္ဘာထဲ ရောက်သွားသ လိုပဲ။ ကောင်းကင်ကြီးကလည်း ခဲသားရောင်တပြေးတည်းဖြစ်နေတယ် ။ ကြည့်ရတာ ကမ္ဘာပေါ်က အသံဗလံမှန်သမျှ တိမ်တွေက စုပ်သွားသလို ပဲ။ အို ... အသံချည်းပဲ မဟုတ်ပါဘူးလေ။ အရာအားလုံးပေါ့။ တိမ်တွေစု ပ်ယူသွားတဲ့ အထဲမှာ ကျွန်တော်တို့ ရဲ့ အတွေးအမြင်တွေ၊ အယူအဆ တွေ၊ ယုံကြည်မှုတွေ၊ ခံယူချက်တွေ၊ ကိုယ်ရည်ကိုယ်သွေးတွေရော ပါသွားလေရော့သလား။

မိုးကာအင်္ကျီအိတ်ထဲ လက်နှိုက်ရင်း အိမ်နောက်ဖေးခြံထဲကနေ တိုး ထွက်နေတဲ့ အဝတ်လှမ်းတဲ့ တန်းတွေကိုရောင်ရင်း လမ်းကြားထဲ တိုး ဝှေ့လျှောက်လာခဲ့တယ်။ လူမနီး သူမနီး မြေအောက် လှိုဏ်ဂူကြီးတစ်ခု ထဲမှာ ကျပ်ကျပ်သိပ်သိပ်နဲ့ လျှောက်လာရသလိုပါပဲ။ မြက်ခင်းပေါ် တင်း နစ်ဖိနပ်နဲ့ နင်းတဲ့ အခါ ဘာသံမှ ကို ထွက်မလာဘူး။ အိမ်တစ်အိမ်က ထွက်လာတဲ့ ရေဒီယိုသံလေး ကြားနေရလို့ သာ လူ့လောကမှာ ရှိနေ သေးပါလားဆိုတဲ့ အသိလေးရှိနေတာ။ ရေဒီယို အသံလွှင့်စခန်းကိုဖုန်း ဆက်ပြီး သူတို့ ပြဿနာတွေကို ဆွေးနွေးတဲ့ သောတရှင်တို့ ဆွေးနွေးခ နန်းလာနေတယ်။ အစီအစဉ်မှူးကို မိန်းမကြီးတစ်ယောက်ကဖုန်းဆက်ပြီး သူ့ယောကျ်ားမအကြောင်း သော က်တင်းနှက်နေတယ်။ ကြားရသလောက်တော့ သူ့ယောကျ်ားမကြီးဟာ ခြောက်ဆယ့်ရှစ်နှစ်ရှိပြီတဲ့ ။ ဘာမှ မလုပ်ဘဲ မြင်းထိုင်လောင်းပြီး မြင်း ပွဲရူးရူးနေတာတဲ့ ။ ဒီအိမ်ကို ကျော် လာပြီး အတော်ဝေးဝေးရောက် တော့ ရေဒီယိုသံကိုမကြားရတော့ဘူး။ တကယ်တော့လည်း ရေဒီယိုသံ

တင် ပျောက်သွားတာပါ။ ခုနက မိန်းမရော၊ မြင်းပွဲရူး သူ့ယောကျ်ားမကြီး ပါ လောကထဲကနေ ပျောက်သွားတာမှ မဟုတ်ဘဲ။

နောက်ဆုံး အိမ်လွတ်ကို ရောက်လာခဲ့တယ်။ လုပ်နေကြအတိုင်း ခြံ နောက်ဖေးစည်းရိုးကနေ အထဲကိုမျှော်တာပေါ့။ မှောင်ပုပ်ပုပ် ကောင်း ကင်နောက်ခံကားနဲ့ ကြည့်လိုက်တော့ တံခါးတွေ အကုန်ပိတ်ထားတဲ့ အိမ်ကြီးဟာ ကြောက်စရာကြီး။ ထူးဆန်းတာတစ်ခုကတော့ ခြံထဲက မြ က်တွေပဲ။ အရင်တစ်ခေါက်လာတုန်းကလောက်ပဲ။ ပိုရှည်မလာဘူး။ကြ ည့်ရတာတစ်မျိုးပဲ။ အချိန်ဟာ ဒီနေရာမှာ များကွက်ပြီး ရပ်နေရော့သ လား။ မြက်ကလေးတွေဟာ မိုးဆက်တိုက်ရွာထားတော့ အစိမ်းရောင် ပ င်လယ်ကြီးခင်းထားသလိုပဲ။ အဲဒီ မြက်ပင်လယ်ကြားထဲမှာ ငှက်ရုပ်ကြီး က မားမားကြီးရှိနေတယ်။ ခါတိုင်းလိုပဲ တောင်ပံတွေဖြန့်လို့ ၊ ခုချက်ချ င်းပဲ ပံုတက်တော့မလို ဂိုက်ဆိုက်မျိုးနဲ့ ပေါ့။ ဒါပေမယ့် ဒီငှက် ဘယ် တော့မှ မပံုနိုင်ဘူးဆိုတာ ကျွန်တော်သေချာသိတယ်။ သူ ကိုယ်တိုင်လ ည်း သိမှာ ပဲ။ နောက်ဆုံး တစ်ပိုင်းတစ်စစီ ပြုတ်ထွက်ပျက်စီးသွားတဲ့ အထိ သူ့ခမျာ ပံုဖို့ စောင့်နေတုန်းနေမှာ ။ တစ်ခြားနည်းနဲ့ တော့ ဒီခြံဝင်းထဲကနေ သူထွက်သွားစရာအကြောင်းမရှိ။ ခြံထဲမှာ လူပ်ရှားနေ တာဆိုလို့ မြက်တွေကြားမှာ တဖျတ်ဖျတ်ပံုနေတဲ့ အဖြူရောင် လိပ်ပြာ တစ်ကောင်ပဲရှိတယ်။ သူဘာကို လိုက်ရှာနေတာလဲ။ ကြည့်ရတာ သူ့ ဟာသူတောင် ဘာလိုက်ရှာနေမှန်း သိပုံမရပါဘူး။ ငါးမိနစ်လောက် တ ဖျတ်ဖျတ်လုပ်ပြီးတော့ စိတ်ပျက်သွားတယ် ထင်ပါရဲ့ ။ လိပ်ပြာဟာ တ စ်ခြားထွက်သွားပါလေရော။

သံပုရာချိုချဉ်တစ်လုံးစုပ်ပြီး မေးစေ့လောက်မြင်တဲ့ ခြံစည်းရိုးပေါ် ကနေ ခြံထဲ ဆက်ငေးနေလိုက်တယ်။ ကြောင်မပြောနဲ့ ။ ဘာဆိုဘာမှ မ ရှိဘူး။ တစ်ခြံလုံး စီးစရာ သွားစရာ ဘယ်မှ မရှိလို့ သေနေတဲ့

ရေအိုင်ကြီးအတိုင်းပဲ။

နောက်မှာ တစ်ယောက်ယောက်ရှိနေတယ်လို့ ခံစားလိုက်ရလို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်တယ်။ ဘယ်သူမှ မရှိပါဘူး။ ဟိုတစ်နေ့က ကျွန်တော့်ကို လှမ်းခေါ်ပြီး ပြောချင်ရာပြောသွားတဲ့ ကောင်မလေးခြံကိုပဲ တွေ့ရတယ်။ ခုတော့ ဘယ်သူမှ ရှိပုံမရဘူး။ စိုစိုစိစိ၊ တိတ်တိတ်ဆိတ်ဆိတ်ပေါ့။ မြက်နုံ့၊ မိုးနုံ့၊ ဝတ်ထားတဲ့ မိုးကာနုံ့၊ လျှာအောက်က တဖြည်းဖြည်း အရည်ပျော်လာတဲ့ သံပုရာချိုချဉ်နုံ့တွေကို အသက်တစ်ချက်ရှူအသွင်းမှာ တပြိုင်နက်တည်း ရလိုက်တယ်။ ဘေးပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိတာ သေချာအောင် လှည့်ပတ်ကြည့်လိုက်သေးတယ်။ တကယ့်ကို ဘယ်သူမှ မရှိပါဘူး။ ဟိုးအဝေးကြီးက ပျံလာတဲ့ ဟယ်လီကော်ပတာသံတော့ နားထဲမှာ သဲ့သဲ့လေးကြားနေတယ်။ တိမ်တွေပေါ်မှာ ခရီးသည်တစ်ချို့ပျံသန်းနေကြတယ်ပေါ့။ ခဏနေတော့ အဲဒီအသံလည်း မကြားရတော့ဘူး။

ခြံတံခါးကို တွန်းကြည့်လိုက်တယ်။ အမလေး ... ပွင့်သွားသဟ။ လာလေ၊ ဝင်ခဲ့လေ၊ ပြဿနာမရှိပါဘူးလို့ ကျွန်တော့်ကို လက်ယပ်ခေါ်နေသလိုပါပဲ။ ဥပဒေရုံးမှာ ရှစ်နှစ်ရှစ်မိုး လုပ်ခဲ့ပေမယ့် ကျွန်တော့်အဆင့်က အမှုပွဲစားလိုလို၊ စာရေးလိုလိုဆိုတော့ ဥပဒေအကြောင်းလည်း ရေရေရာရာတော့ မသိပါဘူး။ ဒါပေမယ့် ခြံထဲဝင်သွားရင် ပြဿနာတက်နိုင်တယ်။ အိမ်နီးနားချင်း တစ်ယောက်ယောက်က ကျွန်တော့်ကိုတွေ့သွားလို့ ရဲကို ဖုန်းဆက်လိုက်ရင် ချက်ချင်းပေါက်ချ လာပြီး ကျွန်တော့်ကို စစ်ဟယ်၊ ဆေးဟယ်၊ မေးဟယ်၊ မြန်းဟယ်လုပ်ကြမှာ ။ ကြောင်ပျောက် လိုက်ရှာနေတာပါဗျာလို့ ပြောရင် နေရပ်လိပ်စာမေးမယ်၊ အလုပ်အကိုင်မေးမယ်။ အလုပ်လက်မဲ့ပါဗျာဆိုရင် သံသယပိုရှိလာကြလိမ့်မယ်။ အလုပ်လက်မဲ့ လူတစ်ယောက်၊ လူမရှိတဲ့ အိမ်လွတ်ထဲ ခိုးကြောင်ခိုးဝှက်နဲ့

ဘာလာလုပ်နေတုန်း။ ခုတလော လက်ဝဲအကြမ်းဖက်သမားများ ဆိုတာ ကလည်း တိုက်ျိုမှာ ခေတ်စားနေတယ်။ လက်နက်တွေများ လာဝှက်နေ သလားဆိုပြီး သူတို့ ပိုက်စိပ်တိုက် စစ်ကြမယ်။ ကူမီကို့ရုံးကိုဖုန်းခေါ်ပြီး ကျွန်တော်ပြောတာဟုတ်မဟုတ် စစ်ကြလိမ့်မယ်။ ဒါဆို ကူမီကို အ တော် စိတ်ဆင်းရဲလိမ့်မယ်။

အို ... ဘာဖြစ်ဖြစ်၊ နောင်ခါလာ နောင်ခါစျေး။ ဖြစ်ဖို့ ရှိရင်၊ ဖြစ်ချိန် တန်ရင်၊ ဖြစ်ဖို့ အကြောင်းဖန်လာရင်ဖြစ်ကိုဖြစ်မှာ ပဲ။ဖြစ်ပါစေတော့။ ဖြစ်ချင်ရာဖြစ်၊ ဝင်ပြီကွာ။ ခြံထဲရောက်တော့ ဟိုဟိုသည် သည် လှည့်ပ တ်ကြည့်တယ်။ ကျွန်တော့် ဖိနပ်တွေကတော့ တကယ့်ကို အသံတိတ်ပဲ။ မြက်ခင်းပေါ်မှာ အသံတစ်ချက် မကြားရဘူး။ အသီးတွေ ပြွတ်နေတဲ့ အ ပင်ပုလေးတွေ စီတန်းနေတဲ့ တစ်နေရာကိုလည်း တွေ့ရတယ်။ ဘာပင် မှ န်းတေ ့ သေချာမသိဘူး။ အပင်တွေက အကိုင်းအရွက်တွေ ရှည်လွန်းပြီး တစ်ခေါင်းလုံး ဆံပင်တွေဖုံးနေသလို ညှင်းသိုးသိုးကြီးတွေဖြစ်နေတယ်။ စပျစ်ရိုင်းပင်တွေကလည်း ငေါင်းစ င်းစင်းနဲ့ ရုပ်ဆိုးလိုက်တာ။ အရေးထဲ သောက်သုံးမကျတဲ့ ယင်တစ် ကောင်က နားရွက်နားမှာ တဝီဝီလာလုပ်နေသေးတယ်။

ခြံထဲမှာ ပလတ်စတစ် ထိုင်ခုံလေးတွေ ရှိတယ်။ တစ်ချို့ဟာတွေက တော့ သုံးမရအောင် ပျက်စီးနေပြီ။ အကောင်းဆုံးတစ်လုံးကိုရွေး၊ ဖုတ်ဖ က်ခါပြီး ထိုင်ချလိုက်တယ်။ ဘာရယ်မဟုတ်ဘဲ တောင်တောင်အီအီ လျှောက်ကြည့်မိတယ်။ လေချွန်လိုက်မိတယ်။ ပထမတော့ ကိုယ့်ဘာ သာကိုယ် ဘာကို လေချွန်နေမိမှန်းတောင် သတိမထားမိပါဘူး။ ခဏ နေမှ ခိုးခံလိုက်ရတဲ့ မက်ပိုင်းမုန့်များ ပဏာမအဖွင့်တီးလုံးကို လေချွန် နေမိမှန်း သိတော့တယ်။ ဟို ထူးဆန်းတဲ့ မမ ဆယ်မိနစ်ဖုန်းခေါ်တဲ့ နေ့ က စပါဂတ်တီလုပ်နေတုန်း ဖွင့်ထားတဲ့ တီးလုံးပေါ့။

လူမရှိတဲ့ ခြံထဲမှာ ၊ မြက်ရိုင်းတွေနဲ့ ငှက်ရုပ်ကိုကြည့်ရင်း၊ အမြီးအ
မောက်မတည့် လေချွန်နေရာက ရုတ်တရက် ကလေးဘဝကို ပြန်ရော
က်သွားသလို ခံစားလိုက်ရတယ်။ ဘယ်သူမှ မတွေ့နိုင်လောက်အောင်
လုံခြုံတဲ့ နေရာမှာ ပုန်းနေတဲ့ ကလေးလေး ကျွန်တော်လေ။ တစ်ယော
က်တည်း ဆိတ်ကွယ်ရာနေရာမှာ ရှိနေရင် ကမြင်းကြောထချင်တယ်ဆို
တာ ဟုတ်များ နေသလား မသိပါဘူး။ ခုလည်း ကျွန်တော် တစ်ခုခုကို ခဲ
နဲ့ ပေါက်ရရင် ကောင်းမလားလို့ စဉ်းစားနေမိတယ်။ ဟိုငှက်ရုပ်ကို ခဲနဲ့
ထုရရင် အရသာရှိမယ်ထင်တယ်။ ကဲဟာ၊ အမလေး၊ မှန်သဟ၊ ဒေါင်က
နဲတောင် မြည်သွားသေးတယ်။ ရော့ကွာ၊ ကိုင်းကွာ၊ မှတ်ပလား၊ ဟိုင်း
ရော။ ငယ်ငယ်ကဆိုရင် ခွက်တစ်လုံးထဲ ခဲအပြည့်ထည့်ပြီး မကုန်မချင်း
တွယ်တာပေါ့။ ခုတော့ ခဲက သိပ်မရှိလှဘူး။ ဒီလိုပါပဲ၊ အမြဲတမ်းတော့
ကိုယ်လိုချင်တိုင်း ဘယ်ရပါ့မလဲ။

ဒူးနှစ်လုံးပေါ် မေးတင်ပြီး ငုတ်တုပ်ကလေး ထိုင်နေလိုက်တယ်။ မျ
က်စိမှိတ်ထားလိုက်တယ်။ အသံမဲ့ ကမ္ဘာတစ်ခုထဲ ရောက်နေသလိုပါပဲ။
တိတ်ဆိတ်လိုက်တာ လွန်ပါရော။ ပိတ်ထားတဲ့ မျက်ခွံတွေနောက်က အ
မှောင်ထုက မဲပုတ်ပုတ်တိမ်တွေ အပြည့်ဖုံးထားတဲ့ ကောင်းကင် အရော
င်ထက်တောင် ပိုရင့်သေး။ ဒါပေမယ့် အဲဒီ ခဲသားပုတ်ရောင် နောက်ခံ
ကားကို ရွှေရောင်၊ အစိမ်းရောင်နဲ့ အနီရောင်လေးတွေ တစ်ယောက်
ယောက်က လာခြယ်ပေးနေသလိုပဲ။ အဲဒီ မျက်ခွံနောက်က အစ္စတွ ပန်း
ချီကို အာရုံယူရင်း ကျွန်တော် အံ့သြနေမိတယ်။ လူသားဆိုတဲ့ သတ္တဝါရဲ့
ဖန်တီးနိုင်စွမ်း၊ စိတ်ကူးနိုင်စွမ်းဟာ အတော် ဆန်းကြယ်တာပဲနော်။ မျ
က်စိပိတ်ထားရင်း တိုးတိုး သက်သာလေး လေချွန်နေလိုက်တယ်။

"ဟိတ်"

တစ်ယောက်ယောက်က ကျွန်တော့်ကို ခေါ်လိုက်သလိုပဲ။ မျက်စိဖွင့်ပြီး ဘေးဘီကို ကြည့်လိုက်တယ်။ ဟင် ... ဂိတ်တံခါး ပွင့်နေပါလား။ ပွင့်တာမှ ဟောင်းလောင်းကြီးကိုဖြစ်လို့ ။ ကြည့်ရတာ ကျွန်တော့် နောက်ကို တစ်ယောက်ယောက် လိုက် လာပြီထင်တယ်။ နောက်ယောင်ခံ လိုက်လာတာများ လား။ ရင်တွေ တဒိန်းဒိန်း စခုန်လာတယ်။

"ဟိတ်"

ဟော ... ကြားပြန်ပြီ။ မိန်းမ အသံ။ ဟင်ဌက်ရပ်နောက်က မိန်းမတစ်ယောက် ထွက်လာပါလား။ ကျွန်တော့်ဆီ လျှောက်လာနေပြီ။ ဩော် ... ဟိုတစ်နေ့ကတွေ့တဲ့ ကောင်မလေးပဲ။ ကောင်မလေးက အဲဒီဒက်စ်တီရှပ် မိုးပြာရောင်နဲ့ ဘောင်းဘီတိုလေး ဝတ်ထားတယ်။ လမ်းလျှောက်ပုံကတော့ ခပ်ဆာဆာပဲ။ ဟိုတစ်ခေါက်ကလို မျက်မှန်မည်းကြီးတော့ တပ်မထားဘူး။

"ရှင် ဘာလာလုပ်တာလဲ"

"ကြောင်လာရှာတာလေ"

"ဟုတ်လို့ လား၊ ရှင့်ပုံက ကြောင်ရှာတာနဲ့ မတူပါဘူး၊ ငုတ်တုပ်ကြီး ထိုင်ပြီး မျက်စိမှိတ် လေချွန်နေတဲ့ လူကများ ကြောင်ရှာသတဲ့ ၊ ဟီဟိ၊ ဒီလိုပုံမျိုးနဲ့ ရှာလို့ ကတော့ တွေ့လိမ့်ဦးမယ် ရှင့်ကြောင်ကတော့"

သောက်ကျိုးနည်း။ လုပ်ချင်တာ လုပ်နေတာ လူမိသွားပြီ။ ရှက်လိုက်တာ။

"ကျွန်မအတွက်တော့ ဘာမှ ပြဿနာမရှိပါဘူး၊ ဒါပေမယ့် တစ်ခြားလူတွေ မြင်ရင် ရှင့်ကို ငပေါထင်လိမ့်မယ်၊ ရှင် ငပေါ မဟုတ်ဘူး မှုတ်လား"

"အင်း ... မဟုတ်ဘူး ထင်တာပဲ"

ကောင်မလေးက ထိုင်လို့ ရမယ့် ကုလားထိုင်တစ်လုံးကို ရွေးပြီး ကျွန်တော့်နားမှာ ထိုင်ချလိုက်တယ်။

"ဒါနဲ့ ရှင်လေချွန်နေတာ ဘာသီချင်းလဲ၊ ကျွန်မကတော့ တရှိုရှို အသံတွေပဲ ကြားနေတယ်၊ ဘာသံစဉ်မှန်းကို ပုံဖော်လို့ မရပါဘူး၊ ဒါနဲ့ နေပါဦး၊ ရှင်က အခြောက်လား"

"မခြောက်ပါဘူး၊ ဘာဖြစ်လို့ လဲ"

"ဩော် ... အခြောက်တွေက လေချွန်တာ သိပ်ညံ့တယ်လို့ သူများပြောတာကြားဖူးလို့ ပါ၊ ဟုတ်လားမဟုတ်လားတော့ မသိဘူးလေ"

"အဓိပ္ပာယ်မရှိတာ"

"ထားပါလေ၊ ရှင်ဟာရှင် အခြောက်ဖြစ်ဖြစ်၊ ငပေါဖြစ်ဖြစ် ကျွန်မ ဂ ရမစိုက်ပါဘူး၊ ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"တိုရ အိုကာဒါ"

ကောင်မလေးက ကျွန်တော့်နာမည်ကို ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်နေတယ်။

"အင်း ... ရှင့်နာမည်က နာမည်တူ သိပ်မရှိဘူးထင်တယ်။ ဟုတ်လားဟင်"

"ဟုတ်မှာ ပေါ့၊ စစ်မဖြစ်ခင်တုန်းကတော့ တိုရအိုကာဒါဆိုတဲ့ နိုင်ငံခြားရေးဝန်ကြီး ရှိခဲ့ဖူးတယ်"

"သိဘူး၊ သူများက သမိုင်း စိတ်မဝင်စားဘူး၊ ဒါနဲ့ ရှင့်မှာ အလွယ်ခေါ်လို့ ရတဲ့ နာမည်ပြောင်လေးဘာလေး မရှိဘူးလား၊ တိုရအို

ကာဒါထက် ပိုပြီးခေါ်ရလွယ်တဲ့ နာမည်မျိုးပေါ့"

သူပြောမှ ပဲ စဉ်းစားမိတယ်။ ကျွန်တော့်တစ်သက်မှာ တစ်ခါမှ နာမည်ပြောင် မရှိခဲ့ဖူးဘူး။

"ဟင့်အင်း မရှိဘူး"

"ဟယ် ... ဟုတ်လို့ လား"

"အင်း"

"ငယ်ငယ်တုန်းက ဖားပြုတ်တို့ ၊ ဝက်ဝံတို့ တောင် အခေါ်မခံရဖူးဘူးလား"

"ဟင့်အင်း"

"ဟင် ... ဒါဆို တစ်ခုခု စဉ်းစားကွာ၊ ဘယ်လိုခေါ်ရမလဲ"

"တေးဆိုင့်က်"

ရုတ်တရက် ကျွန်တော့် ပါးစပ်က လွတ်ကနဲထွက်သွားတယ်။ ကောင်မလေးက ပါးစပ်အဟောင်းသားနဲ့ ကျွန်တော့်ကိုကြည့်ရင်း ...

"တေးဆိုင့်က် ဟုတ်လား၊ အဲဒါ ဘာတုန်း"

"သီချင်းဆိုတဲ့ ၄က်ပေါ့ဟဲ့။ မနက်တိုင်း ငါတို့ အိမ်ဘေးက သစ်ပင်ပေါ်မှာ သီချင်း ဆိုဆိုနေတဲ့ ၄က်ကလေးပေါ့"

ကောင်မလေးက ကျွန်တော့်ကို အံ့သြဘနန်း ကြည့်နေတုန်းပဲ။ ဒုက္ခ၊ ဒုက္ခ၊ သက်ပြင်းချလိုက်မိတယ်။

"မသိဘူးကွာ၊ အဲဒီ နာမည် ခေါင်းထဲရောက်လာတာပဲ"

"ကဲထားပါတော့လေ၊ မစ္စတာတေးဆိုင့်ရေ၊ ဘာပဲဖြစ်ဖြစ် တိုရုအို

ကာဒါထက်တော့ ခေါ်လို့ ကောင်းပါတယ်ရှင်"

"အေးလေ၊ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ညည်း နာမည်ကရော"

ကောင်မလေးက ကျွန်တော့်လိုမျိုးပဲ ဒူးပေါ် မေးတင်ပြီး ငုတ်တုပ်ထိုင်ရင်းက ...

"မေ ကာစာဟာရပါ။ မေလဆိုတဲ့ မေမျိုးပဲ"

"မေလမှာ မွေးလို့ လား"

"ဇွန်လမှာ မွေးရင် မေလို့ မမှ ည့်ရတော့ဘူးလား"

"အေးလေ၊ ဟုတ်ပါတယ်၊ ဒါနဲ့ မင်း ကျောင်းနားထားတုန်းလား"

ကောင်မလေးက ကျွန်တော်မေးထားကို မဖြေဘဲ သူပြောချင်ရာ ပြောနေတယ်။

"ကျွန်မ ရှင့်ကို ကြည့်နေတာကြာပြီသိလား၊ အခန်းထဲကနေ မှန်ပြောင်းနဲ့ ချောင်းနေတာ လေ၊ ဟိ၊ ရှင်မသိဘူး မှုတ်လား၊ ပြီးတော့ မနေနိုင်လို့ နောက်က အသာလေး လိုက်လာတာ၊ ခု ရှင်ဘာလုပ်နေတာလဲ"

"ငယ်ငယ်တုန်းက အကြောင်းတွေ တွေးပြီး လေချွန်နေတာလေ"

ကောင်မလေး မေက သူ့ လက်သည်းလေးတွေကို ကိုက်နေတယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်ပြီး ...

"ရှင့်ကြည့်ရတာ နည်းနည်းတော့ ကြောင်တောင်တောင်လိုပဲနော်"

"မကြောင်ပါဘူးဟဲ့၊ လူတိုင်း ဒီလိုပဲပေါ့"

"အို ဘယ်ဟုတ်မတုန်း၊ လူတိုင်းတော့ လူမရှိတဲ့ အိမ်လွတ်ထဲလာပြီး ငယ်ဘဝအကြောင်း တွေးနေမှာ မဟုတ်ပါဘူး၊ ကိုယ့်အိမ်ကိုယ့်

ယာ ဆိုရင်တော့ လုပ်ချင်လုပ်မှာ ပေါ့၊ ဒါနဲ့ နေပါဦး၊ ရှင့်ကြောင် ဘယ်သူ၊ သြော် ... မှတ်မိပြီ နိုဘိရဝတရာ ခုထိ အိမ်ပြန်မလာဘူးလား"

"မင်းလည်း ငါ့ကြောင်ကို မတွေ့မိဘူး မဟုတ်လား"

"ဟင့်အင်း၊ ကျွန်မလည်း အားတိုင်း ရှာကြည့်နေတာပဲ၊ အညိုစင်းနဲ့ အမြီးကောက်ကောက် ကြောင်ဝတုတ်၊ ဟုတ်တယ်ဟုတ်"

ကောင်မလေးက ဘောင်းဘီအိတ်ထဲနှိုက်ပြီး စီးကရက်ဘူးထုတ်တယ်။ မီးညှိတယ်။ ဖွာတယ်။ ပြီးတော့ ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်ပြန်တယ်။

"ရှင့် ဆံပင်တွေ အတော်ပါးနေပြီနော်၊ ဟုတ်တယ် မဟုတ်လား" တဲ့။ လုပ်ပြန်ပြီ။ သူပြောတော့ ယောင်ယမ်းပြီး ကိုယ့်ခေါင်းကိုယ် ကိုင်ကြည့်မိတယ်။ သူက ဆက်ပြောပြန်တယ်။

"ရှင် သိပ်မကြာဘူး၊ ခဏနေ ထိပ်ပြောင်တော့မှာ "

"ဟုတ်လား၊ ငါဖြင့် သတိမထားမိပါဘူး"

"ဟုတ်တယ်၊ မယုံရင်စောင့်ကြည့်နေ၊ ရှင့်ဆံပင်က တဖြည်းဖြည်း အပေါ် တက်တက် လာပြီး မကြာခင် ပြောင်ကြီးဖြစ်တော့မှာ ၊ သတိသာထား"

"နေစမ်းပါဦး၊ ဘာကို ငါက သတိထားရမှာ လဲ"

"အဲ ... မှားသွားလို့ ၊ ရှင် သတိထားလို့ မရဘူး၊ ပြောင်မှာ က ပြောင်မှာ ပဲ၊ ထိပ်ပြောင်တာကို ကာကွယ်တဲ့ နည်းလမ်းမှ မရှိသေးတာ၊ တစ်ချို့ကတော့ ဆံပင်ပညာရှင် ဘာညာသာရကာတွေနဲ့ ပြမယ်တို့ ဘာတို့ လုပ်တာပေါ့၊ အလကားပါ။ ညာနေကြတာ။ ရှင်ဂျူကူဘူတာမှာ အိပ်အိပ်နေတဲ့ အိမ်ခြေယာခြေမဲ့တွေ တွေ့ဖူးတယ်မဟုတ်လား၊ ကောင်းလို

က်တဲ့ ဆံပင်တွေ၊ သူတို့ ကလင်းနစ်တို့ ဗီဒယ်ဆက်ဆွမ်တို့ လိုးရှင်း အိတ်က်စ်တို့ နဲ့ ခေါင်းလျှော်ပြီး ဆံပင်ပေါင်းတင်တယ်လို့ များး ကြားဖူးသလား၊ အလကား ဆံပင်ပညာရှင်ဆိုတာ ပိုက်ဆံညာယူနေတဲ့ ဟာတွေ"

အမယ် ... ဒီလိုဆိုတော့လည်း ကောင်မလေးက မဆိုးပါလား။ နည်းနည်းတောင် အထင်ကြီးသွားတယ်။

"အေး ... မင်းပြောတာလည်း ဟုတ်သား။ ဒါနဲ့ နေပါဦး၊ မင်းက ထိပ်ပြောင်တဲ့ အကြောင်း အတော်သိတယ်နော်"

"အင်း သိဆို ဆံကေသာ အလှကုမ္ပဏီတစ်ခုမှာ ကျွန်မ အချိန်ပိုင်း အလုပ်လုပ်နေတယ်လေ၊ သိတဲ့ အတိုင်းပဲ ကျောင်းနားထားတော့ အချိန်တွေက ပိုနေတယ်၊ ဆံကေသာ ကုမ္ပဏီကလုပ်တဲ့ ကွင်းဆင်း သုတေသနလုပ်ငန်းဆိုတာတွေ ကျွန်မလုပ်တယ်။ ဒီမှာ တင် အတော်များများ သိတော့တာပဲ၊ လိုတာထက်တောင် ပိုသိသေးတယ်"

"ဩော်"

"ရှင်သိလား၊ အဲဒီ ကုမ္ပဏီမှာ လေ၊ ထိပ်ပြောင်တယ်ဆိုတဲ့ စကားလုံး မသုံးရဘူး၊ ဆံပင်ပါး ပြဿနာနှင့် ကြုံတွေ့နေရသော အမျိုးသားများလို့ ပြောရတယ်၊ ထိပ်ပြောင်လို့ သုံးနှုန်းရင် စော်ကား ရာရောက်သတဲ့လေ၊ ဒါနဲ့ ပဲ သူတို့ ကို စချင်တာနဲ့ ဆံပင်ပါးပြဿနာအစား ဆံပင်အရင်းအမြစ် ချို့တဲ့ မှု၏ စိန်ခေါ်ခြင်းကို ခံနေရသည့် အမျိုးကောင်းသားကြီးများ လို့ သုံးရင်ကောင်းမယ်လို့ ကျွန်မ သူတို့ ကိုအကြံပေးမိတယ်။ အမယ် ... ဘယ်သူမှ မရယ်ကြဘူးသိလား၊ ခပ်တည်တည် ရှုသိုးသိုးကြီးတွေနဲ့ ကျွန်မကို ကြည့်ပြီး ကောင်မလေး ဒါနောက်စရာ မဟုတ်ဘူး တဲ့ ပြန်ပြောကြတယ်၊ သောက်ကျိုးနည်း၊ ပျင်းစရာကောင်းလိုက်တဲ့ လူတွေ"

သံပုရာ ချိုချဉ်တွေ ထုတ်လိုက်တယ်။ တစ်လုံး ပါးစပ်ထဲထည့်ပြီး မေ့ကို တစ်လုံးပေးတယ်။ သူက မယူဘူး။ စီးကရက်ပဲ တစ်လိပ်ထပ်ညှိတယ်။

"ဒါနဲ့ နေပါဦး မစ္စတာ တေးဆိုင့်ကြီးရဲ့ ၊ ရှင် ခုထိ အလုပ်လက်မဲ့ပဲလား"

"အင်း"

"ရှင့်မှာ အလုပ်လုပ်ချင်စိတ်ရော ရှိရဲ့လား"

"ရှိတာပေါ့ဟဲ့"

ပြောပြီးမှ ပြန်စဉ်းစားမိတယ်။

"နေဦး၊ ငါလည်း သိပ်တော့ မသေချာဘူး၊ ဒီကိစ္စ အချိန်ယူပြီး ပြန်စဉ်းစားရဦးမယ်။ ပြောရခက်တယ်ဟ"

မေက လက်သည်းလေးကို ကိုက်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်။

"ဒီလိုလုပ်လေ၊ ကျွန်မနဲ့ တစ်ရက်လောက်လိုက်ပြီး အဲဒီ ဆံကေသာကုမ္ပဏီ အလုပ် လိုက်လုပ်ကြည့်ပါလား၊ ပိုက်ဆံတော့ သိပ်မရဘူး၊ အပြောင်းအလဲလေးဖြစ်တာပေါ့၊နည်းနည်းပါတယ်"

"ဒါဆို သတ္တိရှိတာနဲ့ စပ်စုတတ်တာဟာ ခပ်ဆင်ဆင်ပဲလို့ တစ်ခါမှ မစဉ်းစားမိဘူးလား"

"အင်း ...မသိပါဘူး ဟုတ်ချင်ဟုတ်မှာ ပေါ့"

"ခုပဲ ရှင် စပ်စုချင်တာနဲ့ သူများ အိမ်ခြံဝင်းထဲ ရောက်နေပြီမဟုတ်လား၊ အဲဒီအတွက် သတ္တိနည်းနည်းတော့ မွေးခဲ့ရတယ်မဟုတ်လား"

"အေး ...အဲဒါတော့ ဟုတ်တယ်ပါ၊ သူများ ခြံထဲဝင်ဖို့ ဆိုတဲ့ ကိစ္စမှာတော့ စပ်စုချင်စိတ်နဲ့ သတ္တိက ပူးတွဲအစွမ်းပြနေသလိုပဲနော်၊ ဒါပေမယ့် စပ်စုချင်တဲ့ စိတ်ဆိုတာမျိုးက ခဏလေးနဲ့ အငွေ့ပြန်သွားတဲ့ ဟာမျိုးပါကွာ၊ သတ္တိကတော့ ရေရှည်ခံမယ်ထင်တယ်၊ စပ်စုစိတ်ဆိုတာက မယုံရတဲ့ သူငယ်ချင်းလိုမျိုးပဲ၊ သတ္တိကတော့ ယုံကြည်စိတ်ချရလောက်တဲ့ အဖော်ကောင်းပေါ့"

ကောင်မလေးက စကားပြန်မပြောဘဲ ကျွန်တော်ပြောတဲ့ စကားကို စဉ်းစားနေတယ်။ အတော်ကြာမှ ...

"ဟုတ်မယ်၊ ကျွန်မလည်း ဒီလိုပဲ ထင်မိတယ်"

သူက မတ်တပ်ထရပ်လိုက်တယ်။ ဖုတ်ဖက်ခါလိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို စိုက်ကြည့်ပြီး ...

"တေးဆိုင့်ကြီး၊ ရေတွင်းကြည့်ချင်သလား" တဲ့ ။

ရေတွင်း၊ ရေတွင်းဆိုပဲ၊ ဘာရေတွင်းတုန်း။ တွေးနေတုန်း သူကဆက်ပြောတယ်။

"ဒီခြံထဲမှာ ရေတွင်းပျက်ကြီး တစ်ခုရှိတယ်၊ ရှင်ကြည့်ချင်လားဟင်" တဲ့ ။

* * *

ဟုတ်ပါ့။ တကယ့်ကို ရေတွင်းကြီးတစ်ခုရှိနေတာပဲ။ တွင်းဝိုင်းကြီးဗျ၊ အချင်းလေးပေခွဲလောက်ရှိလိမ့်မယ်။ ဘောင်က သုံးပေလောက်မြင့်တယ်။ တွင်းကို သစ်သားပြားကြီးနဲ့ ပိတ်ထားတယ်။ ဒီတွင်းက အပင်ကြီး တစ်ပင်အောက်မှာ ရှိနေတာ။ အပင်ကလည်း အသီးတွေ

သီးလို့ ။ ဘာပင်၊ ဘာသီးတွေမှန်းတော့ မသိဘူးလေ။ တွင်းကြီးက ပေ ယျာလကန်ပစ်ထားတာ ကြာလှပြီနဲ့ တူပါရဲ့ ။ ကြည့်ရတာကိုက ကြော က်စရာကြီး။ သေချာကြည့်တော့ တွင်းကအိုလှပြီဗျ။ ဒီအိမ်၊ ဒီခြံထက်ကို နှစ်ပေါင်းများ စွာ ပိုအိုသလိုပဲ။ တွင်းကို ပိတ်ထားတဲ့ သစ်သားပြားကြီး ကလည်း တကယ့်ရှေးဟောင်းပစ္စည်းကြီး။ တွင်းကိုမိုးထားတဲ့ အပင်ကြီးကလည်း ဒီနားပတ်ဝန်းကျင်က ရှိသမျှ အပင်တွေထက် ပိုရှည် ၊ ပိုကြီးပြီး ပိုအိုသလိုပဲ။ ကျွန်တော် သစ်သားပြားကြီးကိုဖွင့်ပြီး အောက် ကို ငုံ့ကြည့်လိုက်တယ်။ အမလေး လေ့...အောက်ခြေကို လုံးဝ မမြင်ရ ဘူးဗျ။ သောက်ကျိုးနည်းအောင်ကို အနက်ကြီးပဲ။ အနံ့ခံကြည့်တယ်။ မှ ုန့်ရသလိုပဲ။

"အထဲမှာ ရေတစ်စက်မှ မရှိဘူး သိလား"

မေက အနားကနေပြီး တိုးတိုးလေး ပြောတယ်။ ရေမရှိတဲ့ တွင်း၊ မ ပျံနိုင်တဲ့ ငှက်၊ ထွက်ပေါက်မရှိတဲ့ လမ်းကြား၊ ပြီးတော့ ...။ မေက ခဲတစ် လုံးကောက်ပြီး ရေတွင်းထဲပစ်ချလိုက်တယ်။ ခဏနေတော့ ရေတွင်း အောက်ခြေကို ခဲလုံးထိတဲ့ အသံ ခပ်သဲ့သဲ့ကြားရတယ်။ ဒါပဲ။ သေချာတ ယ်။ ရေမရှိဘူး။ ကျွန်တော် မေ့ ဖက်လှည့်ကြည့်လိုက်တယ်။

"ရေက ဘာလို့ မရှိတော့တာလဲ မသိဘူးနော်၊ ခြောက်သွားတာလား တစ်ယောက်ယောက်က ရေမဖြည့်ပေးကြဘူးလား"

မေက ပုခုံးတွန့်ပြရင်း-

"ရေဖြည့်ပေးထားရင်လည်း အပြည့်ဖြည့်ထားတာ ကောင်းမယ်ထင် တယ်။ နို့မို့ရင် တစ်ယောက်ယောက် တွင်းထဲ လိမ့်ကျသွားမှာ စိုးရတယ် နော်"

"အင်း ...ဟုတ်မှာ ပေါ့။ ကြည့်ရတာ တစ်ယောက်ယောက်က ဒီတွင်း

ကို တမင် သက်သက် ခြောက်သွားအောင် လုပ်ထားခဲ့လားမသိဘူး"

ရုတ်တရက်ချက်ချင်းဆိုသလို ဟိုးအရင်တုန်းက မစ္စတာဟွန်ဒါ ပြောခဲ့ဘူးတဲ့ စကားတွေကို ပြန်သတိရလာမိတယ်။

"အမြင့်တက်နေတဲ့ အချိန် မျှော်စင်ကြီးတွေ့ရင်လည်း အပေါ်ဆုံး ရောက်တဲ့ အထိသာ တက်သွားလိုက်၊ အနိမ့်ရောက်သွားချိန် ရေတွင်းကြီးတွေ့တော့လည်း အောက်ခြေထိသာဆင်း ကြည့်လိုက်ပေါ့"

ခု ဆင်းကြည့်ချင်ရင် ဆင်းလို့ ရတဲ့ ရေတွင်းကြီးတစ်ခု ရေကန်အသင့် ကြာအသင့် တွေ့နေပြီဗျား။ ရေတွင်းဝကနေ ကုန်းပြီး အောက်ကို ကြည့်မိပြန်တယ်။ မှောင်လိုက်တာမည်းလို့ ။ ဘာမှ ကို သဲသဲကွဲကွဲ မမြင်ရပါဘူး။ နေ့ခင်းကြောင်တောင်ကြီးတောင် ဒီလောက်မှောင်မည်းနေတာ ကြောက်မယ်ဆို ကြောက်စရာကြီး။ ဘာရယ်မဟုတ် ချောင်းတစ်ချက် ဟန့်လိုက်မိတယ်။ ရေတွင်းထဲကနေ ချောင်းဟန့်သံဟာ ပဲ့တင်သံပြန်ထွက်လာခဲ့တယ်။ ကျွန်တော့် တံတွေးတွေဟာ ခုထိ သံပုရာချိုချဉ်နဲ့ သင်းနေတုန်း။

* * *

ရေတွင်းကို သစ်သားပြားကြီး ပြန်ဖုံးပြီး နာရီကြည့်တော့ ဆယ့်တစ်နာရီခွဲနေပြီ။ ကူမီကိုကို ဖုန်းခေါ်ရမယ့် အချိန်ရောက်နေပြီ။

"ကဲ ... ငါအိမ်ပြန်ဦးမှ ပဲ"

မေ ကာစာဟာရက ကျွန်တော့်ကို ပြုံးစစနဲ့ စူတူတူကြည့်ပြီး ...

"ပြန်လေ တေးဆိုင့်ကြီးရဲ့ ၊ အိမ်အရောက် ပျံသာသွားလိုက်" တဲ့ ။ ခြံဝင်းထဲက ကျောက်ဂွက်ကြီးကတော့ မျက်လုံးမွဲကြီးတွေနဲ့ ကောင်းက

င်ပေါ် မော့ကြည့်နေတုန်း။ ကောင်းကင်ကလည်း ခဲပုပ်ရောင်တိမ်တွေကို လက်ခံထားတုန်း။ မိုးတော့တိတ်သွားပြီ။ ကောင်မလေး မေက မြက်ဖုတ်တွေနှုတ်ပြီး မိုးပေါ်ပစ်တင်နေတယ်။ လေကလည်း မတိုက်တော့ မြက်ဖုတ်တွေဟာ သူ့ခြေထောက်နား ဖုတ်ကနဲ ပြန်ပြန်ကျနေတာပေါ့။ သူက ကျွန်တော့်ကို မကြည့်ဘဲ ...

"အချိန်ကလည်း ကုန်ခဲလိုက်တာနော်၊ နေဝင်ဖို့ အကြာကြီးစောင့်ရဦးမယ်" လို့ ပြောနေတယ်။ ကျွန်တော်လည်း သူ့ ကို ပြန်ပြောလိုက်မိတယ်။

"ဟုတ်ပ၊ အချိန်တွေ အကြာကြီး စောင့်ရလိမ့်ဦးမယ်"

* * *

(၆)
ကူမီကို အိုကာဒါ နှင့် နိုဘိုရု ဝတရာ တို့ မွေးဖွားခြင်း

ကျွန်တော်က သွေးရင်း ညီအစ်ကိုမောင်နှမမရှိဘူး။ တစ်ဦးတည်း သောသား။ ဆိုတော့ တစ်အူတုံဆင်း ညီအကိုမောင်နှမတွေ ကြီးလာရင် ဘယ်လိုပေါင်းသင်းဆက်ဆံကြသလဲဆိုတာ စိတ်ကူးကြည့်ရတာတောင် အတော်ခက်တဲ့ ကိစ္စဖြစ်နေတယ်။ ကူမီကိုကျတော့ တစ်မျိုးဗျ။ တစ်ခုခု ပြောနေရင်း သူ့အစ်ကို နိုဘိုရုဝတရာအကြောင်း ရောက်သွားရင် သူမျက်နှာဟာ တစ်မျိုးဖြစ်ဖြစ် သွားတတ်တယ်။ ရုတ်တရက် သံပုရာသီးငုံလိုက်ရသလို မျက်နှာပေးမျိုးလို့ ထင်တာပဲ။ သေချာတော့ မသိပါဘူး။ ဒါပေမယ့် ကျွန်တော့်အမြင်မှာ တော့ သူ့အစ်ကို နိုဘိုရုဝတရာဆိုတဲ့ အကောင်ဟာ ကောင်းကွက်ကို တစ်ကွက်မှ မရှိတဲ့ သတ္တဝါပဲ။ ကူမီကိုကလည်း ဒါကို ကောင်းကောင်း သိပုံရတယ်။ သူတို့ စကားပြောနေပုံကို ကြည့်ရင် တကယ့် သူစိမ်းတွေအတိုင်းပဲ။ အမှန်က သူတို့ နှစ်ယောက်ဟာ တစ်အူတုံဆင်း မောင်နှမအရင်းတွေ။ ကျွန်တော် သူတို့ အဖေကြီးနဲ့ အကြီးအကျယ် ကွိုင်တက်ပြီးကတည်းက ကူမီကိုလည်း သူ့အကို နိုဘိုရုဝတရာနဲ့ တစ်ခါမှ တွေ့ပုံမရဘူး။ ကွိုင်ရတဲ့ ကိစ္စတော့ ပြောမနေချင်တော့ပါဘူးဗျာ။ ဒါပေမယ့် တကယ့် ကွိုင်ပူကြီးဗျ။ ကျွန်တော်က တကယ်တော့ နားအေးပါးအေး နေချင်တဲ့ ကောင်။ ဒါပေမယ့် တစ်ခုခုဖြစ်ပဟေ့ ဆိုရင်တော့ ဒီအတိုင်း ငြိမ်မနေ တတ်ဘူး။ ရေဆုံးမြေဆုံးကို လိုက်တော့တာပဲ။ ဆိုတော့ ကူမီကို့ အဖေကြီးနဲ့ တက်လိုက်တဲ့ ကွိုင်ဟာ နော

က်ဆုံး နင်သေလည်း ငါမလာဘူး၊ ငါသေလည်း နင်မလာနဲ့ ဆိုတဲ့ အခြေအနေမျိုးလောက်ထိ ဖြစ်သွားခဲ့တယ်။ ပြီးလည်း ပြီးသွားရော စိတ်ထဲပေါ့သွားလိုက် တာပြောမနေပါနဲ့ တော့။ ငါ ဒီငနဲကြီး မျက်ခွက်ကို နောင်တစ်သက်လုံး ကြည့်စရာမလိုတော့ဘူးဆိုပြီးတော့ ပျော်တောင် ပေါ်မိ ပါသေးတယ်။ ကာလရှည်ကြာ ပုခုံးပေါ်ထမ်းထားရတဲ့ ဝန်ထုပ်ကြီး ဝုန်းခနဲ ပြုတ်ကျသွားသလိုပဲ။ တကယ်တော့ ယောကျ်ာထီးကြီးကို မုန်းလည်း မမုန်း၊ စိတ်လည်း မဆိုးပါဘူး။ သူ့ဘဝ ကိုလည်း ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် သူထားရာနေ၊ စေရာသွား ဘဝတော့ ကျွန်တော် အရောက်မခံနိုင်ဘူး။ ဒါနဲ့ ကူမီကိုကို ကျွန်တော်ပြောတယ်။ ငါနောက် ဘယ်တော့မှ မင်းမိဘအိမ်မသွားတော့ ဘူး။ မင်းသွားချင်ရင် မင်းဘာသာမင်းသွားဆိုတော့ သူကလည်း ပြတ် တယ်။ လုံးဝမသွားဘူးတဲ့ ။ ပြီးရောပေါ့။

အဲဒီတုန်းက ကျွန်တော့်ယောက်ဖ နိုဘိုရဝတရာဟာ သူ့အဖေအမေ အိမ်မှာ နေတာ။ ကျွန်တော်နဲ့ သူ့အဖေကြီး အကြီးအကျယ်ငြိုဟ်ကျနေ တာကို သူ ဘာတစ်လုံးမှ ဝင်မပြောဘူး။ ဘာမှ တော့ အံ့သြစရာမရှိပါ ဘူး။ အစကတည်းက သူနဲ့ ကျွန်တော်က မတတ်သာလွန်းမှ စကားပြော ကြတာလေ။ တစ်ယောက်နဲ့ တစ်ယောက် ရှိတယ်လို့ တောင် ထင်ကြ တာ မဟုတ်ဘူး ။ ဆိုတော့ ယောကျ်ာမအိမ် မရောက်ဖြစ်တော့ဘူးဆိုက တည်းက ချစ်ယောက်ဖကြီးနဲ့ လည်း တွေ့စရာအကြောင်းမရှိတော့ဘူး ပေါ့။ ကူမီကိုကလည်း သူ့အလုပ်နဲ့ သူ လုံးချာလည်လိုက်နေတာဆိုတော့ သူတို့ မောင်နှမနှစ်ယောက်လည်း တစ်ယောက်နဲ့ တစ်ယောက် မတွေ့ကြတော့ဘူး။ အစကထဲကလည်း ချစ်ချစ်ခင်ခင်မှ မရှိကြဘဲ။ သူ တို့ ဟာသူတို့ ပြောစရာရှိရင် တစ်ယောက်ရုံး တစ်ယောက် ဖုန်းဆက်ကြ တယ် ထင်တယ်။ အိမ်ကိုတော့ တစ်ခါမှ မဆက်ဘူးလေ။

ဘာအကြောင်းပြောကြလဲ ဆိုတာတော့ မသိဘူးလေ။ ကျွန်တော်ကလည်း တစ်ခါမှ မမေးမိဘူး။ ကူမီကိုကလည်း တစ်ခါမှ မပြောပြဘူး။ တကယ်ကတော့ သူတို့ ဟာသူတို့ ဘာပြောပြော၊ သိလည်း မသိချင်ပါဘူး။ ဒီလောက် စိမ်းတဲ့ မောင်နှမနှစ်ယောက်ဟာ ဘာများ ထွေထွေထူးထူး ပြောစရာစကား ရှိမှာ လဲ။

* * *

သူတို့ မောင်နှမနှစ်ယောက်ဟာ အသက် ကိုးနှစ်တိတိကွာတယ်။ သူတို့ ခပ်စိမ်းစိမ်းဖြစ်ရတဲ့ နောက်တစ်ချက်ကတော့ ကူမီကိုဟာ ငယ်ငယ်လေးကတည်းက အိမ်မှာ သိပ်မနေရတာလည်း ပါမှာ ပေါ့။ တကယ်က ဝတရာအိမ်မှာ ကူမီကိုနဲ့ နီဘိုရကြား တစ်ယောက်ရှိသေးတယ်တဲ့ ။ ကူမီကိုထက် ငါးနှစ်ကြီးတဲ့ သူ့အစ်မတစ်ယောက် ရှိသေးသတဲ့ ။ ကူမီကို့ကို သုံးနှစ်သမီးကတည်းက အဖွားရှိတဲ့ နီဂါတာကို ပို့ထားကြသတဲ့ ။ ငယ်ငယ်က ချူချာလို့ လေကောင်းလေသန့်ရတဲ့ တောပိုင်းကိုပို့ထားတာလို့ သူ့မိဘတွေက ပြောတယ်ဆိုပဲ။ ကူမီကိုကတော့ ဒါကို ယုံပုံမရဘူး။ သူငယ်ငယ်က ဘာမှ မဖြစ်ဘူးတဲ့ ။ နီဂါတာက အဖွားအိမ်မှာ လည်း သူ့ကျန်းမာရေးနဲ့ ပတ်သက်လို့ ဘယ်သူမှ သူ့ကို ဂရုမစိုက်ခဲ့ကြဘူးတဲ့ ။ ဒါအလကားသက်သက် လုပ်ဇာတ်ထွင်တာနေမှာ လို့ သူကျွန်တော့်ကို တစ်ခါပြောဖူးတယ်။ နောက်ပိုင်းကြားရတဲ့ စကားတွေအရ ကူမီကို့ရဲ့ သံသယဟာ ပိုခိုင်မာလာခဲ့တယ်။ တကယ်တော့ သူ့အမေနဲ့ သူ့အဖွားဟာ ကမ္ဘာ့ရန်တွေတဲ့ ။ သူ့အဖွားက ကူမီကို့အဖေ သူ့သားနဲ့ ကူမီကို့အမေ သူ့ချွေးမကို လုံးဝသဘောမတူဘူးတဲ့ ။ ဒါနဲ့ ပဲ မြေးလေးထိန်းရရင် ဒေါသတွေ ပြေလိုပြေငြားဆိုပြီး ကူမီကို့ကို နီဂါတာပို့ထားလိုက်တာတဲ့ ။

ရှေးခေတ်က မားစာခံပို့သလို အပို့ခံရရှာတာ။ ကူမီကိုက ကျွန်တော့်ကို ဒီလို ပြောပြခဲ့ဘူးတယ်။

"သူတို့ မှာ ချစ်စရာ ခင်စရာ သားသမီး နှစ်ယောက်တောင် ရထားပြီးပြီလေ၊ အငယ်ဆုံးကလေးကို ဆုံးရှုံးလိုက်ရလို့ လဲ ဘာမှ ခံစားရပုံမရပါဘူး။ ကလေးကိုပေးပြီး ယောကျ်ားမနဲ့ ငြိမ်းချမ်းရေးယူလိုက်ရင် လွယ်တယ်လို့ သူတို့ ထင်နေကြတာကိုး။ သိပ်အကြာကြီး စဉ်းစားမနေကြပါဘူး။ ချက်ချင်းပဲ ဝုန်းဒိုင်းကြဲပြီး မကို အဖွားဆီပေးပစ်လိုက်ကြတော့တာပဲ"

ဒီလိုနဲ့ ကူမီကိုလေးဟာ အဖွားနဲ့ သုံးနှစ်သုံးမိုး အတူနေခဲ့ရသတဲ့ ။ အဖွားကတော့ သူ့ကို သည်းသည်းလှုပ်အောင်ချစ်ဆိုပဲ။ သူမိဘတွေ ဆင်ထားတဲ့ အကွက် အောင်မြင်တယ်လို့ ဆိုရမှာ ပေါ့။ ကလေးကတော့ ဘာသိမှာ လဲ။ အဖွားကြီးနဲ့ နေရတာထက်စာရင်အကိုတွေ အစ်မတွေနဲ့ ဆော့ပြီး ကစားပြီး ပိုနေချင်တာပေါ့။ နောက်ဆုံး ကျောင်းနေဖို့ အရွယ်ရောက်လာတော့ တိုက္ယိုကို ပြန်ခေါ်ကြပါလေရော။ အဲဒီအချိန်မှာ ကလေးနဲ့ အကြာကြီးခွဲပြီးနေရရင် နောက်ပိုင်း ပြဿနာတွေဖြစ်လာလိမ့်မယ်ဆိုတာ သူမိဘတွေ သိစပြု လာပြီ။ ဒါနဲ့ ပဲ စိုးရိမ်တကြီး ပြန်ခေါ်ကြတယ်။ ဒါပေမယ့် နောက်ကျသွားပြီ။ မရတော့ဘူး။ ကူမီကို့ကို သူမိဘတွေ ပြန်ခေါ်တော့မယ်ဆိုတာ ကြားပြီးတဲ့ နောက် သူ့အဖွားဟာ မအိပ်နိုင်၊ စားနိုင်ဖြစ်ပါလေရော။ တစ်ခါတလေ ကူမီကို့ကို ရင်ခွင်ထဲသွင်းပြီး အရိုးကျိုးမတတ် တအားဖက်ချင်ဖက်ထားတယ်။ တစ်ခါတလေ ပေတံတစ်ချောင်းနဲ့ တဖတ်ဖတ် ရိုက်ချင်ရိုက်နေပြန်ရော။ တစ်ချက်တစ်ချက် ငါ့မြေးနဲ့ ခွဲရရင် ငါသေမှာ ပဲ ဆိုပြီး ငိုသံပါကြီးနဲ့ ပြောလိုပြော၊ တစ်ချက်တစ်ချက် သောက်ကောင်မ ဘယ်တော့မှ ပြန်မလာနဲ့ ၊ ငါ နင့်မျက်ခွက်မကြည့်ချင်ဘူးဆိုပြီး ငေါက်လိုငေါက်နဲ့ ဖြစ်ချင်တိုင်းကိုဖြစ်နေတော့တာ

ပဲတဲ့ ။ ရိုင်းပေ့ဆိုတဲ့ စကားလုံးတွေသုံးပြီး ကူမီကို့အမေကို ပက်ပက်စက်စက် နင့်နင့်သီးသီး ဆဲရေး တိုင်းထွာသတဲ့ ။ လက်ကောက်ဝတ်ကို ကတ်ကြေးနဲ့ လှီးပြီး သူ့ကိုယ်သူသတ်သေဖို့ လည်း ကြိုးစားသေးသတဲ့ ။ သူ့အဖွား ဘာတွေဖြစ်နေတာလဲဆိုတာ ကူမီကိုကလေးခမျာ ဘယ်လိုမှ ကို နားမလည်နိုင်ရှာဘူး။ နားလည်ဖို့ လည်း အရွယ်က သိပ်ငယ်သေးတာကိုးလေ။

ဒါနဲ့ ပဲ ကူမီကိုဟာ အပြင်လောကနဲ့ သူ့ဖာသာသူ အဆက်အသွယ်ဖြတ်ပစ်လိုက်တယ်။ မျက်စိကိုမှိတ်၊ နားကိုပိတ်ပြီး တစ်ယောက်တည်း ၈ ကစာရီ ကျင့်နေလိုက်တယ်။ ဘာကိုမှ လည်း မတွေးမိတော့ဘူး။ ဘာကိုမှ လည်း မမှတ်မိတော့ဘူး။ ဒီလိုနဲ့ လပေါင်း များ စွာကြာပြီး သူပြန်သတိရလာတဲ့ အခါ သူဟာ ပတ်ဝန်းကျင် အသစ်တစ်ခုကို ရောက်နေခဲ့ပြီ။ တကယ်က အဲဒါ သူ့အိမ်၊ သူ့အဖေအမေနဲ့ ညီအကို မောင်နှမတွေရှိတဲ့ တိုက်ျိုက သူ့အိမ်၊ ဒါပေမယ့် ကူမီကို့အဖို့ ပတ်ဝန်းကျင်အသစ်လို့ ပဲ ထင်နေရှာတယ်လေ။ ကူမီကိုဟာ အဲဒီ ပတ်ဝန်းကျင်အသစ်မှာ အသားကျဖို့ အတော်လေး ရုန်းကန်ခဲ့ရရှာတယ်။ ဘယ်သူ့ကိုမှ လည်း သူမယုံရဲ၊ အားမကိုးရဲဘဲ ခဲမှန်ဖူးတဲ့ စာသူငယ်လို မျက်စိသူငယ်၊ နားသူငယ်၊ မျက်လုံးလေး ကလယ်ကလယ်နဲ့ ယယ်ကလယ် လိုက်နေရှာတယ်။ အဖေအမေက သူ့ကို ဖက်လဲတကင်းလုပ်တိုင်း သူ့ခမျာ စိတ်မသက်မသာ ခံစားနေခဲ့ရတယ်။ သူတို့ ကိုယ်နဲ့က သူ့အတွက် သူစိမ်းဆန်နေတယ်။ မနွေးထွေးဘူး။ မယဉ်ပါးဘူး။ အဲဒီအချိန်တွေမှာ သာယာကြည်နူးရမယ့်အစား သူလန့်နေခဲ့တယ်။ မုန်းနေခဲ့တယ်။ သူ့ဘာဖြစ်နေတယ်ဆိုတာကိုသိပြီး သူ့ကို အပြည့်အဝ နားလည်တာက သူ့ အစ်မပဲတဲ့ ။ သူ့အကိုကတော့ သူရှိမှန်းတောင် သတိမထားမိဘူးဆိုပဲ။ သူ့အစ်မဟာ တစ်ချိန်လုံး သူနဲ့ တူတူနေတယ်။ တူတူအိပ်တယ်။ စကားတွေပြောတယ်။

ကျောင်းတူတူသွားတယ်။ တူတူတွတ်ထိုးကြတယ်။ အိမ်စာတွေကူလုပ်ပေးတယ်။ ချောင်ထဲမှာ ထိုင်ပြီး မှောင်မိုက်မှာ သူငိုတိုင်း သူ့အစ်မက သူ့ကို အသာလေးဖက်ထားတတ်တယ်။ ကူမီကို့နှလုံးသားကို နားအလည်ဆုံးလူဟာ သူ့အစ်မပဲ။ တကယ်လို့ သာ ကူမီကို နီဂါတာကပြန်ရောက်ပြီးတစ်နှစ်လောက်အကြာမှာ အစာအဆိပ်သင့်ပြီး သူမသေခဲ့ဘူးဆိုရင် ကူမီကို့ အနေအထားဟာ တစ်မျိုးဖြစ်သွားနိုင်တယ်။

"အင်း ... အစ်မသာမသေရင် အိမ်အနေအထားဟာ ခုထက်အများကြီး ပိုကောင်းမှာ သေချာတယ် ကိုရဲ့ ၊ သူက အဲဒီတုန်းက ခြောက်တန်းပဲ ရှိသေးတာ။ ဒါပေမယ့် တစ်အိမ်လုံးရဲ့ အသည်းတုံး၊ အိမ့်ဆည်းလည်း လေးလေ၊ သူသာမသေခဲ့ရင် မ အရမ်းပျော်မိမှာ ပဲ။ သူသေသွားတော့ မ စဉ်းစားမိတယ်။ သူ့အစား ငါသေသွားရင် ဘယ်လောက် ကောင်းမလဲ ဆိုပြီးတော့ပေါ့။ မ က အိမ်မှာ သိုးမည်းပဲလေ။ မ ကို ဘယ်သူမှ လည်း မချစ်၊ ဘယ်သူမှ လည်း ဂရုမစိုက်။ အားရင် သေသွားတဲ့ သူတို့ သမီးအကြောင်း၊ သူတို့ ညီမအကြောင်းပဲ ပြောနေကြတာ။ သူဘယ်လောက် ချောကြောင်း၊ သူ ဘယ်လောက်တော်ကြောင်း၊ သူ့ကို ဘယ်လောက်ချစ်ကြကြောင်း၊ သူဘယ်လို အတွေးအခေါ်ကောင်းကြောင်း၊ စန္ဒယားတီးရင် ဘယ်လို ဆွေမျိုးမေ့မတတ် ငြိမ့်ညောင်းကြောင်း ပါးစပ်က အမြဲပ်ထွက်မတတ်ပြောကြပြီး မ ကို စန္ဒယားသင်ဖို့ စိုင်းပြင်းကြပါလေရော၊ မ က အဲဒါကြီးကို တီးဖို့ နည်းနည်းမှ စိတ်မဝင်စားဘူး။ အစ်မတီးသလိုလည်း တစ်သက်လုံး တီးတတ်လိမ့်မယ်လို့ မထင်ပေါင်။ မ ဟာ အစ်မထက် အရာရာညံ့တယ်ဆိုတာ သူတို့ သိအောင်ထပ်ပြီး သက်သေပြနေစရာ မလိုပါဘူးလေ။ ဒါပေမယ့် မရပါဘူး။ ဇွတ်အတင်းအဓမ္မ သူတို့ လုပ်ခဲ့ကြတယ်။ နောက်ဆုံးတော့ စန္ဒယားဆိုတာကို မကြည့်ချင်

လောက်အောင်ကို မ အမုန်းကြီး မုန်းသွားခဲ့တယ်"

ကူမီကို ပြောတာကို နားထောင်ရင်း သူမိသားစုကို အစိမ်းလိုက် ဝါး စားချင်လောက်အောင်ကို ကျွန်တော် ဒေါသတွေ အလိပ်လိုက် ထွက်ခဲ့ရ တယ်။ တော်တော် ကျက်သရေယုတ်တဲ့ လူတွေပဲ။ ဒါတွေဟာ ကျွန် တော်တို့ နှစ်ယောက် လက်မထပ်ခင် ကူမီကိုခံစားနေခဲ့ရတဲ့ လောကငရဲ အကြောင်းပေါ့။

မင်္ဂလာမဆောင်ခင် နှစ်လအလိုလောက်ကမှ ကျွန်တော်နဲ့ ကူမီကို တစ်ယောက်အကြောင်း တစ်ယောက် ထဲထဲဝင်ဝင် စသိခဲ့ကြတာ။ အဲဒီ အကြောင်းတွေ သူ ကျွန်တော့်ကို ပြောပြတဲ့ နေ့က အင်မတန် တိတ်ဆိ တ်ငြိမ်သက်တဲ့ တနင်္ဂနွေနေ့ပေါ့။ ကျွန်တော်မှတ်မိသေးတယ်။ အိပ်ယာ ထဲမှာ လှဲရင်း အဲဒီအကြောင်းတွေကို သူ စိတ်လိုလက်ရ ကျွန်တော့်ကို ပြောပြရှာတယ်။ သူ့အကြောင်း၊ သူမိသားစု အကြောင်း အဲဒီအချိန်ကမှ ကျွန်တော် စသိခဲ့တာ။ အစကတော့ ကူမီကို့ ကို အေးတဲ့ ၊ ပန်းချီဝါသနာ ပါတဲ့ ၊ ဆံပင်ရှည်ရှည် လှလှလေးတွေ ပိုင်ဆိုင်တဲ့ ၊ ညာဖက် လက်ပြင်မှာ မှဲ့နှစ်လုံးပါတဲ့ ၊ ကျွန်တော်နဲ့ ကျမှ အပျိုစင်ဘဝကို စွန့်လွှ တ်တဲ့ မိန်းမလှလေးတစ်ယောက် အဖြစ်သာ သိခဲ့ရတာလေ။

ကူမီကိုဟာ ပြောနေရင်းတန်းလန်း နည်းနည်းငိုသေးတယ်ထင်တ ယ်။ ငိုမယ်ဆိုလည်း ငိုသင့်တာပေါ့။ ကျွန်တော် သူ့ဆံပင်လေးတွေကို အ သာလေးသပ်ပေးနေခဲ့တယ်။ သူကရှိုက်ရင်း ဆက်ပြောသေးတယ်။

"တကယ်လို့ အစ်မသာ အသက်ရှင်နေသေးပြီး ကိုက မ ကို အရင်မ တွေ့ဘဲ အစ်မကိုအရင်တွေ့ခဲ့မယ်ဆိုရင် ကို သူ့ကိုချစ်သွားမှာ ပဲ။ သူက မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းပြည့်ပုံရတယ်သိလား။ မြင်မြင် ချင်းကို ချစ်သွားမှာ "

"ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့လေ။ ဒါပေမယ့် ကိုက မ ကိုတွေ့ပြီး ချစ်ဖို့ ဖြစ်လာ ပြီးပြီကိုး။ အစ်မ အကြောင်းတွေ ဘာတွေစဉ်းစားမနေပါနဲ့ တော့ မ ရယ်"

ကူမီကိုက ငြိမ်ပြီး စဉ်းစားနေတယ်။ တနင်္ဂနွေနေ့ မနက်ခုနစ်နာရီခွဲ။ ခေါင်မိုးပေါ်က တအီအီအော်နေတဲ့ ခိုငြိုးသံတွေ ကြားနေရပြီ။ ခပ်ဝေးဝေးက တစ်ယောက်ယောက် သူ့ခွေးကို ခေါ်နေသံ သဲ့သဲ့လေး ကြားရတယ်။ ကူမီကိုဟာ မျက်နှာကြက်ကို အကြာကြီးစိုက်ကြည့်နေရင်းက နောက်ဆုံးမှာ သူ့ပါးစပ်က စကားသံထွက်လာခဲ့တယ်။

"ကို ကြောင်ချစ်လားဟင်"

"အင်း ...ချစ်တာထက်ကို ပိုတယ်။ ကို က ကြောင်ကိုစွဲလမ်းနေတာ။ ကို ကလေးဘဝတုန်းက အိမ်မှာ အမြဲတမ်း ကြောင်တစ်ကောင်ရှိတတ်တယ်။ အဲဒီကြောင်နဲ့ ပဲ ကစား။အိပ်ရင်တောင် ကြောင်ကို ဖက်အိပ်တာ "

"ဟယ် ကောင်းလိုက်တာ။ မ ငယ်ငယ်တုန်းက ကြောင်လေးတစ်ကောင်လောက် လိုချင်တာ သေမတတ်ပဲ။ ဒါပေမယ့် အမေက ကြောင်တွေကို မုန်းတယ်။ မ ကို ကြောင်ပေးမမွေးဘူးလေ။ တကယ်တော့လည်း မ ဘဝမှာ သေလောက်အောင် လိုချင်တဲ့ ဟာမှန်သမျှ တစ်ခါမှ မရခဲ့ဖူးပါဘူး ကို ရယ်။ ကို ယုံရဲ့ လား မသိဘူးနော်။ ကို အဲသလို အခြေအနေမျိုးကို နားလည်ရဲ့ လား။ အဲသလို တစ်သက်လုံးနေလာရတော့ နောက်ဆုံး ကိုယ်ဘာလိုချင်တယ်ဆိုတာတောင် ရေရေရာရာ မသိတော့ပါဘူးလေ"

သနားစရာ ကူမီကိုလေးရယ်။ ကျွန်တော် သူ့လက်ကလေးကို ဆုပ်ထားလိုက်တယ်။

"ဒီမှာ မ၊ ခု မ ကလေး မဟုတ်တော့ဘူးလေ၊ ကြောင်လိုချင်တယ်ဆို ရင် ကြောင်ရနိုင်တဲ့ ဘဝကို ရွေးချယ်လိုက်ရုံပဲလေ၊ ရှင်းရှင်းလေးပဲ၊ ဒါ မ ရဲ့ အခွင့်အရေးပဲ၊ ဟုတ်တယ် မဟုတ်လား"

သူ ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေတယ်။ သူ တဖြည်းဖြည်း ပြုံးလာတယ်။ ဟုတ်တာပေါ့၊ မှန်တာပေါ့ဆိုတဲ့ စကားကို ဆီမန်းမန်းသ လို ရွတ်နေတယ်။ မကြာပါဘူး။ ကျွန်တော်တို့ နှစ်ယောက် လက်ထပ်ဖို့ စိုင်းပြင်းကြတော့တာပါပဲ။

* * *

တကယ်လို့ သာ ကူမီကိုရဲ့ ကလေးဘဝဟာ အခက်အခဲတွေနဲ့ ပြည့် နေခဲ့တယ်ဆိုရင် သူ့အကို နိုဘိုရုဝတရာရဲ့ ကလေးဘဝကလည်း တစ်မျိုးဆန်းတယ် ပြောရမှာ ပဲ။ တစ်ဦးတည်းသော သားမို့ သူ့မိဘတွေ ဟာ သူ့ကို အရူးအမူးချစ်ကြပေမယ့် ချစ်ကြောင်းတော့ တစ်ခါမှ ပြခဲ့ပုံမ ရဘူး။ သူတို့ လိုချင်တာတွေဖြစ်အောင်ပဲ ဇွတ်အတင်း ပုံသွင်းခဲ့ကြတယ် ။ သူ့အဖေ ကျွန်တော့် ချစ်လှစွာသော ယောကျ္ဖထီးကြီးက သူ့သားကို ဂျပ နိ်လူ့အဖွဲ့အစည်းတစ်ခုလုံးက မော်ဖူးရလောက်အောင် အဆင့်မြင့်တဲ့ နေရာရောက်အောင် ကြိုးစားဖို့ အမြဲတွန်းအားပေးနေခဲ့တယ်။ မိုးကော င်းကင်၊ ဒူးနဲ့ တိုက်ပြီး မိုးစွန်တမွှတ် ကြယ်ကိုဆွတ်မဲ့ အာဂယောကျ်ား သူတို့ သားပေါ့လေ။

ကူမီကိုနဲ့ ကျွန်တော် ညားပြီးတဲ့ နောက်ပိုင်း ဒီစကားတွေ အဖိုးကြီး ပါးစပ်ကထွက်လာတာကို ကျွန်တော် နားနဲ့ ဆတ်ဆတ်ကြားခဲ့ရဘူးတ ယ်။ ဘာတဲ့ ... လူဆိုတာ တန်းတူရည်တူ သာတူညီမျှ ဖန်ဆင်းခံထားရ တဲ့ သတ္တဝါတွေ မဟုတ်ဘူး တဲ့ ။ သာတူညီမျှ ဒဿန ဘာညာကွိကွဆို

တာ ကျောင်းမှာ တော်တည့်မှန်ကန် ဖြောင့်မတ်သယောင်ဖြစ်အောင် လျှောက်သင်တဲ့ အလကားကိစ္စတွေတဲ့ ။ ဂျပန်ဟာ နိုင်ငံရေးအရ အမည်ခံ ဒီမိုကရေစီနိုင်ငံပေမယ့် တကယ်တမ်းကျတော့ နိုင်သူစားစတမ်းချောင်းနေတဲ့ ကိုးတောင်ကျားတွေကြားမှာ သန်စွမ်းသူသာ ရှင်သန်နိုင်မယ့် နေရာတစ်ခုပဲတဲ့ ။ လက်ညှိုးညွှန်ရာ ရေဖြစ်နိုင်တဲ့ လူမလိုင် အထက်တန်းလွှာတွေသာ ရှင်သန်နိုင်တဲ့ နေရာတဲ့ ။ ဒါကြောင့် အဆင့်အမြင့်ဆုံးဖြစ်အောင် အမြင်ကြိုးစားရမတဲ့ ။ ဒါသည် သာလျှင် ဂျပန် အမျိုးကောင်းသားတို့ ရဲ့ အန္တိမရည်မှန်းချက် ဖြစ်ကိုဖြစ်ရမတဲ့ ။ အဲဒီ ရည်မှန်းချက်ပျောက်ကွယ်တဲ့ နေ့ဟာ ဂျပန်ပြည်ပျက်တဲ့ နေ့ပဲတဲ့ ။ ယောကွဆီးရဲ့ ဩဝါဒနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှ မှတ်ချက်ဝင် မပေးမိဘူး။ သူကလည်း ကျွန်တော့်မှတ်ချက်ကို ဂရုစိုက်ပုံမပေါ်ပါဘူး။ သူ့ရဲ့ ကမ္ဘာတည်သရွေ့ မပြောင်းလဲမယ့် ယုံကြည်ချက်ကြီးကို ကြုံဝါးကြွေးကြော်ပြတာပဲလေ။ ကူမီကို့ အမေကလည်း ထိပ်တန်းအရာရှိကြီးတစ်ယောက်ရဲ့ သမီးပဲ။ တိုကျိုရဲ့ ကောင်းပေ့ ညွှန့်ပေ့ဆိုတဲ့ အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ၊ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး၊ ဆင်းရဲတယ်ဆိုတဲ့ စကားကို စာလုံးတောင် မပေါင်းတတ်တဲ့ ဘွားတော်ဆိုတော့ သူ့ယောကျ်ားရဲ့ ယုံကြည်ချက်ကို မီးလောင်ရာ လေပင့်ပေးတာပေါ့။ တကယ်တော့လည်း ဒီအဖွားကြီးမှာ ကိုယ်ပိုင်အတွေးအခေါ် အယူအဆထင်မြင်ချက်ဆိုတာတွေတောင် ရှိမှ ရှိရဲ့ လား မပြောတတ်ပါဘူးဗျာ။ သူလက်တစ်ကမ်း အလိုလောက် ရောက်လာတဲ့ သေရေးရှင်ရေး ကိစ္စဆိုရင်တော့ မပြောတတ်ဘူး။ မပြောမဖြစ်တဲ့ ကိစ္စ၊ ထင်မြင်ချက် ပေးကိုပေးရမယ့်ကိစ္စ ဆိုရင်တော့ သူ့ယောကျ်ား ထင်မြင်ချက်တွေ သူယူသုံးလိုက်တော့တာပဲ။ ဒါကြောင့် ပဲ အဖွားကြီးမျက်စိဟာ အနီးမှုန်ဖြစ်နေတာနေမှာ ပေါ့။ ပြီးတော့ သူ့ထင်မြင်ချက်လိုလို ဘာလိုလို ဟန်ဆောင်တာ

ပေါ့လေ။

ကျွန်တော့်အထင်တော့ ဒီအဖွားကြီးမှာ ကုလို့ မရလောက်တဲ့ ညာဖြီးရောဂါ စွဲကပ်နေတယ် ထင်တာပဲ။ သူများ အထင် သူများ အမြင်ကို ကိုယ့်အထင်အမြင်လုပ်ပြီး ဖြီးချတဲ့ နေရာတော့ အတော် ...တော်သဗျ။ တကယ်လို့ များ သူ့စိတ်ထဲဝင်ကြည့်လို့ ရခဲ့ရင် ငါ့ယောကျ်ားများ ရာထူးနေရာတည်မြဲရေး ငါ့အရေးဆိုတာနဲ့ ငါသား သူများ မျက်ခုံးမွေးပေါ် စကြ်န်လျှောက်နိုင်ရေး ငါ့အရေးဆိုတာပဲ တွေ့လိမ့်မယ်ထင်တယ်။

နိုဘိုရုဝတရာ ဆိုတဲ့ လူဟာ ဒီလို မိဘနှစ်ပါးရဲ့ ရွှေလိုဥပြီး သွန်သင်ဆုံးမမှုတွေနဲ့ ကြီးပြင်းလာခဲ့တဲ့ လူ။ ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ ဆရာတွေ အိမ်ခေါ်ပြီး ပညာအမွေ အပေးခံခဲ့ရတဲ့ နောက် သူမှ မထူးချွန်ရင် ဘယ်သူက ထူးချွန်ရဦးမှာ လဲ။ အတန်းတိုင်း ထိပ်ဆုံးကအောင်၊ သူ့မိဘတွေကလည်း သူလိုချင်တာ အားလုံးဝယ်ပေးပေါ့လေ။ သူလူငယ်ဘဝမှာ အတန်းတိုင်း နံပါတ်ဝမ်းတစ်၊ ဂဏန်း တစ်ဖြစ်ရေး မဟာရည်မှန်းချက်ကြီးနဲ့ လုံးပန်းနေရတဲ့ အတွက် ပျော်ဖို့ ၊ ပါးဖို့ အချိန်၊ မိန်းကလေးတွေနဲ့ ပရောပရီလုပ်ဖို့ အချိန်မရခဲ့ရှာဘူး။ ဒီလိုနေရတာကို သူနှစ်သက်သလားဆိုတာတော့ ကျွန်တော်မပြောနဲ့ ၊ သူညီမ ကူမီကိုတောင် သေချာမသိဘူး။ နိုဘိုရုဝတရာဆိုတဲ့ လူဟာ သူ့စိတ်ခံစားချက်တွေကို ဘယ်သူမှ ပြောပြရင်ဖွင့်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး ။ သူ့ဘဝလမ်းကြောင်းမှာ ရွေးချယ်စရာဆိုတာလည်း ရှိမှ မရှိခဲ့ဘဲလေ။ ဒီလိုနဲ့ ထိတ်ထိတ်ကြဲ ထိပ်သီးလူမလိုင်သားသမီးတွေနေတဲ့ ပုဂ္ဂလိကအထက်တန်းကျောင်းမှာ ပညာသင်ကြား၊ ပြီးတော့ တိုကျိုတက္ကသိုလ်မှာ ဘောဂဗေဒ ဆက်လေ့ လာပြီး အမြင့်ဆုံးအဆင့်နဲ့ ဘွဲ့ရ။

သူ့အဖေကတော့ သူ့သားကျောင်းပြီးရင် အစိုးရအလုပ် ဝင်ချင်ဝင်၊

ဒါမှ မဟုတ် ကော်ပိရေးရှင်းကြီးတစ်ခုမှာ ဝင်လုပ်စေချင်တယ်။ ဒါပေမယ့် နိဘိရုဝတရာကတော့ ပညာဆင်စွယ် ပလွင်ထက်က မဆင်းချင်ဘူး။ ဒါနဲ့ ပဲ တက္ကသိုလ်က သောတုဇန တစ်ယောက်ဖြစ်လာခဲ့တယ်။ ဒါကလည်း သူ့အခြေအနေ သူသိလို့ ပါ။ ပညာရပ်ဝန်းဆိုတဲ့ ဒေသသည် သာလျှင် သူလိုလူမျိုးနဲ့ အကိုက်ဆုံး မဟုတ်လား။ သူ ယေးလ်တက္ကသိုလ်မှာ ဘွဲ့လွန်တက်တယ်။ ပြီးတော့ တိုကျိုကောလိပ်မှာ ကျောင်းဆရာပြန်လုပ်နေတယ်။ မိဘတွေ စီစဉ်ပေးတဲ့ မိန်းမကိုယူတယ်။ နှစ်နှစ်လောက် ပေါင်းပြီးတော့ ကွဲကြပြဲကြတယ်။

အိမ်ထောင်ကွဲပြီးချိန်ကစလို့ မိဘအိမ်ပြန်လာနေတယ်။ ကျွန်တော် သူ့ကို ပထမဆုံးအကြိမ် စတွေ့တဲ့ အချိန်မှာ တော့ သူဟာ တယူသန်ပညာရှင်ကြီးဂိုက် အပြည့်အဝဖမ်းနေခဲ့ပြီ။ ကူမီကိုနဲ့ ကျွန်တော် လက်ထပ်ပြီးလို့ နှစ်နှစ်လောက်နေတော့ နိဘိရုဝတရာဟာ ခေါင်းအုံးအိပ်လို့ ရလောက်တဲ့ စာအုပ်ထူကြီးတစ်အုပ်ရေးပြီး ထုတ်ဝေတယ်ဗျ။

ဘောဂဗေဒနဲ့ ပတ်သက်လို့ ခေါင်းမူးပြီး မျက်ရည်တောက်တောက် ကျလောက်တဲ့ ပညာရပ်ဆိုင်ရာ စကားလုံးတွေ ပြွတ်သိပ်ထည့်ထားတဲ့ အဲဒီစာအုပ်ကြီးကို ဖတ်ကြည့်ပြီး သူဘာပြောချင်မှန်းတောင် ကျွန်တော် မသိခဲ့ရဘူး။ ယောက်ဖရေးတဲ့ စာအုပ်ဆိုပြီး ကြိုးစားဖတ်ကြည့်ပါသေးတယ်။ ဒါပေမယ့် တစ်မျက်နှာတောင် မဖတ်နိုင်ခဲ့ဘူး။

စာမျက်နှာတိုင်းဟာ ဝှက်စာတွေရေးထားသလိုပဲ။ လိုက်လေဝေးလေ။ မာတိကာ ကစပြီး နားမလည်တာဗျ။ အရေးအသားကလည်း မြင်ဖူးသမျှထဲမှာ အဆိုးဝါးဆုံးပဲ။ လူနားမလည်အောင်ရေးမယ်လို့ သံန္ဓိဋ္ဌာန်ခိုင်ခိုင်မာမာချပြီး ရေးခဲ့သလားတောင် အောက်မေ့ရတယ်။ ဘုန်းကြီးရှုးနဲ့ လှေလူး ပြောရမလား။ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး

ဆိုရမလား။ သူတို့ အသိုင်းအဝိုင်းထဲမှာ တော့ ဒီစာအုပ်ကို သမ္မာကျမ်း နီးပါး ချီးမွမ်းခန်း ဖွင့်ခဲ့ကြသဗျ။ ဝေဖန်ရေးဆရာ တစ်ယောက်များ ဆို ရင် "ရှေးရိုးစွဲ ဘောဂဗေဒ အစွဲအလန်းများကို အမြစ်မှ လှန်ပစ်လိုက်သ ည့် အမြင်သစ် ရှုထောင့်သစ် ဘောဂဗေဒကျမ်းမြတ်မဟာ" ဆိုပြီး လွန် လွန်ကြူးကြူးတွယ်သဗျ။ သူ့ ဝေဖန်ရေးဆောင်းပါးကို ဖတ်ကြည့်တော့ လည်း အဲဒီချီးကျူးထားတဲ့ စာကြောင်းတစ်ကြောင်းပဲ သေသေချာချာ နားလည်တယ်။ မကြာပါဘူး၊ မီဒီယာအတော်များများမှာ နိုဘိုရဝတရာ ကို ခေတ်သစ်သူရဲကောင်းဆိုပြီး လုပ်လာကြပါလေရော။ သူ့စာအုပ်ထဲ က စကားလုံးတွေ အကြောင်းအရာတွေကို ဝေဝေဆာဆာ ကိုးကြ၊ ကားကြ၊ ပြောကြ၊ ဆိုကြတယ်လေ။ သူ့စာအုပ်ထဲက စကားလုံး နှစ်လုံးဖြစ်တဲ့ တဏှာဘောဂဗေဒနဲ့ အီအီးဘောဂဗေဒဆိုတဲ့ စကားလုံး တွေဟာ အဲဒီနှစ်ရဲ့ ရေပန်းအစားဆုံး စကားလုံးတွေဖြစ်လာခဲ့တယ်။ သ တင်းစာတွေ၊ မဂ္ဂဇင်းတွေထဲမှာ လည်း တစ်ခေတ်တစ်ယောက် ပေါ်ထွ န်းလာတဲ့ ဂျပန်သားကောင်း ဉာဏ်ကြီးရှင်ဆိုပြီး သူ့ပုံတွေ မမြင်ချင်မှ အဆုံး။ ဒီလူတွေအားလုံး သူ့စာအုပ်ကို ဖတ်ပြီး ထဲထဲဝင်ဝင် အစအဆုံး နားလည်လိမ့်မယ်လို့ ကျွန်တော်တော့ မထင်ပေါင်ဗျာ။ သူများ ယောင် လို့ သာ လိုက်ယောင်ကြတာ၊ စာအုပ်ကို လှန်တောင် ကြည့်ဖူးကြရဲ့ လား မပြောတတ်ပါဘူး။ အို ... နားလည်လည် မလည်လည် ဘာအရေး တုန်း။ နိုဘိုရဝတရာဟာ လူငယ် လူရွယ် လူလွတ်၊ အများ နားမလည် တဲ့ ကျမ်းမြတ်ကြီးတစ်စောင်ကို အပတ်တကုတ် အားထုတ် ပြုစုတော်မူ ခဲ့သော မဟာပညာကျော်ကြီး ဥစ္စာကို။

ဘာပဲပြောပြော အဲဒီ ကျမ်းမြတ်ကြီးကြောင့် နိုဘိုရဘုန်း မိုးသို့ချုန်းခဲ့ တာတော့ အမှန်ပဲ။ တီဗွီကနေလာတဲ့ နိုင်ငံရေးနဲ့ စီးပွားရေး ဆွေးနွေးခ နန်းတွေမှာ ပြောရေးဆိုခွင့်ရှိသူ တစ်ယောက် ဖြစ်လာခဲ့တယ်။ နိုင်ငံရေး

သမားတွေ အထင်ကြီးတဲ့ ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦးအဖြစ် ထင်ပေါ်လာခဲ့တယ်။ ကူမီကိုနဲ့ ကျွန်တော်အပါအဝင် သူ့ကိုသိကြတဲ့ လူတိုင်း နိုဘိုရုဝတရာဟာ ဒီလို လူလုံး ပြတဲ့ အလုပ်မျိုးနဲ့ အပ်စပ်တဲ့ လူ မဟုတ်ဘူး လို့ ထင်ခဲ့ကြတယ်။ သူဟာ ဝါးလုံးခေါင်းထဲမှာ ပဲ လသာ တတ်တဲ့ လူ။ ရေအိုင်ထဲက ဖားပြုပ်လို ပညာရပ်ဝန်းမှာ ပဲ သာယာတတ်တဲ့ လူလို့ ထင်မိကြတာပေါ့။ ဒါပေမယ့် အဲဒီအထင်တွေ မှားသဗျား။ နိုဘိုရုဝတရာဟာ မီဒီယာအရသာကိုလည်း သိသွားရော၊ မီဒီယာကို ချိုချဉ်လို တပြွတ်ပြွတ် စုပ်နေချင်တော့တာပါပဲ။ အမယ် ... ငနဲက သရုပ်ဆောင်တာလည်း တော်သားဟ။ ကင်မရာကို နည်းနည်းမှ မကြောက်ဘူး။ ကင်မရာရှေ့မှာ နေတဲ့ သူ့ပုံစံကို ကြည့်ရတာ အပြင်လောကမှာ ထက်တောင်ပိုပြီး သက်တောင့်သက်သာ ရှိနေသလိုပဲ။ ကျွန်တော်တို့ လည်း တီဗွီပေါ်မှာ ပေါ်နေတဲ့ သူ့ပုံရိပ်ကိုကြည့်ရင်း ပါးစပ်ကြီးတွေ ဟောင်းလောင်းဟလို့ ပေါ့။ နိုဘိုရုဝတရာဟာ ဈေးကြီးပေ့ဆိုတဲ့ အကောင်းစားဝတ်စုံ၊ လှပေ့ဆိုတဲ့ နက်ခ်တိုင်၊ ကနုကမာ ကိုင်းတပ်မျက်မှန်၊ နောက်ဆုံးပေါ် ဆံပင်ပုံစံနဲ့ ပျံလန်နေတာပဲ။ အပြင်မှာ ဒီလိုဝတ်ထား၊ စားထား၊ သထားတာမျိုး ကျွန်တော် တစ်ခါမှ မတွေ့ဘူးဘူး။ ဒါပေမယ့် သူ့ကြည့်ရတာ မွေးကတည်းက ဒီလိုပဲ တစ်သက်လုံး ဝတ်စားနေထိုင်လာသလို အေးဆေးပဲဗျ။ တီဗွီထဲမှာ သူ့ပုံကို ပထမဆုံးအကြိမ် စမြင်လိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ ဒီလူဟာဘယ်သူလဲ၊ တကယ့် နိုဘိုရုဝတရာအစစ်က ဘယ်ရောက်သွားလဲလို့ တောင် ခံစားမိသေးတယ်။

ကင်မရာရှေ့မှာ သူဟန်က လုံးဝ ပညာရှိစတိုင်လ်ပဲ။ မေးမှ ပြော၊ တီးမှ မြည်တဲ့ စည်ကြီးလို စကားကို အပိုမပြောဘူး။ ပြောလိုက်ရင်လည်း ရှင်းကနဲ၊ လင်းကနဲပဲ။ နိုင်ငံရေး စကားရည်လုပွဲတွေဟာ သိကြတဲ့အတိုင်း ဇာတ်ရှိန်တက်လာရင် ဂျပန်ထုံးစံ သောက်ခွက်ကြီးတွေရဲ

လာပြီး ကြုံးအော်၊ ကုန်းအော်ကြတာမဟုတ်လား။ နိဘိုရုဝတရာက တော့ လုံးဝပုံစံမပျက်ဖူး။ အော်ဖို့ နေနေ သာသာ မျက်နှာတစ်ချက်မပျက်ဖူး။ သူ့ ပြိုင်ဖက်က ရိသဲ့သဲ့လုပ် လာပြီ စိန်ခေါ် လာပြီဆိုရင် သူက လမ်းဖွင့်ပေးလိုက်တယ်။ ဟိုက ပြောရင်းပြောရင်း ကရားရေလွှတ်ပါးစပ်ဘရိတ်ပေါက်လာချိန်ကြမှ အများ စောင့်ဖမ်းပြီး ပယ်ပယ်နယ်နယ် တွယ်တယ်။ မကြာပါဘူး။ မျက်နှာမှာ အပြုံးတစ်ပွင့် တပ်ထားပြီး ပြိုင်ဘက်ကို ပွဲသိမ်းဒူးနဲ့ တိုက်တဲ့ နေရာမှာ သူဟာ ဆရာတစ်ဆူဖြစ်လာခဲ့တယ်။ ဒီလိုနဲ့ မြင်ပါများ လာတဲ့ အခါ တီဗွီဖန်သားပြင်ပေါ်မှာ မြင်ရတဲ့ နိဘိုရုဝတရာဟာ တကယ့် နိဘိုရုဝတရာထက် ပိုတော်၊ ပိုတတ်၊ ပိုပြီး လူသားဆန်နေသလိုလို တောင်ဖြစ်လာတယ်။ တကယ်က နိဘိုရုဝတရာဟာ ကြည့်လို့ ရှုလို့ ကောင်းတဲ့ အမျိုးအစားမျိုး မဟုတ်ဘူး ။ ပိန်ပိန်ရှည်ရှည်၊ရိုးကြီးဂေါင်ဂင်နဲ့ ကြောင်တက်တက်လူတစ်ယောက်ပဲ။ ဒါပေမယ့် ဖန်သားပြင်ပေါ်ရောက်တော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ အတော်ကြည့်ကောင်းတဲ့ လူတစ်ယောက်ဖြစ်လာတယ်။ ကြည့်ရတာ မီဒီယာနဲ့ သူနဲ့ ဓာတ်တည့်တယ်ထင်ပါရဲ့ ။ ဓာတ်တူ နာမ်တူဆေးဖက်ယူနေမှာ ပေါ့။

နောက်ပိုင်းကျတော့လည်း သတင်းစာထဲမှာ ပဲဖြစ်ဖြစ်၊ တီဗွီထဲမှာ ပဲဖြစ်ဖြစ် နေရာတိုင်းမှာ သူ့မျက်နှာဖြစ်လာတော့တာပါပဲ။ ရှောင်လို့ ကို မလွတ်နိုင်တော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ တော်တော့ အတော်တော်တဲ့ လူဆိုတာကတော့ ငြင်းမရဘူးဗျ။ အထူးသဖြင့် ပြိုင်ဖက်ကို နှိပ်ကွပ်တဲ့ နေရာမှာ သူတော်တော် ပါရမီပါတယ်။ ဒါပေမယ့် သူပြောနေတာတွေ၊ သူရေးထားတာတွေကို ဆက်တိုက်နားထောင်ကြည့်၊ ဖတ်ကြည့်၊ သူ့စကားလုံးတွေဟာ ခုတစ်မျိုး တော်ကြာတစ်မျိုး ဆိုတာတွေ့ရလိမ့်မယ်။ တကယ်တော့လည်း သူ့ပါရမီက သူ့ရဲ့ တစ်ဖက်စောင်းနင်း အတွေးအမြင် အားလုံးကို သပ်သပ်ရပ်ရပ် ပေါင်းစပ်စုစည်းထားတဲ့

ဟာမျိုးကိုးဗျ။ ဒီပညာသိုက်ကြီးထဲကမှ ဆူရာရွေးနှုတ်သည်းခြေထုတ်ပြီး သူကြိုက်တာလေးတွေ ရွေးထုတ်ကိုး ကားတာကိုး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေမှာ သူ့ရဲ့ အတွေး အမြင်တွေဟာ တစ်ဖက်စောင်းနင်းတွေချည်းပဲ။ ကြံဖန်ချီးကျူး ရရင် တော့ တသမတ်တည်းကို တစ်ဖက်စောင်းနင်းနေတော့တာပဲလို့ ပြောရ မပေါ့ဗျာ။ တီဗွီ စကားရည်လုပွဲတွေမှာ သူနဲ့ပါများ လာတော့ ကျွန်တော် တစ်ခုသတိထားမိလာတယ်။ နိဘိုရုဝတရာဟာ တိုက်စစ်သမားသက်သ က်ပဲ။ ခံစစ်မရှိဘူး။ ဘယ်လို ခံစစ်စည်းချရမယ်ဆိုတာတောင် သူသိပုံမ ရဘူး။ ပြိုင်ဘက်ကို စုတ်ပြတ်သတ်သွားအောင် တက်တိုက်ဖို့ ၊ နလန်မ ထူနိုင်အောင်နှာဖို့ က သူ့ရဲ့ အန္တိမရည်မှန်းချက်ပဲ။ ပြိုင်ဘက်ရဲ့ အခြေအ နေကိုကြည့်ပြီး တိုက်စစ်ဗျူဟာ ပြောင်းတတ်တဲ့ နေရာမှာ တော့ သူဟာ ဝိဇ္ဇာပဲ။ ပရိသတ်ကလည်း ဒါကို အသည်းစွဲကြိုက်ကြတော့ သူ့ရည်မှန်း ချက် အောင်မြင်တယ် ဆိုရမှာ ပေါ့။

သူ့ရဲ့ တစ်ခြား မဟာဗျူဟာတစ်ခုကတော့ ပညာရပ်ဆိုင်ရာ စကား လုံးတွေဖောဖောသီသီ သုံးခြင်းပေါ့။ သူ့စကားလုံးတွေကို ဘယ်သူနား လည်လည် မလည်လည် သူဂရုမစိုက်။ ပြောဖို့ က သူ့အလုပ်၊ နားလည် အောင်လုပ်ဖို့ က ပရိသတ်အလုပ်လို့ ခံယူလေသလား မပြောတတ်ပါဘူး ။ သူဘာအကြောင်းပြောပြော အဆင့်မြင့်သချိုဖြစ်တဲ့ စာရင်းအင်းဗေဒ က အမြဲပါတယ်။ တကယ်တော့လည်း စာရင်းအင်းဗေဒဟာ သူဦးနှော က်ထဲမှာ လှိုဏ်ခေါင်းတူးပြီး နေရာယူထားတယ် ထင်ပါရဲ့ ။ ပီဘဲလူး၊ ကွန်ဖြဒန့်၊ အင်တာဗယ်၊ အီကိုနိုမက်ထရစ်၊ လောဂျစ်ရီဂရက်ရှင်း၊ မန်း-ဂ္ဂစ် တနီ ယူတက်စ်၊ ကော်လ်မိုဂမော့...စမီးယားနော့ဗ်တက်စ်၊ ဘာညာ သာရကာ ပါးစပ်ကြီးနဲ့ တစ်လုံးပြောရင် ပရိသတ်ကလည်း ငြိမ်ကုပ်လို့ ။ စောဒက တက်ရဲတဲ့ လူကို တစ်ယောက်မှ မရှိ။ မီဒီယာမှာ သူအဲသလို

လူပါးဝနေတာကို မြင်ရလေ၊ ကျွန်တော်သူ့ကို သောက်မြင်ကပ်လေပါပဲ။ ဘာလို့ သောက်မြင်ကပ်တာတုန်းဆိုတော့ ကပ်ချင်လို့ ကပ်တာပေါ့ဗျ။ သောက်မြင်ကပ်ရခြင်း အကြောင်းရင်းကို ကျိုးကြောင်းညီညွတ်စွာ ရှင်းပြနေစရာလိုလို့ လား။ ဒါပေမယ့် သူသောက်မြင်ကပ်ရတာ ကိုယ့်ဖက်က အစစအရာရာရှုံးသဗျား။ ဒီလို ထိပ်ထိပ်ကြဲပညာရှင် ယောက်ဖကို သောက်မြင်ကပ်တယ်ဆိုတော့ မနာလိုလို့ ပဲ ဖြစ်ရမယ်လို့ ထင်ကြမှာ မဟုတ်လား။ ဒီတော့ ကျွန်တော့်မှာ လေဖမ်းပြီးဒန်းစီးရသလို၊ သရဲနဲ့ လက်ဝှေ့ထိုးရသလို ဖြစ်နေတော့တာပေါ့။ ဂျပန်က တော်ပေ့ ထူးချွန်ပေ့ဆိုတဲ့ ထိပ်တန်းပညာရှင်တွေကတောင် လေးစားခန့်ငြားရတဲ့ ပညာပဲကြီး နိဘိုရဝတရာကို သောက်မြင်ကပ်မိ အပြစ်ရှိဆိုသလို ဖြစ်နေပါပေါ့လား။

ဒီလိုနဲ့ ပဲ နိဘိုရ ဝတရာဟာ အကောင်းတကာတို့ ထက် သာလွန်ကောင်းမွန်သော၊ ထိပ်တန်းတကာတို့ ထက် ထိပ်တန်းပိုကျသော ဝါသနာဘာဂီ ဆက်တိုင်းမှီသည့် ဝမ်းတွင်းပါ ပညာရှင်ကြီးတစ်ယောက်လို ကျော်ကြားသထက် ကျော်ကြားလာတော့တယ်။ တစ်ဖက်စောင်းနင်းတွေ နှစ်ဖက်စောင်းနင်းတွေ သတိမထားမိကြတော့ဘူး။ ပြောလေ ကြိုက်လေ၊ စွာလေ တော်လေဖြစ်လာတယ်။ တနလ်ာနေ့ အင်တာဗျူးမှာ တစ်မျိုးပြော၊ ကြာသာပတေးနေ့ စကားရည်လုပွဲမှာ နောက်တစ်မျိုးထပ်ပြောလည်း အားလုံးက သူလုပ်သမျှ ဟုတ်သပဲ။

* * *

ကူမီကိုနဲ့ ကျွန်တော် လက်ထပ်ကြမယ်လို့ ဆုံးဖြတ်ပြီးတဲ့ အချိန်မှာ နိဘိုရဝတရာနဲ့ ပထမဆုံးအကြိမ် နဖူးတွေ့ဒူးတွေ့တွေ့ဖူးခဲ့တယ်။ ယော

ကွမ်ထီးကြီးနဲ့ မတွေ့ခင် ယောက်ဖလောင်းနဲ့ အရင်တွေ့ပြီး စကားပြောကြည့်မယ်လို့ အဲဒီတုန်းက မိုက်မိုက်မဲမဲ တွေးခဲ့မိတယ်။ သက်တူရွယ်တူ နီးပါးဆိုတော့ အဖိုးကြီးထက်စာရင် သူကပိုပြီး နားလည်မှုရှိမယ်လို့ ထင်ခဲ့မိတာပေါ့။

ကူမီကို ကတော့ ပြောရှာပါသေးတယ်။

"သူ့ဆီက အကူအညီရဖို့ တော့ သိပ်မျှော်လင့်မနေနဲ့ နော် ကို၊ သူက လူတစ်မျိုးရယ်"

"အို ... ဘာပဲဖြစ်ဖြစ် အနေးနဲ့ အမြန်တော့ တွေ့ရမှာ ပဲ မဟုတ်လား "

"အင်းလေ ...ဒါတော့ဟုတ်ပါတယ်"

"ကြိုးတော့ ကြိုးစားကြည့်ရမှာ ပေါ့ မ-ရယ်"

"ကို့သဘောပဲ၊ တွေ့ချင်လည်း တွေ့ကြည့်ပေါ့"

ဒီလိုနဲ့ သူ့ဆီ ကျွန်တော်ဖုန်းဆက်တယ်။ ကူမီကို သတိပေးထားသလိုပါပဲ။ နိုဘိုရဝတရာဟာ ကျွန်တော်နဲ့ တွေ့ဖို့ ကိစ္စကို အေးစက်စက်လုပ်နေတယ်။ တွေ့ချင်သပ ဆိုရင်တော့ နာရီဝက်လောက် အချိန်ပေးမယ်လေတဲ့ ။ ဒါနဲ့ ပဲ အိုချာနိမိဇု ဘူတာရုံနားက ကော်ဖီဆိုင်လေးမှာ တွေ့ဖို့ ချိန်းလိုက်မိတယ်။ အဲဒီတုန်းက သူဟာ ကျူတာပေါက်စပဲ ရှိသေးတယ်။ ဘာစာအုပ်မှ လည်း မရေးရသေးဘူး။ ဘာကောင်မှ လည်း မဖြစ်သေးဘူး။ ဒါပေမယ့် ပညာရှင်ဂိုက်ကတော့ အပြည့်ပဲ။ ဆံပင်က ရှည်ရှည်၊ ညှင်းသိုးသိုး၊ ဝတ်ပုံစားပုံက ကပေါက်တိ ကပေါက်ချာနဲ့ ပိုက်ဆံဆိုတာ တစ်ခြားဂြိုဟ်ကအရာလို သဘောထားပြီး ပညာရပ်ဝန်း၌ သာ ပျော်မွေ့တော်မူသော ပါမောက္ခကြီး စတိုင်လ်မျိုးနဲ့ ပေါ့။ ခုမှ စာမျက်နှာ တစ်သိ

နှ်းလောက်ရှိတဲ့ ကျမ်းကြီးတစ်စောင်ကို အပြီးသတ်ပြုစုပြီး ဗဟိုစာကြည့်တိုက်က ထွက်လာတဲ့ အိပ်ချင်မူးတူး မျက်လုံးမျိုးနဲ့ ။ ဒါပေမယ့် အဲဒီမျက်လုံးတွေကို အသေအချာ ကြည့်ရင် အေးစက်စက်နဲ့ ရက်စက်တတ်တဲ့ အင်္ဂေအသက်တွေ လွှမ်းနေတာကို တွေ့ရလိမ့်မယ်။

ကျွန်တော် ကိုယ့်ကိုယ်ကို မိတ်ဆက်တယ်။ မကြာခင် ကူမီကိုနဲ့ လက်ထပ်ဖို့ ပြင်ဆင်နေတယ်လို့ ခပ်တိုတိုနဲ့ ရိုးရိုးသားသားပဲ ပြောပြလိုက်တယ်။ ဥပဒေ အကျိုးတော်ဆောင် အလုပ်လုပ်တယ်။ ဒါပေမယ့် ဒီအလုပ်ဟာ ကျွန်တော်နဲ့ မကိုက်ဘူး။ ဘာလုပ်ချင်တယ်ဆိုတာ သေချာမသိဘူး။ ရှာနေတုန်းပဲလို့ ပြောပြလိုက်တယ်။ ကိုယ်ဘာလုပ်ချင်မှန်း ကိုယ် သေချာမသိတဲ့ လူတစ်ယောက်နဲ့ ခင်ဗျား ညီမကို လက်ထပ်ပေးရမှာ တစ်မျိုးကြီးဖြစ်နေမှန်းသိပေမယ့် ကျွန်တော် ခင်ဗျားညီမကို တကယ်ချစ်တာပါခင်ဗျာလို့ လည်း ပြောလိုက်တယ်။ ကူမီကို့ကို ကျွန်တော် ပျော်အောင်ထားမယ်။ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် နားလည်မှုတွေ ရှိနေကြပြီလို့ လည်း ထည့် ပြောတယ်
။

ဒါပေမယ့် ကျွန်တော့်စကားလုံးတွေဟာ နိုဘိုရဝတရာဆိုတဲ့ ကျောက်တောင်ကြီးနဲ့ ရိုက်ခတ်မိပြီး ကွဲကြေလွင့်စင်သွားသလိုပါပဲ။ သူ ဘာတစ်ခွန်းမှ မပြောဘဲ လက်ပိုက်ပြီး ကျွန်တော်ပြောတာကို ပေနားထောင်နေတယ်။ ကျွန်တော်ပြောပြီးသွားတဲ့ အထိ တုပ်တုပ် မလှုပ်ဘဲ ထိုင်နေတယ်။ ကြည့်ရတာ တစ်ခုခုကို စဉ်းစားနေသလိုပဲ။

ပထမတော့ သူဒီလိုဖြစ်နေတာ အခြေအနေကြောင့် ပဲလို့ ကျွန်တော် ထင်မိတာပေါ့။ဘယ်သူပဲဖြစ်ဖြစ် တစိမ်းတစ်ယောက် ရုတ်တရက် ဘွားကနဲပေါ် လာပြီး ကျွန်တော် ခင်ဗျားညီမနဲ့ ယူတော့မဗျာလို့ လာပြောရင်

ဒီလိုပဲ ကြောင်အမ်းအမ်းဖြစ်ကြမှာ ပဲ။ ဒါပေမယ့် တကယ်တမ်း စိတ်မသက် မသာကြီးဖြစ်နေတာက သူ မဟုတ်ဘူး ။ သူ့ရှေ့မှာ ထိုင်နေတဲ့ ကျွန်တော်ရယ်။ နေရင်းထိုင်ရင်းက ဘယ်လိုကြီးဖြစ်လာမှန်းကိုမသိဘူး။ ရင်ထဲမှာ အိုနေသလိုလို၊ ပါးစပ်ထဲမှာ ချဉ်စုပ်စုပ်ကြီး ဖြစ်လာ သလိုလို။ နို့ဘိုရဝတရာက ကျွန်တော့်ကို ဘာလုပ်လို့ လဲဆိုတော့ ဘာမှ မလုပ်ဘူးဗျ ။ ဒီအတိုင်း သူ့မျက်ခွက်ကြီးကို ထိုင်ကြည့်နေရင်းက အဲသလိုကြီးဖြစ်လာတာ။ သူ့မျက်နှာကြီးဟာ မျက်နှာဖုံး တစ်ထပ် စွပ်ထားသလိုပဲ။ သူ့ပင်ကိုယ်မျက်နှာလို့ ကို ကျွန်တော် မထင်ဘူး။ တစ်ခုခုမှားနေတယ်လို့ ပဲ ထင်မိပြီး စိတ်ထဲမယ် တစ်မျိုးကြီးဖြစ်လာတယ်။

ကျွန်တော် ထပြေးချင်လာမိတယ်။ ဒါပေမယ့် အောင့်အည်းသည်းခံပြီး ဆက်ထိုင်နေလိုက်တယ်။ ကော်ဖီကြက်သီးနွေးကလေးကို ကျိုက်ချရင်း သူဘာပြောမလဲဆိုတာ စောင့်နေမိတယ်။

သူ စကားစပြောပြီ။ အားအင်ကို မလိုအပ်ဘဲ မသုံးချင်လို့ လားတော့ မသိဘူး။ သူ့အသံဟာ တိုးတိုးလေး။ ကိုယ့်ဖင်ကိုယ်ကြား အသံမျိုးဆိုပါတော့။

"အင်း ... အမှန်အတိုင်းပြောရရင် ခင်ဗျားဘာပြောနေမှန်း ကျွန်တော်မသိဘူး။ စိတ်လည်း မဝင်စားဘူးဗျ။ ကျွန်တော်စိတ်ဝင်စားတဲ့ ကိစ္စတွေကိုလည်း ခင်ဗျားနားလည်မယ်၊ စိတ်ဝင်စားမယ် မထင်ဘူး။ ဒီတော့ ခင်ဗျားနဲ့ ကူမီကို တစ်ယောက်နဲ့ တစ်ယောက် လက်ထပ်ကြဖို့ ဆန္ဒရှိတယ်ဆိုရင် ခင်ဗျားတို့ သဘောအတိုင်းလုပ်ကြပေါ့။ ကျွန်တော် ဘာမှ ဝင်မပြောချင်ဘူး။ တစ်ခုတော့ သိထားစေချင်တယ်။ ခင်ဗျား နောက်တစ်ခါ ဒီကိစ္စအတွက်နဲ့ ကျွန်တော့်အချိန်တွေကို လာမဖြုန်းပါနဲ့ "

သူ အဲသလို ပြောပြီးတော့ နာရီကြည့်ပြီး မတ်တပ်ထရပ်လိုက်တယ်။ သဘောထားကတော့ ရှင်းသလားမမေးနဲ့ ။ သူ့ထက်ရှင်းတာတောင် သူ့လောက်မရှင်းဆိုတဲ့ အစားမျိုးပဲ။ ဒီလိုနဲ့ ကျွန်တော်တို့ နှစ်ယောက် ခွဲခွာခဲ့ကြတယ်။

ကူမီကိုနဲ့ လက်ထပ်ပြီးတဲ့ နောက်ပိုင်း သူနဲ့ကျွန်တော် ရှောင်လို့ မရတဲ့ အခါတွေမှာ စကားတစ်လုံးစ၊ နှစ်လုံးစတော့ပြောမိကြပါတယ်။ ဒါပေမယ့် စကားလက်ဆုံကျတဲ့ ဆိုတဲ့ အခြေအနေမျိုးတော့ တစ်ခါမှ မရောက်ရေးချမရောက်။ သူပြောခဲ့သလိုပဲ ကျွန်တော်တို့ နှစ်ယောက်မှာ ဘာဆိုဘာမှ တူတာမရှိတဲ့ အတွက် ဘာမှ စကားလက်ဆုံကျနေစရာ အကြောင်းလည်း မရှိဘူးပေါ့။ ဒလိုင်းလားမားကြီးကို ဂျက်စ်ဂီတသမားအီးရစ်ဒေါလ်ဖီက ကလဲရီးနက်အသံသာဖို့ ဘယ်လိုမှုတ်ရတယ်ဆိုတာ ရှင်းပြတာကမှ ကျွန်တော်နဲ့ နိုဘိုရုဝတရာတို့ နှစ်ယောက် ပြောကြတဲ့ စကားဝိုင်းထက် လွယ်ချင်လွယ်လိမ့်ဦးမယ်။ ကျွန်တော်က တစ်ခြားလူတစ်ယောက်ယောက်နဲ့ နှစ်ရှည်လများ ပဋိပက္ခဖြစ်တယ် ဆိုတာမျိုး အတော်ရှားတယ်။ ပါရမီလို့ ပဲ ပြောရမလားမသိဘူး။ တစ်ယောက်ယောက်ကို အကြာကြီးမုန်းတီး စိတ်ဆိုးနေတာမျိုး မလုပ်တတ်ဘူး။ ပြီးပြီးရော မေ့ပစ်လိုက်တာများ တယ်။ မမေ့နိုင်ရင်လည်း အာရုံပြောင်းပစ်လိုက်တာပဲ။ ဘယ်လောက်ပဲ နာလိုခံခက်ဖြစ်စရာ ကိစ္စမျိုးပဲဖြစ်ဖြစ် အနေးနဲ့ အမြန် ကျွန်တော် မေ့သွားတာချည်းပဲ။ ဒီလိုမျိုးတစ်သက်လုံးနေလာတော့ သောကကင်းဝေးနေနိုင်ရေးအတွက် စီမံခန့်ခွဲနိုင်သူ တိုရုအိုကာဒါအဖြစ် ကြံဖန်ဂုဏ်ယူမယ်ဆိုရင်တောင် ယူလို့ ရလာတယ်။

ဒါပေမယ့် နိုဘိုရုဝတရာနဲ့ တွေ့တဲ့ အခါမှာ တော့ ကျွန်တော့်ပါရမီတွေ အကုန်လုံး ကျွမ်းသဒ္ဒါလန်သွားသလိုပါပဲ။ ကူမီကို့အဖေ ကျွန်တော့်ယောကျ္ဃထီးကြီးဟာ အမြင်ကပ် စရာကောင်းတာမှန်တယ်။ ဒါပေမယ့်

သူဟာသူ တစ်ဇောက်ကန်းနေတာတစ်ခုကလွဲလို့ အပြစ်ပြောစရာ သိပ်မရှိလှဘူး။ ကျွန်တော်က ဒီလိုလူစားမျိုးနဲ့ ပတ်သက်တဲ့ ခံစားချက်တွေကို အလွယ်တကူ မေ့ပစ်လိုက်လို့ ရတယ်။ နိဘိုရဝတရာကတော့ မရဘူးဗျား။ သူကတော့ ကျွန်တော့်ကို ရှိတယ်လို့ ကိုမထင်တာ။ အရေးတယူကို မလုပ်တာ။ လူတစ်ယောက်လိုကို မသတ်မှတ်တာ။ သူအရေးတယူလုပ်ပြီး စကားပြောရမယ့် အဆင့်မရှိဘူးလို့ ကို သဘောထားတာ။

ပထမဆုံးအကြိမ် သူနဲ့ တွေ့ပြီးကတည်းက သူ့ကို သောက်မြင်ကပ်တဲ့ စိတ်ဟာ စွဲကျန်ခဲ့တယ်။ နေရာတိုင်းမှာ လမင်းသာဆိုသလို စားချိန်၊ သောက်ချိန်၊ စာဖတ်ချိန်၊ ဘေ့စ်ဘောကစားချိန် အချိန်အားလုံးမှာ လက်ပိုက်ပြီး မျက်နှာသေကြီးနဲ့ ကျွန်တော့်ကို ထိုင်ကြည့်နေတဲ့ သူ့ပုံစံကို မျက်စိထဲ မြင်နေမိတယ်။ သူ့ပုံရိပ်ကို မျက်စိထဲမြင်လာတိုင်း အသားတွေ ဆတ်ဆတ်တုန်အောင် ဒေါသထွက်မိတယ်။

သူနဲ့ တွေ့ပြီးနောက်ပိုင်း ကူမီကိုက သူ့အကိုကို ဘယ်လိုမြင်လဲလို့ မေးလာတယ်။ ကျွန်တော် ဘယ်လိုဖြေရမလဲ။ အမှန်အတိုင်းဖြေဖို့ ဆိုတာ လွယ်တဲ့ ကိစ္စ မဟုတ်ဘူး ။ ဒါနဲ့ ပဲ ကျွန်တော် ဘာမှ မပြောလိုက်ပါဘူး။ သူက တစ်ခြားလူတွေနဲ့ မတူဘူး။ တစ်မျိုးပဲနော်ဆိုတဲ့ စကားတစ်ခွန်းပဲ အဲဒီတုန်းက ကျွန်တော့်ပါးစပ်က ထွက်ခဲ့တယ်။ တစ်ခြားစကားတွေ ပြောတော့ပြောချင်သား။ ဒါပေမယ့် ပါးစပ်က မထွက်ဘူးလေ။ ကူမီကိုကတော့ ခေါင်းညိတ်ပြရုံတယ်။

ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကစပြီး နိဘိုရဝတရာဟာ ကျွန်တော့် စိတ်ထဲမှာ မသိမသာ စွဲကပ်လာတဲ့ နာတာရှည် အဖျားတစ်မျိုးလိုဖြစ်လာခဲ့တယ်။ ကျွန်တော့်အိမ်မှာ တီဗွီမရှိပါဘူး။ ဒါပေမယ့် ကြုံလို့ ကြိုက်လို့ တီဗွီကြည့်မိတိုင်း သူ့သောက်ခွက်ကြီးကို အော်ဂလီဆန်စရာကောင်းလော

က်အောင် တန်းမြင်ရတော့တာပဲ။ ဆေးခန်းမှာ ဆရာဝန် အလာကိုစောင့်ရင်း မဂ္ဂဇင်း တစ်စောင်စောင် ကောက်လှန်လိုက်ရင်လည်း တွေ့ရပြန်ပြီ ဒီမျက်ခွက်၊ ဖတ်ရပြန်ပြီ သူ့ဆောင်းပါး။ ကြည့်ရတာတော့ နိုဘိုရုဝတရာဟာ ကျွန်တော် ကျင်လည်ကျက်စားတဲ့ လောကကမ္ဘာမှာ ထောင့်တစ်နေရာရာက ချောင်းပြီး အလှည့်ကျတော့ မန္တစ်စတမ်း ထွက်ထွက်ပြီး လူလုံးပြနေသလားတောင် အောက်မေ့ရတယ်။

အင်းပေါ့လေ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့။ တွေ့တော့လည်း ရဲရဲရင်ဆိုင်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ဒီငနဲကို သောက်ကျိုးနည်း မုန်းတာတော့ အသေအချာ ပဲ။

* * *

(၇)
ရွှင်ပျော်ပျော် ဒိုဘီ သမားများ နှင့် မဖိတ်ခေါ်ဘဲ ရောက်လာသော ကာနိုု

ဘူတာရုံနားက ဒိုဘီဆိုင်ကို ကူမီကို့ ဘလောက်စ်အင်္ကျီနဲ့ စကတ်တစ်ထည် သွားအပ်လိုက်တယ်။ ပုံမှန်အားဖြင့်တော့ အိမ်နားက ဒိုဘီဆိုင်မှာ ပဲ နီးနီးနားနား အပ်တာများ ပါတယ်။ ကူမီကို ကတော့ ဘူတာရုံနားက ဒိုဘီဆိုင်ကို ပိုသဘောကျပုံ ရတယ်လေ။ ရုံးသွားရင် ဝင်အပ်၊ ရုံးပြန်ရင် ဝင်ယူရုံပဲတဲ့ ။ နည်းနည်းလေး စျေးပိုကြီးပေမယ့် သူတို့ ဆိုင်က ပိုသပ်ရပ်သတဲ့ ။ သူ့အဝတ်အစား ကောင်းကောင်း တွေဆို သူ အဲဒီ ဒိုဘီဆိုင်မှာ ပဲ အပ်တယ်။ ဒါနဲ့ ပဲ ကျွန်တော် စက်ဘီးလေးစီးပြီး သူ့အဝတ်တွေကို အဲဒီ ဒိုဘီဆိုင် သွားအပ်ပေးမိတာပေါ့။

ချည်ဘောင်းဘီ အစိမ်းရောင်တစ်ထည်ရယ်၊ ကျွန်တော် စီးနေကျ တင်းနစ်ဖိနပ်တွေရယ်၊ ကူမီကို လက်ဆောင်ရထားတဲ့ ဗန်ဟယ်လန် တီရှပ်အဝါရောင်တစ်ထည်ရယ် ကောက်ဝတ်ပြီး ဒိုဘီအပ်ဖို့ ထွက်လာခဲ့တယ်။ ဒိုဘီဆိုင်ပိုင်ရှင်ကတော့ ပထမတစ်ခေါက် ရောက်တုန်းကလို သူ့ဂျွီစီ ကက်ဆက်ကြီးကို အသံကုန်ဖွင့်ထားတယ်။ အန်ဒီဝီလီယံရဲ့ ဟာဝေယန် လက်ထပ်မင်္ဂလာ ဆိုတဲ့ သီချင်းပေါ့။ ကျွန်တော်လည်း ဝင်လာရော၊ အဲဒီသီချင်းက ပြီးရော၊ ကနေဒီယန် နေဝင်ချိန်ဆို တဲ့ သီချင်း စပါလေရော။ ဒိုဘီဆိုင်ပိုင်ရှင်က ကြည့်ရတာ အတော်ပျော်နေပုံရတယ်။ ကနေဒီယန် နေဝင်ချိန်သီချင်းကို ရွှင်နေအောင် လေလိုက်ချွန်ရင်း ဒိုဘီစာ

ရင်းတွေ ဘုတ်အုပ်တစ်ခုထဲမှာ မှတ်နေတယ်။ တိတ်ခွေတွေ တင်ထား တဲ့ စင်ပေါ်မှာ ဆာဂျီယိုမန်ဒက်စ်၊ ဘတ်ထ်ကန့်ဖတ်ထ်၊ ၁၀၁ စထရင်း အခွေတွေ တွေ့ရတယ်။ အင်း ... ဒီငနဲက အပေါ့စားသီချင်းတွေ ကြိုက်ပုံပဲ။ ကြည့်ရတာ အယ်လ်ဘတ်အိုင်လာတို့၊ ဒွန်ချာရီတို့၊ ဆီဆေးတေလာတို့လို့ ဂျက်စ်ပညာရှင်တွေရဲ့ ဂီတကို ကြိုက်တဲ့ သူတွေဟာ ဘယ်တော့မှ ဘူတာရုံနားက ဒိဘီဆိုင်ပိုင်ရှင် မဖြစ်နိုင်ဘူးထင်တယ်။ ဖြစ်ခဲ့ရင်လည်း ခုငနဲလို ရွှင်ပျော်ပျော် ဒိဘီသမားတွေတော့ဖြစ်လာမယ် မထင်ဘူး။

အစိမ်းရောင်ပန်းခက်ကလေးတွေနဲ့ ဘလောက်စ်အင်္ကျီနဲ့ ပင်စိမ်းရောင်စကတ်ကို ကောင်တာပေါ် တင်ပေးလိုက်တယ်။ ဆိုင်ရှင်က အဝတ်အစားတွေကို လှန်လှောကြည့်ပြီး ဘောက်ချာထဲမှာ ဘလောက်စ်နှင့် စကတ်လို့ ရေးချလိုက်တယ်။ သူ့လက်ရေးက ရှင်းရှင်းလင်းလင်း၊ သပ်သပ်ရပ်ရပ်ပဲ။ လက်ရေးလှတဲ့ ဒိဘီဆရာတွေကို ကျွန်တော်သဘောကျတယ်။ အန်ဒီဝီလီယံလည်း ကြိုက်တတ်တယ်ဆိုတော့ အတိုင်းထက်အလွန်ပေါ့။

“မစ္စတာ အိုကာဒါနော်”

ကျွန်တော်က ဟုတ်ကြောင်း ထောက်ခံလောက်တယ်။ သူက ဘောက်ချာမှာ ကျွန်တော့်နာမည်ရေးပြီး ကာဗွန်ကော်ပီကိုပေးတယ်။

“နောက်အပတ် အင်္ဂါနေ့ဆိုရပါပြီ။ ရွေးဖို့ လည်း မေ့မနေနဲ့ ဦးနော်။ မစ္စအိုကာဒါရဲ့ အဝတ်အစားတွေ မှတ်တယ်”

“ဟုတ်ပါ့ဗျား”

“ကောင်းတယ်ဗျာ၊ အတော်လှတဲ့ အင်္ကျီနဲ့ စကတ်ပဲ”

ကောင်းကင်မှာ တိမ်မည်းတစ်လွှာ ဖုံးနေပြန်ပြီ။ ဒီနေ့ မိုးရွာမယ်လို့

မိုး၊ ဇလက ခန့်မှန်းထားတယ်။ ကိုးနာရီခွဲနေပြီ။ လမ်းပေါ်မှာ ထီးတစ်ဖက်၊ လက်ဆွဲသေတ္တာတစ်ဖက် ကိုင်ပြီး ဘူတာရုံကို အပြေးတစ်ပိုင်းချီတက်နေကြတဲ့ လူတွေနဲ့ ပြည့်နေတုန်း။ ထုံးစံအတိုင်း အကြောင်းအမျိုးမျိုးကြောင့် အလုပ်နောက်ကျတဲ့ လူတွေပေါ့။ ရာသီဥတုက လှောင်အိုက်အိုက်နဲ့ ချွေးပြန်ချင်စရာ။ ဒါပေမယ့် အ လုပ်သွားနေကြတဲ့ ငနဲတွေကတော့ ဝတ်စုံပြည့်ဝတ်ပြီး ရှူးဖိနပ်မည်းပြောင်ကြီးတွေကိုယ်စီနဲ့ ။ ဘယ်သူမှ ကျွန်တော့်လို အလကားရတဲ့ ဗန်ဟယ်လန် တီရှပ်အဝါတွေ ဝတ်မထားကြဘူး။ ကုမ္ပဏီ တံဆိပ်ကလေးတွေ ကိုယ်စီတတ်ပြီး သတင်းစာကိုယ်စီ ချိုင်းကြားညှပ်ထားကြတယ်။ ရထားမီအောင် အပြေးတစ်ပိုင်း သုတ်ခြေတင်နေကြတယ်။ ဘာလိုလိုနဲ့ ဒီမြင်ကွင်းမျိုး မမြင်ရတာတောင် အတော်ကြာသွားခဲ့ပြီ။

စက်ဘီးကိုနင်းရင်း အိမ်ပြန်တော့ ကျွန်တော် ကနေဒီယန်နေဝင်ချိန်သီချင်းကို လေချွန်နေမိတယ်။

* * *

မနက် ဆယ့်တစ်နာရီတိတိမှာ မော်လ်တာကာနို ဖုန်းဆက်တယ်။

“ဟယ်လို၊ မစ္စတာ တိုရု အိုကာဒါ အိမ်ကလားရှင်”

သူ ဟယ်လိုကတည်းက ဒါ မော်လ်တာကာနိုပဲဆိုတာ ကျွန်တော်တန်းသိလိုက်တယ်။

“ဟုတ်ကဲ့။ ကျွန်တော် တိုရုပါပဲ”

“ကျွန်မက မော်လ်တာကာနိုပါရှင်။ ရှင် ကျွန်မနဲ့ လာတွေ့ဖူးတယ်လေ။ မှတ်မိတယ် မဟုတ်လား။ ဒီနေ့လည်ရော ရှင်အားလားမသိဘူး”

ဘာမအားစရာ အကြောင်းရှိလဲ။ ကျွန်တော့်မှာ ဘာမှ လုပ်စရာမှ မ ရှိဘဲ။

“ရှင်အားတယ်ဆိုရင် နေ့လည်တစ်နာရီမှာ ကျွန်မညီမ ခရီတာကာနိ က ရှင်နဲ့ လာတွေ့ပါလိမ့်မယ်”

“ခရီတာ ကာနို ...ဟုတ်လားဗျာ”

“ဟုတ်ကဲ့။ ဟိုတစ်နေ့က သူ့ဓာတ်ပုံ ရှင့်ကိုပြထားဖူးတယ်လေ”

“ဟုတ်ကဲ့။ ကျွန်တော် မှတ်မိပါတယ်။ ဘာကိစ္စ ...”

“သူနာမည်က ခရီတာကာနိုပဲရှင့်။ ကျွန်မရဲ့ ကိုယ်စားလှယ်အနေနဲ့ ရှင့်ကို သူလာတွေ့လိမ့်မယ်။ နေ့လည်တစ်နာရီဆို ဖြစ်မလားရှင့်”

“ဟုတ်ပြီလေ။ ဖြစ်ပါတယ်ဗျာ”

“ကောင်းပါပြီ။ ဒါဆို သူလာပါလိမ့်မယ်နော်“

ဖုန်းချသွားပြီ။ ခရီတာကာနိတဲ့ ။ အိမ်ကိုလာမယ်တဲ့ ။ ဘာမှန်းမသိ ပေမယ့် ဧည့်သည် လာမယ်ဆိုတော့ ကြည့်ပျော်ရွှင်ဖြစ်အောင် သန့်ရှင်းရေး လုပ်ရတော့တာပေါ့။ သတင်းစာအဟောင်းတွေကို ဘီရိုလွတ်ထဲ ထိုးထည့်။ ကက်ဆက်တိတ်ခွေတွေကို နေရာတကျပြန်စီ။ မီးဖိုခန်းကို ဆေးကြော။ ပြီးတော့ ရေချိုး၊ ခေါင်းလျှော်၊ အဝတ်အစား သန့်သန့်ပြန့်ပြန့်ဝတ်။ ကော်ဖီမွှေးမွှေးတစ်ခွက်ဖျော်။ ဝက်ပေါင်ခြောက် ဆန်းဒဝစ်ချိန်နဲ့ ကြက်ဥပြုတ်နဲ့ နေ့လည်စာစား။ ဆိုဖာပေါ်ထိုင်၊ အိမ်တွင်းမှုဂျာနယ်ဆိုတာကို ဟိုလှန်ဒီလှန်လှန်ရင်း ညစာ ဘာချက်ရ ကောင်းမလည်း ဦးနှောက်စား။ ရေညှိထမင်းလိပ်နဲ့ တို့ ဖူးသုပ်ဖို့ ဆုံးဖြတ်။ ဝယ်ရမယ့်ဟာ တွေချရေး၊ ရေဒီယိုဖွင့်၊ မိုက်ကယ်ဂျက်ဆင်ဆိုနေတဲ့ ဘီလီဂျင်းသီချင်းကို နားထောင်ရင်း မော်လ်တာကာနိနဲ့ ခရီတာကာနိဆို

တဲ့ ညီအစ်မနှစ်ယောက်အကြောင်း စဉ်းစား။ လိုက်လဲလိုက်တဲ့ ညီအစ်မ မော်လ်တာ ကာနိုနဲ့ ခရီတာကာနိုတဲ့ ။ လူပြက်တွေ ကျနေတာပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့် ဘဝမှာ အထူးအဆန်းတွေနဲ့ ဆက်တိုက်ဆုံတွေ့ပြီး တစ်မျိုးဖြစ်လာတယ်ဆိုတာတော့ သေချာတယ်။ တစ်သက်လုံး အိမ်မှာ နေတဲ့ ကြောင်က ရုတ်တရက်ပျောက်သွားတယ်။ တစ်ခါမှ မတွေ့ဘူးတဲ့ မိန်းမတစ်ယောက်ဆီက ဖုန်းတွေလာတယ်။ လမ်းကြားထဲမှာ ခပ်ကြောင်ကြောင် ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်။ ဘယ်သူမှ လူမထင်တဲ့ နိဘိုရုဝတရာက ကာနိုကို မုဒိမ်းကျင့်တယ်။ ပျောက်နေတဲ့ နက်ခ်တိုင် ပြန်တွေ့မယ်လို့ မော်လ်တာကာနိုက ဟောကိန်းထုတ်တယ်။ အလုပ်မလုပ်နဲ့ ဦးလို့ ကူမီကိုကပြောတယ်။

ရေဒီယိုကို ပိတ်ပြီး အိမ်တွင်းမှူ ဂျာနယ်ကို စာအုပ်စင်ပေါ် ပြန်တင်လိုက်တယ်။ စိတ်ထဲက ဆာတာတာ ရှိနေသေးတာနဲ့ ကော်ဖီ နောက်တစ်ခွက်ထပ်သောက်လိုက်တယ်။

* * *

နေ့လည် တစ်နာရီတိတိမှာ အိမ်ရှေ့တံခါးက ခေါင်းလောင်းသံကြားရတယ်။ ဒါ ကာနိုပဲ။ သူက ဓာတ်ပုံထဲကအတိုင်းပဲ။ အသက်နှစ်ဆယ်ကျော်၊ အစိတ်လောက်၊ သေးသေးသွယ်သွယ်၊ ငြိမ်ငြိမ်ကုပ်ကုပ် ကောင်မလေးတစ်ယောက်ပဲ။ သူကြည့်ရတာ ၁၉၆၀ ကျော်လောက်က ခေတ်စားခဲ့တဲ့ ဖက်ရှင်ဒီဇိုင်းကို ရိုးရာမပျက်ထိန်းသိမ်းပါ့မယ်လို့ ကတိသစ္စာပြုထားသလိုပဲ။ ဆံပင်က အုပ်လုံးသိမ်း၊ မျက်ခုံးမွေးက တစ်ကြောင်းဆွဲ၊ မျက်လုံးက မက်စ်ကာရာတွေခြယ်လို့ ၊ နှုတ်ခမ်းနီကလည်း ရဲရဲကိုတောက်လို့ ။ ခုနေများ မိုက်ခရိုဖုန်း လက်ထဲထည့်ပေးလို

က်ရင် ကျော်နီအိန်ဂျယ်သီချင်းများ ထဆိုဦးမလားမသိဘူး။ အဝတ်အစား ကတော့ ရိုးရိုးပဲ။ အဖြူရောင်ဘလောက်စ်၊ အစိမ်းရောင်စကတ်ကျပ်ကျပ်နဲ့ ။ အဖြူရောင် သားရေအိတ်ကို ချိုင်းကြားညှပ်လို့ ။ အဖြူရောင် ခွာမြင့်ထိပ်ချွန်ဖိနပ်ကလေး စီးလို့ ။ သူဖိနပ်က သေးသေးလေး။ အရပ်ဖိနပ်ကလေး ကျနေတာပဲ။ ဒီလောက်သေးပြီး ခဲတံလောက်ကို ချွန်တဲ့ ခွာနဲ့ ဖိနပ်ကို ရအောင်စီးနိုင်လို့ သူ့ကိုဂုဏ်ပြုဖို့ တောင်ကောင်းတယ်။

ဆိုတော့ ဒီအမျိုးသမီးဟာ ကာနိုပေါ့။ သူ့ကို ကျွန်တော် ခရီးဦးကြိုပြုတယ်။ ဆိုဖာပေါ် ထိုင်ခိုင်းတယ်။ ကော်ဖီတိုက်တယ်။ နွေလည်စာစားပြီးပြီလားမေးကြည့်တယ်။ သူကြည့်ရတာ ဆာနေသလိုပဲ။ ထင်တဲ့အတိုင်းပဲ မစားရသေးဘူးတဲ့ ။ မဟုတ်ဘူး ။ မစားဘူးတဲ့ ဗျ။

“ကျွန်မက နွေလည်ဆို ဘာမှ မစားဘူးရှင့်” တဲ့ ။

“ဖြစ်ရဲ့ လားဗျာ။ ဆန်းဒဝစ် တစ်ခုလောက်စားလိုက်ပါလား။ ဘာမှ မကြာပါဘူး။ ကျွန်တော် သွားလုပ်လိုက်မယ်လေ”

ကာနိုက ခေါင်းခါတယ်။

“နေပါစေရှင်၊ ကျေးဇူးတင်ပါတယ်၊ ကော်ဖီတစ်ခွက်ဆိုရပါပြီ”

မဖြစ်သေးပါဘူး။ ဒါနဲ့ ကွတ်ကီးတွေ ပန်းကန်ပြားထဲ ထည့်ယူလာလိုက်တယ်။ ကျွန်တော် နှစ်ခုစားပြီးတဲ့ အချိန်မှာ သူ လေးခုကုန်သွားပြီ။ ကွတ်ကီးနဲ့ ကော်ဖီ ဗိုက်ထဲရောက်သွားတော့ သူကြည့်ရတာ အတော်သက်တောင့်သက်သာ ရှိသွားပုံပဲ။ သူစကားစပြောတယ်။

“ကျွန်မ အစ်မ မော်လ်တာကာနိုရဲ့ ကိုယ်စားလှယ်အဖြစ် ကျွန်မ ဒီကိုလာတယ် ဆိုတာတော့ ရှင်သိပြီးသားဖြစ်မှာ ပါ။ ကာနိုဆိုတာ ကျွန်မနာမည်ရင်း မဟုတ်ပါဘူး။ ကျွန်မနာမည်က ဆက်ဆူကိုပါ။ အလုပ်နာမ

ည် ယူထားတာဆိုပါတော့။ ကာနိုဆိုတာ ခရီတီကျွန်းက ရွေးဟောင်းနာမည် တစ်ခုတဲ့ ။ အဲဒီကျွန်းကို ကျွန်မ မရောက်ဖူးပါဘူး။ အစ်မက ပေးထားတာလေ။ ရှင်ရော ခရီတီကျွန်းကို ရောက်ဖူးလား မစ္စတာအိုကာဒါ”

ဘယ်နယ့် ရောက်ဖူးရမတုန်း။ ကြားတောင် မကြားဖူးဘူး။ ရောက်လည်း မရောက်ဖူးဘူး။ နောင်လည်း သွားဖို့ အစီအစဉ်မရှိဘူးလို့ ဖြေလိုက်တယ်။

ကာနိုက ခေါင်းညိတ်လိုက်ပြီး ဆက်ပြောတယ်။

“ကျွန်မကတော့ တစ်နေ့နေ့တစ်ချိန်ချိန် အဲဒီကို ရောက်အောင်ကိုသွားဦးမယ်။ ခရီတီဆိုတာ အာဖရိကနဲ့ ကပ်နေတဲ့ ဂရိပိုင်ကျွန်းတစ်ကျွန်းလေ။ ရွေးဟောင်းယဉ်ကျေးမှု လက်ရာတွေ အတော်များများ ရှိတယ်လို့ အစ်မ မော်လ်တာက ပြောဖူးတယ်။ သူ အဲဒီကို ရောက်ဖူးတယ်လေ။ လေတဟူးဟူးတိုက်ပြီး ကျွန်းပေါ်က ပျားရည်ဟာ အင်မတန် အရသာရှိတယ်ဆိုပဲ။ ကျွန်မက ပျားရည် ကြိုက်တယ်လေ”

ကြိုက်ပေါ့။ ကျွန်တော်ကတော့ ပျားရည်နည်းနည်းမှ မကြိုက်ဘူး။

“ဒီနေ့ ကျွန်မ ရှင်တို့ အိမ်က ရေနည်းနည်း ယူသွားပါရစေ”

“ရေ ယူသွားမယ်။ ဘယ်ကရေကို ယူမှာ လဲ။ ဘုံဘိုင်ကရေလား”

“ဘုံဘိုင်ကရေလည်း ယူမယ်။ အနားမှာ ရေတွင်းတွေ ဘာတွေရှိလား။ ရှိရင် အဲဒီက ရေလည်း ယူမယ်”

ဟိုအိမ်လွတ်ထဲက ရေတွင်းပျက်ကြီးကို ဖျတ်ခနဲ သတိရလာတယ်။

“အိမ်မှာ တော့ ရေတွင်းမရှိဘူး။ ဒီအနီးအနားမှာ တော့ ရေတွင်းတစ်ခုရှိတယ်။ ဒါပေမယ့် ခြောက်နေပြီ။ ရေမရှိတော့ဘူး”

ခရီတာ ကာနိုဟာ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ သူ့အကြည့်က တစ်မျိုးကြီးပဲ။

“အဲဒီရေတွင်းထဲမှာ ရေတစ်စက်မှ မရှိဘူးဆိုတာ သေချာလား“

ရေတွင်းပျက်ကြီးထဲကို ဟိုကောင်မလေး မေ ခဲလုံး ပစ်ချလိုက်တာ သတိရတယ်။

“သေချာပါတယ်။ ရေတွင်းက လုံးဝ ရေမရှိဘူး”

“ဩော် ... ဟုတ်ပြီလေ။ ဒါဆိုလည်း ဘုံဘိုင်ကရေကိုပဲ ယူသွားပါမယ်ရှင်”

မီးဖိုခန်းထဲ သူ့ကို လိုက်ပြလိုက်တယ်။ အဖြူရောင် သားရေအိတ်ထဲက ဆေးပုလင်းလွတ် သေးသေးလေးနှစ်လုံးကို သူထုတ်တယ်။ ပုလင်းတစ်လုံးထဲ ရေဖြည့်တယ်။ အဖုံးကို သေချာပြန်ပိတ်တယ်။ ရေချိုးခန်းထဲက ရေကို လိုချင်ပြန်သတဲ့ ။ ကဲ ... လိုက်ပြလိုက်တယ်။ ရေချိုးခန်းထဲမှာ ကူမီကို့ အတွင်းခံတွေ လှမ်းထားတာ အများကြီးပဲ။ မတတ်နိုင်ဘူး။ ဒီထဲက ရေမှ လိုချင်လှချည်ရဲ့ ဆိုသကိုး။ ရေချိုးခန်းက ရေပိုက်ကိုသူဖွင့်တယ်။ နောက်ပုလင်းတစ်လုံးထဲ ရေဖြည့်တယ်။ အဖုံးပြန်ပိတ်တယ်။ အမယ် ... ပုလင်းအဖုံး အရောင်တွေက မတူဘူးဟ။ မီးဖိုခန်းထဲက ရေကို အဖုံး အစိမ်းနဲ့ ပုလင်းထဲထည့်ပြီး ရေချိုးခန်းထဲကရေကို အဖုံးအပြာနဲ့ ပုလင်းထဲထည့်ထားတယ်။

ဧည့်ခန်းထဲပြန်ရောက်တော့ ကာနိုဟာ ရေပုလင်းနှစ်လုံးကို ဇစ်ပိတ်လို့ ရတဲ့ ပလတ်စတစ်အိတ်ထဲကို အသေအချာထည့်ပိတ်ပြီး သားရေအိတ်ထဲ စနစ်တကျ ထည့်နေတယ်။ ပြီးမှ သားရေ အိတ်ကိုထောက်ကနဲမြည်အောင် ဘုသီးလေးနှိပ်ပြီး ပိတ်လိုက်တယ်။ ကြည့်ရတာ သူဒီအလုပ်လုပ်နေတာ အတော်ကြာပြီထင်တယ်။ သူ့လူပ်ရှားမှုတွေက စနစ်ကျပြီး

ကျွမ်းကျင်လွန်းလှတယ်။

“ကျေးဇူးအထူးတင်ပါတယ်ရှင့်”

“သြော် ... ဟုတ်ကဲ့။ လုပ်စရာ ပြီးသွားပြီလား“

“အင်း ... ဒီနေ့အဖို့ ကတော့ ဒီလောက်ပါပဲရှင်”

ခရီတာကာနိုက ပြန်ဖို့ စိုင်းပြင်းနေတယ်။

“ခဏလေး နေပါဦးဗျာ”

ကျွန်တော် ကမန်းကတန်း ပြောလိုက်တယ်။ စိတ်ထဲမှာ လည်း နည်း နည်းရှုပ်နေတယ်။ ခုပဲလာ ဘာမှ မပြောဘဲ ရေယူပြီးပြန်မယ်တဲ့ ၊ ဘာမှ နှင်းလဲမသိဘူး။

“ကျွန်တော့်အမျိုးသမီးက ကျွန်တော်တို့ ကြောင် ဘာဖြစ်သွားလဲဆိုတာ အရမ်းသိချင်နေပါတယ်။ ခုဆို ပျောက်နေတာ နှစ်ပတ်တောင် ရှိပြီလေ။ အဲဒါ ခင်ဗျား တစ်ခုခုများ သိထားတာရှိရင် ကျွန်တော်တို့ ကို ပြောပြပါဦးဗျာ”

ပြန်တော့မလိုလုပ်နေတဲ့ ခရီတာကာနိုဟာ သားရေအိတ် ချိုင်းကြားညှပ်ထားရင်း ကျွန်တော့်ကို ငုံ့ကြည့်တယ်။ ပြီးတော့မှ ခေါင်းတဆတ်ဆတ်ညိတ်တယ်။ သူခေါင်းလှုပ်တော့ သူ့ရဲ့ ၁၉၆၀ ဖက်ရှင် ဆံပင်စလေးတွေလည်း တလှုပ်လှုပ်နဲ့ ပေါ့။ သူမျက်တောင်ခတ်တိုင်း သူမျက်တောင်တုတွေလှုပ်နေပုံကလည်း ရှေးဟောင်းအီဂျစ်ရုပ်ရှင်ကားတွေထဲမှာ ဧရာမယပ်ကြီးတွေကို ကျွန်တွေ လွှဲပေး ယပ်ပေးနေရတဲ့ အတိုင်းပဲ။

“အမှန်အတိုင်းပြောရရင် အစ်မက ရှင်တို့ ဇာတ်လမ်းဟာ ထင်တာထက်ရှည်လိမ့်မယ်လို့ ပြောတယ်ရှင့်”

“ဘယ်လို ထင်တာထက် ရှည်လိမ့်မယ်ဟုတ်လား” ထင်တာထက် ပို ရှည်မယ့် ဇာတ်လမ်းတဲ့ ။ မျက်စိထဲမှာ မျှော်မဆုံးတဲ့ သဲကန္တာရထဲမှာ ဆောက်ထားတဲ့ မျှော်စင်အမြင့်ကြီး တစ်ခုကို မြင်လာတယ်။ နေစောင်းလေ၊ သူ့အရိပ်က ရှည်လေ၊ နောက်ဆုံး မျက်စိနဲ့ လှမ်းကြည့်လို့ မမြင်နိုင်လောက်အောင်ရှည်တဲ့ လံဘာ ကျောက်တံတား အရိပ်ကြီးဖြစ်သွားတာ မျိုးများ ဖြစ်နေဦးမှာ လား။

ခရီတာကာနိုက ဆက်ပြောတယ်။

“အင်း ... အစ်မက အဲသလိုပြောတယ်။ ရှင်တို့ ဇာတ်လမ်းဟာ ကြောင်ပျောက်တာ သက်သက် မဟုတ်ဘူး တဲ့ ။ ဒီထက် အများကြီးပိုတယ်တဲ့ ”

“ဒုက္ခပါပဲဗျာ။ ကျွန်တော်တို့ က ကြောင်ပျောက်လို့ ခင်ဗျားတို့ အကူအညီကို တောင်းမိတာပါ။ သေရင်လည်း သေပြီ။ ရှင်ရင်လည်း ရှင်သေးတယ်။ ဒါလေးပဲ သိချင်တာပါ။ ဘယ်နယ့် ကြောင်ပျောက်ရုံမက တခြား ဇာတ်လမ်းတွေဖြစ်ဦးမယ်ဆိုတာ ဘာလဲဗျာ။ ကျွန်တော် နားမလည်နိုင်ဘူး”

“ကျွန်မလည်း သေချာတော့ နားမလည်ပါဘူးရှင်။ ဒါပေမယ့် အစ်မကို ယုံကြည်ပါနော်။ သူအရာရာသိတယ်လို့ ကျွန်မ မပြောပါဘူး။ ဒါပေမယ့် သူက ဇာတ်လမ်းရှည်ဦးမယ်လို့ ပြောရင် ကျိန်းသေပေါက် ဇာတ်လမ်းရှည်မှာ မို့လို့ ပဲရှင့်”

ကျွန်တော် ဘာမှ ထပ်မမေးနိုင်တော့ပါဘူး။ ဘာမှ လည်း ပြောချင်စိတ်မရှိတော့ဘူး။ ခေါင်းပဲညိတ်ပြလိုက်မိတယ်။ အဲဒီအချိန်မှာ ခရီတာကာနိုရဲ့ အမူအရာတွေ မျက်နှာပေးတွေဟာ လုံးဝဥဿုံကို ပြောင်းလဲသွားခဲ့တယ်။ သူက ကျွန်တော့် မျက်လုံးတွေကို စေ့စေ့

ကြည့်ပြီး ...

“ရှင့်မှာ ဒီနေ့လည် တစ်ခြား ဘာလုပ်စရာရှိသေးလဲ မစ္စတာအိုကာဒါ” လို့ မေးနေတယ်။

မရှိပါဘူး။ ဘာဆိုဘာမှ မရှိပါဘူးခင်ဗျာ။

“ဒါဆို ကျွန်မ ရှင့်ကို စကားနည်းနည်းလောက် ဆက်ပြောပါရစေ။ ကျွန်မ အကြောင်းပါပဲ”

ခရီတာကာနိုဟာ သားရေအိတ်ကို ပြန်ချ။ ဆိုဖာပေါ်မှာ အကျအန ခြေထောက် နှစ်ဖက်ချိတ်ပြီး ပြန်ထိုင်လိုက်တယ်။ သူ့လက်သည်းတွေက ပန်းနုရောင်လေး ဆိုးထားတယ်။ လက်မှာ တော့ ဘာလက်စွပ်မှ ဝတ်မထားဘူး။

“ဟုတ်ကဲ့ပါ။ ပြောပါခင်ဗျာ”

ကျွန်တော် ဘယ်လိုလုပ်ငြင်းနိုင်ပါတော့မလဲ။ တကယ်တော့ ခရီတာကာနို အိမ်တံခါးလာ ခေါက်တဲ့ အချိန်ကစလို့ ကျွန်တော့် ဘဝရေစီးကြောင်းဟာ ကျွန်တော်မသိတဲ့ နေရာတစ်ခုကို ကျွန်တော့်ကို ဆွဲခေါ်သွားခဲ့ပြီးပါရောလား။

* * *